အမရပူရမြို့

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

# ဗုဒ္ဓဘာသာလက်စွဲ

## ပထမတွဲ

[ဒုတိယတွဲလည်း ပါသည်။]



နယူးဘားမားအော့ပ်ဆက်ပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | --- | (၁၅/၉၇) (၇) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | --- | (၁၂/၉၇) (၇) |
| ပုံနှိပ်မှတ်တမ်း | --- | ၁၉၉၇-ခု ( ဒုတိယအကြိမ်) |
| ကြီးကြပ်စီစဉ်သူ | --- | မောင်တင်မြင့် (မဟာဂန္ဓာရုံ-ကပ္ပိယကာရက) |
| ထုတ်ဝေသူ | --- | ဦးမောင်မောင် (၀၃၂၇၁) မဟာဂန္ဓာရုံစာပေ၊ အမရပူရမြို့ |
| အတွင်းစာသားပုံနှိပ်သူ နှင့် မျက်နှာဖုံးပုံနှိပ်သူ | --- | ဦးခင်မောင်စိုး (၀၄၅၄၇) ရွှေမြိုင်ပုံနှိပ်တိုက် ၁၂၀/၃၀-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၈၄၉၃၈ |
| စောင်ရေ | --- | ၁၅၀၀ |
| တန်ဖိုး | --- | |

**ဖြန့်ချိရေး**

မဟာဂန္ဓာရုံကျောင်းတိုက်ဇရပ်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။
၁၂၈-ပ၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်း။

# အခြေခံနိဒါန်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရတို့သည် ဗလငါးတန်ကို သန့်စွမ်းဖွင့်ဖြိုး တိုးတက်အောင် အားထုတ်ရာ၌ တိုင်းပြည်နှင့် လျော်ကန်သော စာရိတ္တဗလအခြေခံကို ရှာကြံ စဉ်းစားကြသည့်အခါ ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတော်များသာလျှင် အသင့်လျော်ဆုံးဟု သဘောရကြသည်ဖြစ်သောကြောင့် ဩဝါဒစရိယ ဆရာတော်လေးပါးကို ဦးထိပ်ထား၍ လွှတ်တော်ချုပ် တရားဝန်ကြီး **ဦးသိန်းမောင်ကို** ဥက္ကဋ္ဌတင်လျက် ဗုဒ္ဓဘာသာသင်ခန်းစာ စီစဉ်ရေးအဖွဲ့ကို **ဖွဲ့စည်းခဲ့ကြလေသည်။**

ဩဝါဒါစရိယ ဆရာတော်များနှင့် အဖွဲ့ဝင်ဒါယကာတို့သည် အတန်းအလိုက် ကျမ်းစာများကို ပိုင်းခြားသတ်မှတ်ပြီးနောက် ဘုန်းကြီးအား **သူငယ်တန်းမှ စတုတ္ထတန်းအထိ မူလတန်းကျမ်းစာများကို** ရေးသားစီစဉ်ရန် တာဝန် လွှဲအပ်ကြလေသည်၊ ထိုသို့ လွှဲအပ်သည်အားလျော်စွာ ထက်သန်သောစေတနာဖြင့် စီစဉ်ရေးသားကြောင်းကို ရေးသားပုံ အစီအစဉ်ကပင် သက်သေပြလျက် ရှိပါလိမ့်မည်၊ သင်ပြပို့ချမည့်ဆရာတို့လည်း အသက်မွေးဝမ်းကြောင်း

အလုပ်ဟုသာ သဘောမထားဘဲ **"အနာဂတ်ကာလ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ စာရိတ္တဗလ ပြည့်ဝစုံလင်သော သားကောင်း သမီးကောင်းများ ထွန်းကားစေရမည်"** ဟူသော သမ္မာဆန္ဒဖြင့် မိမိတို့အတွက် ပညာပါရမီလည်း တစ်ပါတည်း ရစေလျက် နှစ်သက်ကြည်နူးစွာ သင်ပြပို့ချကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

[သူငယ်တန်းမှာ ကလေးများ လုံးဝ စာမဖတ်တတ်သေးပါ၊ ပထမတန်း၌ကား အနည်းငယ် ဖတ်တတ်မည်ဖြစ်သော်လည်း များစွာသော ကလေးများသည် အဖွဲ့ဝင်များ သတ်မှတ်ထားသော ဖတ်စာကို နားလည်အောင် ဖတ်တတ်ဦးမည် မထင်၊ ထို့ကြောင့် ထိုနှစ်တန်းအတွက် ဆရာများသည် ပုံဝတ္ထုများနှင့် သက်ဆိုင်သော ကိုယ်ကျင့်တရားများကို အထူးစိတ်ရှည်စွာ ပြောပြနိုင်မှသာ ရည်ရွယ်ချက်အထ မြောက်နိုင်ပါလိမ့်မည်။]

**၁၃၁၂ ခုနှစ်၊ တပို့တွဲလ။** } **အရှင်ဇနကာဘိဝံသ**

## အရှင်ဇနကာဘိဝံသ ၏ တစ်ဘဝသံသရာ ဖြစ်စဉ်အကျဉ်းချုပ်

++++++++++++

- **အရှင်ဇနကာဘိဝံသ** ဆရာတော်လောင်းသူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ **ဦးဇောတိ–ဒေါ်အုန်းလှိုင်**တို့မှ **၁၂၆၁**–ခုနှစ်၊ တပို့တွဲလပြည့်ကျော် (**၁၄**) ရက် (**၁၉၀၀**–ပြည့်၊ ဖေဖော်ဝါရီလ (**၂၇**)ရက်) အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။
- **၁၂၆၆**–ခုနှစ်၌ (ပထမအကြိမ်) ရှင်သာမဏေ ပြုတော်မူသည်။
- **၁၂၇၅**–ခုနှစ်၌ (ဒုတိယအကြိမ်) ရှင်သာမဏေ ပြုတော်မူသည်။
- **၁၂၇၉**–ခုနှစ် သက်တော် **၁၈**–နှစ် အရွယ်တွင် ပထမကြီးတန်း စာမေးပွဲကို အောင်မြင်တော်မူသည်။
- **၁၂၈၀**–ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပထမအကြိမ်, **၁၂၈၁**–ခုနှစ် နယုန်လပြည့်နေ့၌ (ဒုတိယအကြိမ်), **၁၂၈၁**–ခုနှစ် တပေါင်းလပြည့်နေ့၌ (တတိယအကြိမ်) ရဟန်းအဖြစ်ကို ခံယူတော်မူသည်။

၁၂၈၃–ခုနှစ် ကဆုန်လဆန်း (၁) ရက်နေ့၌ ပခုက္ကူဆရာတော်ကြီးများ၏ **"ပခုက္ကူစာချ"** အဖြစ် တင်မြှောက်မှုကို ခံယူတော်မူရသည်။

၇။ ၁၂၈၇ (၁၉၂၆) ခုနှစ်၌ **"ပဌမကျော်"** အောင်မြင်တော်မူသည်

၈။ ၁၂၈၉-ခုနှစ်၌ သကျသီဟခေါ် **"ပရိယတ္တိသာသနဟိတ မ္မောစရိယ"**ဘွဲ့ ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခုနှစ်၊ ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်မျ
မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်
အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် နေရာသို့ ပြောင်းရွေ
သီတင်းသုံးတော်မူသည်၊ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတေ
ငါးပါးမျှသာရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော် ငါး
ကျော်မျှ သီတင်းသုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေး ရရှိပြီးနောက်) ၁၃၁၂-ခုနှစ် ပြည်ထောင်
မြန်မာနိုင်ငံတော် အစိုးရ၏ (ရှေးဦးစွာ) **"အဂ္ဂမဟာပဏ္ဍိတ**
ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူတော်မူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌ သင်ကြား
**မူလတန်းဗုဒ္ဓဘာသာလက်စွဲ**ခေါ် သင်ခန်းစာများကို ရေးသ
တော်မူခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌(က) ဆဋ္ဌသံဂီတိဩဝါဒါစရိယသံဃနာယ

(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက,

(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက,

(ဃ) ဆဋ္ဌသံဂီတိဩသာနသောဓေယျပတ္တ
ပါဠကအဖြစ် တင်မြှောက်ခြင်းကို ခံ
တော်မူရသည်။



၁၃။ ၁၃၃၃-ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပအပ်သော ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်)အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ ၁၂၉၁-ခုနှစ်၊ သက်တော်(၃၀)မှစ၍ ကျမ်းစာများကို စတင် ပြုစုတော်မူခဲ့ရာ ၁၃၃၉-ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက် (၂၁-၁၂-၇၇) သောကြာနေ့ ပျံလွန်တော်မမူမီ (၅)ရက်အထိ ကျမ်းစာပေါင်းများစွာကို ရေးသားပြုစုတော် မူခဲ့ပါသည်။

၁၅။ ၁၃၃၉-ခုနှစ်၊ သက်တော် (၇၈) နှစ်အရောက် နတ်တော် လပြည့်ကျော် ( ၂ )ရက် [၂၇-၁၂-၇၇]အင်္ဂါနေ့ ညနေ (၄း၃၀) နာရီတွင် တစ်ဘဝအတွက် ငြိမ်းတော်မူသည်။

# သူငယ်တန်း

## ခေါင်းစဉ်–မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဩကာသစသော ရတနာသုံးပါး ကန်တော့နှင့် ဆုတောင်းခန်း …… …… | ၁ |
| နမော တဿ စသော ဘုရားရှိခိုး …… …… | ၂ |
| သရဏဂုံ ဆောက်တည်ခန်း …… …… | ၂ |
| ကန်တော့ခန်း အဓိပ္ပာယ် …… …… | ၃ |
| နမော တဿ အနက်နှင့်မြန်မာပြန် …… …… | ၄ |
| မြတ်စွာဘုရား အကြောင်း …… …… | ၅ |
| မြွေရိုက်နေသော ကလေးများအား တရားဟောပုံ …… | ၈ |
| ရန်ဖြေတရားတော် …… …… | ၁၂ |
| ဒီဃာဝု မင်းသားအကြောင်း …… …… | ၁၄ |
| တစ်ကြိမ်ရှိခိုး၍ အကျိုးရသော အမျိုးသားအကြောင်း …… | ၁၉ |
| ရှိခိုးဝပ်ချနည်း …… …… | ၂၁ |





| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သရဏဂုံနှင့်စပ်၍ ဆရာကပြောပြရန် …… …… | ၂၅ |
| သရဏဂုံပါဠိ၏အနက်နှင့် မြန်မာပြန် …… …… | ၂၈ |
| ထင်းလှည်းသမား၏ သားကလေးအကြောင်း …… | ၃၁ |
| လေ့ကျင့်ခန်းမေးခွန်းများ …… …… | ၃၅ |
| ဗုဒ္ဓဘာသာလက်စွဲအဖွင့် ဆရာများအား ညွှန်ပြချက် …… | ၃၇ |


### ပထမတန်း ခေါင်းစဉ်မာတိကာ


| | |
|---|---|
| ငါးပါးသီလ …… …… | ၄၅ |
| ဆွမ်း, ရေ, ပန်း, ဆီမီးကပ် …… …… | ၄၆ |
| တပည့်ဝတ်, သားသမီးဝတ် …… …… | ၄၇ |
| ငါးပါးသီလ အနက်နှင့်မြန်မာပြန် …… …… | ၄၈ |
| သရဏဂုံတည်သော အမျိုးသားအကြောင်း …… | ၅၀ |
| ငါးပါးသီလလုံသော အမျိုးသားအကြောင်း …… | ၅၁ |
| အပါယ်လေးပါးအကြောင်း …… …… | ၅၃ |
| ကပ်သုံးပါးအကြောင်း …… …… | ၅၇ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ပါဏာတိပါတသိက္ခာပုဒ် အဓိပ္ပာယ် | ...... | ...... | ၅၈ |
| ငါးကို ညှင်းဆဲသောကလေးများအား တရားဟောပုံ | | ...... | ၆၀ |
| အဒိန္နာဒါနသိက္ခာပုဒ် အဓိပ္ပာယ် | ...... | ...... | ၆၂ |
| ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် အဓိပ္ပာယ် | ...... | ...... | ၆၃ |
| မုသာဝါဒသိက္ခာပုဒ် အဓိပ္ပာယ် | ...... | ...... | ၆၄ |
| သုရာမေရယသိက္ခာပုဒ် အဓိပ္ပာယ် | ...... | ...... | ၆၅ |
| ဘဝတိုင်း မကောင်းမှုလိုက်ပုံ | ...... | ...... | ၆၈ |
| စက္ခုပါလမထေရ်အကြောင်း | ...... | ...... | ၇၀ |
| မကောင်းတာကို ကောင်းတာနဲ့ နိုင်ခြင်း...... | | ...... | ၇၂ |
| ဆွမ်းတော်ကပ်လှူရသော အကျိုး | ...... | ...... | ၇၄ |
| ရေလှူရသော အကျိုး | ...... | ...... | ၇၇ |
| ပန်းလှူရသော အကျိုး | ...... | ...... | ၇၉ |
| မီးလှူရသော အကျိုး | ...... | ...... | ၈၂ |
| မဋ္ဌကုဏ္ဍလီအကြောင်း | ...... | ...... | ၈၅ |





| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| တပည့်ဝတ်ငါးပါး အဓိပ္ပာယ် | ...... | ...... | ၈၈ |
| သားသမီးဝတ်ငါးပါး အဓိပ္ပာယ် | ...... | ...... | ၉၁ |
| မိတ်ဆိုးပယ်ရှာ မိတ်ကောင်းရှာတရားတော် | | ...... | ၉၅ |
| ပထမတန်း၌ မှတ်ဖွယ်အချုပ် | ...... | ...... | ၉၆ |
| လေးကျင့်ခန်းမေးခွန်းများ | ...... | ...... | ၉၆ |
| ပထမတန်းအတွက် ညွှန်ပြချက် | ...... | ...... | ၁၀၀ |
| ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်ပါဠိ...... | | | ၁၁၁ |
| ဣဒံ မေ ပုညံ ဆုတောင်း | ...... | ...... | ၁၁၂ |
| ငါးပါးသီလ အပြစ်နှင့်အကျိုး | ...... | ...... | ၁၁၂ |
| ငါးပါးသီလ တောင်း | ...... | ...... | ၁၁၄ |
| ဘုရားဂုဏ်တော်ကိုးပါး မြန်မာပြန် | ...... | ...... | ၁၁၅ |
| တရားဂုဏ်တော်ခြောက်ပါး မြန်မာပြန်...... | | ...... | ၁၁၈ |
| သံဃာ့ဂုဏ်တော်ကိုးပါး မြန်မာပြန် | ...... | ...... | ၁၂၀ |
| ဣဒံ မေ ပုညံ ဆုတောင်းအနက် | ...... | ...... | ၁၂၄ |
| သီလတောင်း မြန်မာပြန် | ...... | ...... | ၁၂၅ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိအကြောင်း | ...... | ...... | ၁၂၇ |
| မိစ္ဆာဒိဋ္ဌိ အပြစ်ပြ တရားတော် | ...... | ...... | ၁၃၂ |
| သမ္မာဒိဋ္ဌိ အကျိုးပြ တရားတော် | ...... | ...... | ၁၃၂ |
| မတရားနှင့် တရားကျင့်မှု | ...... | ...... | ၁၃၃ |
| မတရားကျင့်မှုနှင့် တရားတို့၏ အပြစ်အကျိုးပြ တရားတော် | | ...... | ၁၃၄ |
| ဒုစရိုက် အပြစ်ပြ တရားတော် | ...... | ...... | ၁၃၆ |
| သုစရိုက် အကျိုးပြ တရားတော် | ...... | ...... | ၁၃၇ |
| ဒုစရိုက် သုစရိုက် စစ်တမ်း | ...... | ...... | ၁၃၉ |
| အကုသိုလ်ပယ်ရန် တိုက်တွန်းတရားတော် | | ...... | ၁၄၅ |
| ကုသိုလ်ပွားအောင် တိုက်တွန်းတရားတော် | | ...... | ၁၄၆ |
| သူယုတ်မာ သူတော်ကောင်းတို့၏ အခြေခံတရားတော် | | ...... | ၁၄၈ |
| မိဘကျေးဇူး တရားတော် | ...... | ...... | ၁၅၂ |
| မြဟ္မာနှင့်ဆရာ အလှူခံပုဂ္ဂိုလ် အမြဲရှိနေသောအိမ် | | ...... | ၁၅၅ |
| ဟိရီနှင့်ဩတ္တပ္ပအကြောင်း | ...... | ...... | ၁၆၀ |



| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| လူ့လောကကို ထိန်းထားသော တရားတော်နှစ်ပါး | | ...... | ၁၆၂ |
| ပြစ်မှားမိသော အပြစ်များ ဖြေပုံ | ...... | ...... | ၁၆၃ |
| အပြစ်ကို ဝန်မချသူနှင့် မကျေနပ်နိုင်သူ | ...... | ...... | ၁၆၆ |
| အပြစ်ကို ဝန်ချသူနှင့် ကျေနပ်သူ | ...... | ...... | ၁၆၇ |
| ငါးပါးသီလ ဖတ်စာ | ...... | ...... | ၁၆၈ |
| (က) ပါဏာတိပါတ အပြစ်နှင့်အကျိုး | | ...... | ၁၆၈ |
| (ခ) အဒိန္နာဒါန အပြစ်နှင့်အကျိုး | ...... | ၁၇၁ | |
| (ဂ) ကာမေသုမိစ္ဆာစာရ အပြစ်နှင့်အကျိုး | ...... | ၁၇၃ | |
| (ဃ) မုသာဝါဒ အပြစ်နှင့်အကျိုး | ...... | ၁၇၅ | |
| (င) သုရာမေရယ အပြစ်နှင့်အကျိုး | | ...... | ၁၇၇ |
| ဆုတောင်းအစီပွာယ် | ...... | ...... | ၁၇၉ |
| ဒုတိယတန်း၌ အချုပ်မှတ်ဖွယ် ကဗျာ...... | | ...... | ၁၈၁ |
| လေ့ကျင့်ခန်းမေးခွန်းများ | | ...... | ၁၈၂ |

ခေါင်းစဉ်မာတိကာ ပြီး၏။

# "ဗုဒ္ဓဘာသာလက်စွဲ"

## ပထမတွဲ

(အပိုင်း–၁)

သဗ္ဗပါပဿ အကရဏံ,

ကုသလဿူပသမ္ပဒါ,

သစိတ္တပရိယောဒါပနံ,

ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှုဟူသမျှကို မပြုလုပ်ခြင်း,

ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း,

မိမိစိတ်ကို ဖြူစင်စေခြင်း,

ဤ သုံးပါးသည် ဘုရားရှင်တို့၏

အဆုံးအမတော်တည်း။

# သူငယ်တန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

[ဆရာက နှုတ်တိုက် ချပေးရန်။]

**ရတနာသုံးပါး ကန်တော့ရန်နှင့်**

**ဆုတောင်းခန်း။**

**၁။** ။ဩကာသ ဩကာသ ဩကာသ,ကာယကံ ဝစီကံ မနောကံ ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော်, ထို အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ, ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင်, ဘုရားရတနာ တရားရတနာ သံဃာရတနာ ဤရတနာမြတ်သုံးပါး အပေါင်းကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

### ဘုရားရှိခိုးအကျဉ်း။

၂။ ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သရဏဂုံဆောက်တည်ခန်း။

၃။ ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ * ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

[သူငယ်တန်း အရကျက်ရန် ပြီး၏။]

---

* [**"ဓမ္မံ"**ကို **"ဓမ်မံ"**ဟု ပီပီရွတ်ပါစေ၊ **"ဓမံ"**ဟု မရွတ်ပါစေနှင့်။]



## ကလေးများအား ဆရာက ပြောပြရန်။
## ကန်တော့ခန်း အဓိပ္ပာယ်။

**ဩကာသ၊ ပေ၊ ကန်တော့ပါ၏ အရှင်ဘုရား။** ။ဘုရား တရား သံဃာ, ဤသုံးမျိုးကို ရတနာသုံးပါးလို့ ခေါ်တယ်၊ လောကမှာ ရွှေရတနာ ငွေရတနာ စိန်ရတနာများ အဖိုးတန်ကြသလို ဘုရားအစစ် တရားအစစ် သံဃာတော်အစစ်များလဲ အလွန် အဖိုးတန်ကြတယ်၊ ဒါ့ကြောင့် ဘုရား တရား သံဃာကို ရတနာသုံးပါးလို့ ခေါ်တယ်၊ **"ဩကာသ"**က စ၍**"ကန်တော့ပါ၏ အရှင်ဘုရား"**အထိ စကားများဟာ ထိုရတနာသုံးပါးကို ရှိခိုးကန်တော့တဲ့ စကားဖြစ်တယ်။

**ဤသို့ရှိခိုး၊ ပေ၊ ရပါလို၏ အရှင်ဘုရား။** ။**"ဤသို့ရှိခိုးပူဇော်"**က စ၍ **"ရပါလို၏ အရှင်ဘုရား"**တိုင်အောင် စကားမှာ ကန်တော့သူက မိမိလိုရာ ဆုကိုတောင်းသော စကားဖြစ်တယ်၊ **"ကန်တော့ရသော ကုသိုလ်ကြောင့် အပါယ်လေးပါးစသော ဒုက္ခတွေမှ ကင်းလွတ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရပါလို၏"**လို့ ဆုတောင်းတယ်။

[ဤကန်တော့ခန်း၏ အကျယ်အဓိပ္ပာယ်ကို အထက်တန်းကျမှ တဖြည်းဖြည်း ပြောပြပါ။]

## ဆရာက နှုတ်တိုက် ချပေးရန်။

### နမော တဿ အနက်။

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

**အရဟတော–ပူဇော်အထူးကို ခံတော်မူထိုက်ထသော၊** သမ္မာသမ္ဗုဒ္ဓဿ–မပေါက်မပြန် အမှန်ကိုယ်တိုင် အလုံးစုံကို သိတော်မူနိုင်ထသော၊ တဿ ဘဂဝတော–ထို မြတ်စွာဘုရား အား၊ နမော–လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား၊ [**"ပူဇော်အထူးကို ခံတော်မူထိုက်၍ သိဖွယ်ဟူသမျှကို အမှန်ကိုယ်တိုင် သိတော်မူနိုင်သော ထို မြတ်စွာဘုရားအား ရှိခိုးကန်တော့ပါ၏ဘုရား"**ဟု မြန်မာလို ဆို၍လည်း ရှိခိုးကန်တော့နိုင်သည်။]



## မြတ်စွာဘုရားအကြောင်း။

**အမျိုးနှင့် ရုပ်အဆင်း။** ။ကလေးများ ယခုလို လက်အုပ် မိုးပြီး ရှိခိုးရတဲ့ ဘုရားအကြောင်းကို ဆရာပြောပြမယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လောက်က အိန္ဒိယတိုင်းကြီး၏ မြောက်ပိုင်းမှာ ဟိမဝန္တာတောင်နှင့် တော်တော်နီးသော ကပိလဝတ်ပြည်ကြီးဆိုတာ ရှိတယ်၊ အဲဒီပြည်မှာ **"သုဒ္ဓေါဒန"**ခေါ်တဲ့ **မဟာရာဇာ (ရှင်ဘုရင်) အုပ်စိုးတယ်၊ မိဖုရားက မာယာဒေဝီ, ဂေါတမီလို့ နှစ်ပါးရှိတယ်၊ မိဖုရားကြီး မာယာဒေဝီက** ဖွားတဲ့ **သားတော်ကလေးတစ်ပါးဟာ အလွန်**လှတယ်၊ မျက်နှာတော်, **နှုတ်ခမ်းတော်, မျက်လုံးတော်က** စပြီး ယောကျာ်းထူး ယောကျာ်းမြတ်ဆိုတဲ့ အထိမ်းအမှတ်တွေ တစ်ကိုယ်လုံး စုံနေတာပဲ၊ နာမည်ကတော့ **"သိဒ္ဓတ္ထ"** မင်းသားလို့ ခေါ်တယ်။

**ထီးနန်းစံစဉ် ထိပ်လန့်ခန်း။** ။**သိဒ္ဓတ္ထ**မင်းသားကလေးကို ခမည်းတော် **သုဒ္ဓေါဒန**ဘုရင်က ချစ်လွန်းလို့ တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်တဲ့အခါ ရှင်ဘုရင်အရာကို ပေးတယ်၊ နှမတစ်ဝမ်းကွဲတော်တဲ့**"ယသော်ဓရာ"**

မင်းသမီးကို မိဖုရားအကြီးဆုံး အရာမှာ ထားပြီး ဆယ့်သုံးနှစ်လောက် ခံစားပြီးတဲ့အခါ အသက်နှစ်ဆဲ့ကိုးနှစ် ရှိသွားပြီ၊ ထိုအခါ ဥယျာဉ်တော်ထွက်ယင်း လူအိုကြီးကို မြင်ရတယ်၊ ဒီနောက် လူနာကြီးကို မြင်ရတယ်၊ ဒီနောက် လူသေကြီးကို မြင်ရတယ်၊ ဒီလို မြင်ရတဲ့အခါ ငါလဲ သူတို့လို အိုရ နာရ သေရဦးမှာပဲလို့ တွေးပြီး စိတ်ထဲမှာ လန့်နေရှာသတဲ့။

**တောထွက်ခန်း။** ။အဲဒီလို လန့်နေတုန်းမှာ အလွန်ကြည်ညိုစရာကောင်းသော ရသေ့တစ်ပါးကို တွေ့ရတော့ လန့်နေတာတွေပျောက်ပြီး စိတ်ကြည်လာတယ်၊ ဥယျာဉ်တော်မှာရှိတဲ့ ကန်တော်ကြီး အနားမှာထိုင်းပြီး **"ငါလဲ တရားကျင့်တဲ့ ရသေ့ ရဟန်းအလုပ်မှ တော်မှာပဲ"**လို့ ကြံစီနေတုန်း **"ယသော်ဓရာ မိဖုရားက သားတော်တစ်ပါးဖွားကြောင်း"** သံတော်ဦးတင်လာတော့ သားတော်ကလေးကို သိပ်ချစ် သွားသတဲ့၊ အဲဒီလို သိပ်ချစ်မှုဟာ အလောင်းတော်ကို တောမထွက်နိုင်အောင် ဖမ်းထားသလို ဖြစ်သွားတယ်၊ ဒါကြောင့် လမင်းကို ရာဟုခေါ်သောနတ်က ဖမ်းထားသလို ငါ့ကို ဖမ်းမည့်**"ရာဟု ဖြစ်ပေါ်လာပါပကော"**ဟု



နှုတ်က မြွက်တော်မူလိုက်တယ်၊ အဲဒီ အသံတော်ကြောင့် သားတော်ကို **"ရာဟုလာ"**လို့ ခေါ်ကြတယ်။

အဲဒီနောက် **"ဒီလိုသာ သားတော် သမီးတော်ဖွားတိုင်း အချစ်တွေများနေရင် ရသေ့ ရဟန်းလုပ်နိုင်တော့ မဟုတ်ဘူး, ယနေ့ညပဲ တောထဲသို့ ထွက်သွား၍ ရသေ့လုပ်မှပဲ"** ဟု စိတ်ကူးပြီး နန်းတော်သို့ (စံအိမ်တော်သို့) ပြန်သွားတယ်၊ နန်းတော်ရောက်ပြီးနောက် သန်းခေါင်လောက်အချိန်မှာ **"ဆန္န"**အမတ်ကို မြင်းတော်အယူခိုင်း၍ မြင်းစီးပြီး တော်ထဲ တိတ်တိတ် ထွက်သွားတယ်၊ တောထဲရောက်တော့ ရသေ့ ရဟန်းပြုပြီး တရားကျင်းတဲ့အခါ လောကကြီးထဲမှာ သိစရာတွေ အားလုံး သိတဲ့ဉာဏ်ကို ရလို့ **"ဗုဒ္ဓ ဗုဒ္ဓ"** မြန်မာလိုတော့ **"ဘုရား ဘုရား"**လို့ အများက ခေါ်ကြတယ်။

[အဲဒီ ဘုရားဟာလေ တောမထွက်လို့ရှိရင် ခုနစ်ရက်လောက်ကြာတဲ့အခါ စကြာရတနာရောက်လာမှာတဲ့၊ စကြာရတနာရရင်တော့ ကမ္ဘာကြီးတစ်ခုလုံးမှာ အုပ်စိုးနိုင်တဲ့ စကြာမင်းဖြစ်ရမှာ၊ ဒီလိုဖြစ်မယ်ဆိုတာ အသိသားနဲ့

ဘုရားဖြစ်အောင် တောထွက်လာခဲ့တာပဲ၊ ဘုရားဖြစ်တဲ့အခါမှာ အသက်တော် သုံးဆယ်ငါးနှစ်သာ ရှိသေးတယ်၊ **သုဒ္ဓေါဒနမင်း**တို့အနွယ်က **"ဂေါတမ"**အနွယ်ဖြစ်လို့ **"ဂေါတမ ဘုရား"**လို့ ထင်ရှားတော်မူတယ်။]

**တရားဟောတော်မူပုံ။** ။ဘုရားဖြစ်တော် မူပြီးနောက် အေးအေးသာသာ နေတော်မမူဘဲ လူတွေ နတ်တွေ ဗြဟ္မာတွေကို ချမ်းသာအောင် လူကောင်း နတ်ကောင်း ဗြဟ္မာကောင်းဖြစ်အောင် နေ့စဉ် တရားဟောတော်မူတယ်၊ ညဆိုရင် ခဏကလေးသာ အိပ်တော်မူတယ်၊ လူတော်ကို တရားဟောတဲ့အခါမှာလဲ တပည့်တို့လို ကလေးများနဲ့ တွေ့ရင် ကလေးနဲ့တန်အောင်ပဲ ဟောတော်မူတယ်၊ အောက်ပါတရားကို နားထောင်ကြစမ်း ဆရာဖတ်ပြမယ်။

**မြွေရိုက်နေသောကလေးများအား တရားဟောပုံ။**

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်တော်မှ ထွက်၍ သာဝတ္ထိ မြို့သို့ ဆွမ်းခံကြွတော်မူလေရာ, လမ်းခရီး အကြား၌ များစွာသော သတို့သားကလေးတို့ မြွေကြီးတစ်ကောင် ရိုက်နေကြသည်ကို မြင်တော်မူရလေသည်၊ ထိုအခါ ကလေးများ၏ အနားသို့



ကြွတော်မူ၍ **"ဘာပြုလို့ ရိုက်နေကြသလဲ"**ဟု မေးတော်မူလေသည်၊ **"ကိုက်မှာစိုးလို့ ရိုက်ကြပါတယ်"**ဟု ကလေးများက လျှောက်ကြလေရာ, မြတ်စွာဘုရားက အောက်ပါ တရားတော်ကို ဟောတော်မူသည်။

*** "သတ္တဝါ ဟူသမျှတို့သည် ချမ်းသာသုခကို အလိုရှိကြ၏၊ မိမိတစ်ယောက်ကောင်းကို ရှာလိုသည်ဖြစ်၍ သူတစ်ပါးကို တုတ်ဖြင့် ရိုက်နှက် ညှင်းဆဲ ဆင်းရဲအောင် လုပ်သူသည် နောင်ဘဝ၌ ချမ်းသာသုခကို မရနိုင်။"**

---

*သုခကာမာနိ ဘူတာနိ, ယော ဒဏ္ဍေန ဝိဟိံသတိ၊
အတ္တနော သုခမေသာနော,ပစ္စ သော န လဘတေ သုခံ။

သုခကာမာနိ ဘူတာနိ, ယော ဒဏ္ဍေန န ဟိံသတိ၊
အတ္တနော သုခ မေသာနော,ပစ္စ သော လဘတေ သုခံ။

(ဓမ္မပဒ, ဒဏ္ဍဝဂ္ဂ, သမ္ဗဟုလ ကုမာရကဝတ္ထု။)

**"သတ္တဝါ ဟူသမျှတို့သည် ချမ်းသာသုခကို အလိုရှိကြ၏၊ မိမိတစ်ယောက်ကောင်းကို ရှာလိုသည်ဖြစ်၍ သူတစ်ပါးကို တုတ်ဖြင့် မရိုက်နှက် မညှင်းဆဲ ဆင်းရဲအောင် မလုပ်သူသာ နောင်ဘဝ၌ ချမ်းသာသုခကို ရနိုင်သည်။"**

ဒီလို တရားတော်ကို ဟောလိုက်လျှင် နဂိုက မိကောင်းဖခင်သားကလေးများဖြစ်ကြသော ကလေးတွေဟာ တစ်သက်လုံး သူများမညှင်းဆဲကြတော့ဘဲ သောတာပန်ဆိုတဲ့ အဆင့်အတန်းသို့ ရောက်သွားကြသတဲ့၊ **"နမော တဿ ဘဂဝတော"**လို့ ရှိခိုးကန်တော့ရတဲ့ ဘုရားရှင်ဟာ ရှင်ဘုရင်ဘဝက ရဟန်းပြုလာပြီး သတ္တဝါတွေ ချမ်းသာအောင် တရားဟောတော်မူတဲ့ ဘုရားဖြစ်တယ်၊ ဒါကြောင့် **"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**လို့ ရွတ်ပြီး အားရပါးရ ရှိခိုးကြပါ၊ [ဤနေရာ၌ ကြေကြေမရသေးလျှင် ဆရာက ကြေအောင် အနက်တိုင်ပေးပါ။]



## ပြန်လှန်မေးမြန်းခြင်း။

**ဆရာ။** ။ဗုဒ္ဓမြတ်စွာ ဟောတော်မူတဲ့ ဒီတရားတော်ကို ကလေးများ ဘယ်လိုနားလည်ကြသလဲ၊ မြွေကြီးဟာ ချမ်းချမ်းသာသာ မနေချင်ပေဘူးလား။

**တပည့်များ။** ။နေချင်မှာပဲ။

**ဆရာ။** ။ကလေးများက မိမိတို့ကို ကိုက်မှာစိုးလို့ ရိုက်တယ်ဆိုတော့ ကိုယ်ချမ်းသာချင်လို့ မြွေကြီးကို ဆင်းရဲအောင် ညှဥ်းဆဲတာပဲ မဟုတ်လား။

**တပည့်များ။** ။ဟုတ်ပါတယ်။

**ဆရာ။** ။ဒီလို သူ့ကိုဆင်းရဲအောင် ညှဥ်းဆဲရင် ဒီလို ညှဥ်းဆဲတဲ့သူဟာ နောက်ဘဝ ဘယ်လိုနေမလဲ၊ နောက်ဘဝမှာ မိမိ ဆင်းရဲအောင် ညှဥ်းဆဲသူ ပေါ်လာမယ် မဟုတ်လား။

**တပည့်များ။** ။ဟုတ်ပါတယ်။

**ဆရာ။** ။အေး အေး, ဒါ့ကြောင့် မြွေကစပြီး ဘယ်သူမှ ဆင်းရဲအောင် မညှဉ်းဆဲကြနဲ့၊ ငှက်ကလေးတွေကိုလဲ လောက်လေးနဲ့ သားရေပတ်နဲ့ မပစ်ကြနဲ့၊ တကယ်လို့ မြွေတွေ့ရင် လူကြီးများကိုပြော၊ လူကြီးများက ဖမ်းပြီး လူနဲ့ဝေးအောင် လွှတ်ပစ်လိမ့်မယ်နော်။

**တပည့်များ။** ။ဟုတ်ကဲ့ဆရာ။

## ရန်ပြေတရားတော်။

**ကလေးများ**...ကလေးများက လက်အုပ်ချီမိုး ရှိခိုးကန်တော့ရတဲ့ **ဂေါတမမြတ်စွာဘုရား**ဟာ ကလေးချင်း လူကြီးချင်း ရန်မဖြစ်အောင် ရန်ပြေတရားတော်ကိုလဲ ဟောတော်မူတယ်၊ တရားတော်က ဒီလိုတဲ့—

*** "ဤလောက၌ ရန်တို့မည်သည် အတုံ့ပြန်၍ ရန်လုပ်ခြင်းဖြင့် ဘယ်ကာလမှ**

---

* နဟိ ဝေရေန ဝေရာနိ, သမ္မန္တီဓ ကုဒါစနံ၊
အဝေရေန စ သမ္မန္တိ, ဧသ ဓမ္မော သနန္တနော။

(ဓမ္မပဒ, ယမကဝဂ္ဂ, ကာဠယက္ခိနီဝတ္ထု။)



**မငြိမ်းအေး နိုင်ကြလေကုန်၊ ရန်တုံ့မပြန် သည်းညည်းခံခြား မေတ္တာပွားခြင်းဖြင့်သာ ငြိမ်းအေးနိုင် ကြကုန်၏၊ ဤသို့ သည်းညည်းခံခြား မေတ္တာပွားမှ ရန်စပြတ်ကင်း ငြိမ်းအေးနိုင်ခြင်းသည် ရှေးရိုးစဉ်လာ ထုံးဟောင်းဓမ္မတာ ဖြစ်သည်"။**

ကိုင်း...ဘုရားက တစ်ယောက်နှင့်တစ်ယောက် ရန်မဖြစ်အောင် ဟောတော်မူထားတယ်၊ ကလေးများ ဘယ်တော့မှ ရန်မဖြစ်ကြနဲ့၊ ဘုရားစကား နားထောင်ကြနော်၊ မတော်လို့ ရန်ဖြစ်မိရင်လဲ သည်းညည်းခံကြ၊ ငါတို့မှားတယ်လို့ နားလည်ပြီး တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ် ဆက်ကြ၊ ရှိနေတဲ့ရန်စကို လက်စားချေတာဟာ ရန်တုံ့ပြန် တယ်လို့ ခေါ်တယ်၊ ဒီလို ရန်တုံ့ပြန်နေရင် ဒီရန်ဟာ ဘယ်တော့မှ မပြီးနိုင်ဘူး၊ လက်စားမချေဘဲ သည်းခံလိုက်မှ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်အောင်မေတ္တာထားလိုက်မှ ရန်စပြေနိုင်တယ်၊ **ဒီဃာဝု** မင်းသားဝတ္ထုကို ဆရာဖတ်ပြမယ်, နားထောင်ကြနော်။

## ဒီဃာဝုမင်းသားအကြောင်း။

**မင်းနှစ်ပါးစစ်ဖြစ်ခန်း။**

ရှေးတုန်းက ကာသိတိုင်း ဗာရဏသီပြည်၌**“ဗြဟ္မဒတ်”** မည်သူသည် မင်းပြုနေ၏၊ ထိုမင်းသည် စစ်တပ်အား, ဥစ္စာ ဓနအား ကောင်းလှ၏၊ ကောသလတိုင်း၌ကား **“ဒီဃိတိ”** မည်သူသည် မင်းပြုနေ၏၊ ထိုမင်းမှာ စစ်တပ်အား, ဥစ္စာဓနအား နည်းပါးလှ၏၊ **ကာသိ**မင်းသည် **ကောသလ** မင်းကို စစ်တိုက်၍ တိုင်းပြည်ကို သိမ်းလေရာ **ကောသလ** မင်းထွက်ပြေး၍ ဗာရဏသီပြည်၏ အစွန်အဖျား၌ မထင်မရှား နေရလေသည်။

**ထွက်ပြေးသောမင်း အဖမ်းခံရပုံ။**

ထို ထွက်ပြေးသော **ကောသလ**မင်း၏ မိဖုရားမှာ သားတော်တစ်ပါးဖွား၍ **“ဒီဃာဝု”** ဟု အမည်ပေးထား၏၊ **ဒီဃာဝု** မင်းသား ပညာသင်ချိန် ရောက်လတ်သော် မြို့ပြင်ဘက်၌ ပညာကို သင်စေလေသည်၊ ပညာတတ်၍ သူလားမြောက်ချိန်မှာ ခမည်းတော်နှင့် မယ်တော်နှစ်ပါးကို **ကာသိ**မင်းက ဖမ်း၍ သုသာန်သို့ သတ်ဖို့ရန် ထုတ်ဆောင်သွားစဉ် **ဒီဃာဝု**မင်းသားလည်း မယ်တော်ခမည်းတော်များကို တွေ့လို၍ မြို့တွင်းသို့အလာ တွင် တွေ့မြင်ရလေသည်။



**သားအား ဩဝါဒ ပေးပုံ။**

ထိုအခါ **ဒီဃာဝု**မင်းသားသည် မယ်တော် ခမည်း တော်များကို လိုက်ကြည့်နေသော လူထုအကြားမှ မထင်မရှား တိုးဝှေ့ သွား၍ မယ်တော် ခမည်းတော်နှင့် နီးကပ်နေသော နေရာသို့ ရောက်သွားလေလျှင် ခမည်း တော်ကလည်း သူ့ဘာသာသူ ရွတ်ဆိုနေဟန်ဖြင့်**“ချစ်သား ဒီဃာဝု… အရှည်ကို မကြည့်ရစ်နှင့်၊ အတိုကိုလည်း မကြည့်ရစ်နှင့်၊ လက်စားချေသောနည်းဖြင့် ရန်စ မငြိမ်းနိုင်၊ ရန်တုံ့မပြန် သည်းညည်းခံမှသာ ရန်စငြိမ်း နိုင်သည်”**ဟု ဩဝါဒပေးလေသည်၊ [ထို ဩဝါဒ၌ **“အရှည် မကြည့်နှင့်”** ဆိုသည်မှာ**“ရန်စ မရှည်စေနှင့်”**ဟု ဆိုလိုသည်၊ **“အတို မကြည့်နှင့်”**ဆိုသည်မှာ **“ချစ်ခြင်းကို မတိုစေနှင့်”**ဟု ဆိုလိုသည်၊ [ဤ]အဓိပ္ပာယ်ကို နားမလည်သူတို့က **“ရှူးနေလို့ ကယောင်ကတန်း ပြောသည်”**ဟု ထင်ကြသတဲ့။]

**မင်းသားအမှုထမ်းခန်း။**

ဒီဃာဝုမင်းသားသည် မယ်တော် ခမည်းတော်များကို သတ်ရာသုသာန်၌ စောင့်နေရစ်ကြသော မင်းမှုထမ်းတို့ကို အရက်တိုက်၍ မူးနေသည့်အခါ မယ်တော် ခမည်းတော် အလောင်းကို မီးသင်္ဂြိုဟ်လေသည်၊ ထို့နောက် တောထဲသို့ သွား၍

အားရအောင်ငိုပြီးလျှင် **ကာသိ**မင်းထံ အမှုထမ်းရအောင် တဖြည်းဖြည်းကြံစီလေရာ အတော်ကြာလျှင် လူယုံတော် တစ်ယောက် ဖြစ်သွားလေသည်၊ ထို့နောက် **ကာသိ**မင်းသည် **ဒီဃာဝု**ကို ရထားမောင်းစေ၍ သမင်ပစ်ရန် ထွက်သွားစဉ် နောက်လိုက်စစ်သားတို့နှင့် တကွဲတပြား ဖြစ်ကာ ရထားကို ရပ်စေ၍ မောပန်းသဖြင့် **ဒီဃာဝု**၏ ရင်ခွင်မှာပင် အိပ်ပျော်သွားလေသည်။

**မင်းသား ကြံစီခန်း။**

ထိုကဲ့သို့ အိပ်ပျော်သွားလေလျှင် ဒီဃာဝုမင်းသားသည် **"မိမိတို့၏ တိုင်းပြည်ကို လုယူ၍ မယ်တော် ခမည်းတော်တို့ကို သတ်ခဲ့သောရန်စကို လက်စားချေတော့အံ့"**ဟု ကြံ၍ သံလျက်ကို အိမ်မှ ဆွဲထုတ်လိုက်လေသည်၊ ထိုအခါ ခမည်းတော်၏ နောက်ဆုံးပေးခဲ့သော သြဝါဒကို (**"အရှည် မကြည့်နဲ့၊ အတို မကြည့်နဲ့၊ ရန်စကို လက်စားချေ၍ မငြိမ်းအေးနိုင်၊ ရန်တုံ့မပြန် သည်းညည်းခံမှ ငြိမ်းနိုင်သည်"**ဟူသော သြဝါဒကို) သတိရ၍ သံလျက်ကို အိမ်တွင်းသို့ ပြန်သွင်းလိုက်ပြန်သည်၊ ဤသို့ ထုတ်လိုက်သွင်းလိုက် သုံးကြိမ်လောက် လုပ်နေတုန်းမှာ ဖြုံးကနဲ ရှင်ဘုရင် နိုးလာသဖြင့် ဘုရင့်ဦးခေါင်းဆံပင်ကို ဆွဲကာ သန်လျက်ဖြင့် ရွယ်ပြီးလျှင် **ကောသလ**မင်းသား **ဒီဃာဝု**ဆိုတာ မိမိ ဖြစ်ကြောင်းကို ပြောဆို ကြိမ်းဝါးလေသည်။



**ရန်ပြေခန်း။**

ထိုအခါ **ကာသိ**မင်းက မသတ်ဖို့ရန်ပြောလျှင် **"ကျွန်ုပ်က မသတ်လျှင် အရှင်မင်းက ကျွန်ုပ်ကို သတ်မှာဘဲ မဟုတ်လား"**ဟု မေး၍ အချင်းချင်း မသတ်ဖို့ရန် ကတိသစ္စာ ပြုကြလေသည်၊ ထို့နောက် တိုင်းပြည်သို့ ပြန်သွား၍ **ကာသိ**မင်းသည် **ဒီဃာဝု**မင်းသားကို သမီးတော်နှင့် လက်ထပ်ပေးကာ သူ၏အမွေဖြစ်သော **ကောသလ**တိုင်းပြည်မှာပင် မင်းပြုစေလေသည်။

## ပြန်လှန်စစ်မေးခန်း။

**ဆရာ။** ။ဒီဝတ္ထုမှာ ကလေးများ ဘယ်လို နားလည်ကြသလဲ၊ **ဒီဃာဝု**မင်းသားက **ကာသိ**မင်းကို တောထဲမှာ သတ်မိလျှင် **ကာသိ**မင်းဆိုင်ရာက **ဒီဃာဝု**မင်းသားကိုလဲ တစ်နေ့နေ့တော့ လက်စားချေမှာဘဲ မဟုတ်လား။

**တပည့်များ။** ။ဟုတ်ပါတယ်။

**ဆရာ။** ။**ဒီဃာဝု** မင်းသားဟာ **"ရန်ကို လက်စားချေလို့ မငြိမ်းနိုင်ဘူး"**ဆိုတဲ့ မိဘစကားကို နားထောင်တဲ့အတွက် ရန်စလဲ ငြိမ်းသွားတယ်,သမီးတော်ကိုလဲ ရတယ်,တိုင်းပြည်ကိုလဲ ပြန်ရတယ် မဟုတ်လား။

**တပည့်များ။** ။ဟုတ်ပါတယ်။

**ဆရာ။** ။ဒါ့ကြောင့် ကလေးများလဲ ရန်မဖြစ်ကြနဲ့၊ ရန်စရှိတောင် သည်းညည်းခံရမယ်ဆိုတဲ့ ဆရာ့စကားကို နားထောင်ကြ၊ ဒီလို ရန်မဖြစ်ကြရင် ကလေးတွေအားလုံး တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြပြီး လူလိမ္မာကလေးတွေ ဖြစ်ကြမယ်၊ ကလေးတို့"**နမော တဿ**"လို့ ရှိခိုး ကန်တော့ရတဲ့ မြတ်စွာဘုရားဟာ ကလေးများကို အလိမ္မာတွေချည်းဖြစ်အောင် တရားဟောတော်မူ ခဲ့တယ်၊ ဒါ့ကြောင့် အဲဒီ ဘုရားကို ကျေးဇူးတင်ပြီးတော့ "**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**"လို့ အားရပါးရ ရှိခိုးကြပါဦး။

**ဆရာ။** ။ဆရာက တပည့်တို့ကို "**နမော တဿ ဘဂဝတော**"လို့ ရွတ်–ရွတ်ပြီး ဘုရားကို ကန်တော့ကြပါလို့ မကြာခဏ တိုက်တွန်းရတာဟာ အကြောင်းအမျိုးမျိုး ရှိတယ်၊



ကလေးများကို မိကောင်း ဖခင်သားသမီး ပီပီ လိမ္မာစေချင်လို့လဲ တိုက်တွန်းတယ်၊ ရှိခိုးထိုက်တဲ့သူ ကို ရှိခိုးရတဲ့အကျိုးဟာ ခုဘဝရော နောက်ဘဝရော အလွန်ကြီးတယ်၊ အဲဒီ အကျိုးများကို ကလေးများ ရစေချင်လို့လဲ တိုက်တွန်းတယ်၊ ရှိခိုး၍ အကျိုးရပုံကို ဆရာဖတ်ပြမယ်, နားထောင်ကြ။

## တစ်ကြိမ်ရှိခိုး၍ အကျိုးရသော အမျိုးသားအကြောင်း။

ဤကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် ကိုးဆယ်တစ်ကမ္ဘာထက်၌ "**ဝိပဿီ**"မည်တော်မူသော မြတ်စွာဘုရား ဖြစ်တော်မူခဲ့လေသည်၊ ထို မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်း ရှိသည်ဖြစ်၍ အလွန်လှပတင့်တယ်တော်မူတယ်၊ တစ်နေ့သောအခါ ဆွမ်းခံကြွတော်မူလာသော ဘုရားရှင်ကို အမျိုးသားတစ်ယောက်သည် အလွန်ကြည်ညိုသောစိတ်ဖြင့် လက်အုပ်ချီလိုက်လေ သည်၊ ထို အမျိုးကောင်းသားသည် ထို ဘဝမှစ၍ ငါတို့ဘုရား လက်ထက်တော်တိုင်အောင် မကောင်းသော ဘဝ၌

တစ်ကြိမ်တစ်ခါမျှ မဖြစ်ရဘဲ လူ့ဘဝ နတ်ဗြဟ္မာဘဝတို့၌သာ ဖြစ်ခဲ့ရလေသည်၊ ငါတို့ဘုရား လက်ထက်တော်ဝယ် စည်းစိမ်ဥစ္စာ ကြွယ်ဝသောအမျိုး၌ ဖြစ်၍ အရွယ်ရောက်သောအခါ ရဟန်းပြုပြီးလျှင် မကြာမတင် ရဟန္တာအဖြစ်သို့ ရောက်၍ **"ကောဋ္ဌလိယမထေရ်"**ဟူသော အမည်အားဖြင့် ထင်ရှားလေသည်၊ [သုဘူတိဝဂ်, ကောဋ္ဌလိယထေရအပါန်ပါဠိတော်။]

**ဆရာ။** ။စိတ်ပါလက်ပါ လက်အုပ်တစ်ကြိမ် ချီလိုက်ရုံနှင့် ဆင်းရဲ ဒုက္ခရောက်သော (ဒုဂ္ဂတိ) ဘဝတို့၌ မဖြစ်ခဲ့ရဘဲ ဘဝကောင်းမှာချည်းဖြစ်၍ နောက်ဆုံး၌ ရဟန္တာကြီးဖြစ်ပြီး နိဗ္ဗာန်ထိအောင် အကျိုးရသောကြောင့် ဆရာက တပည့်တို့ကို ဘုရားရှိခိုးကြပါလို့ မကြာခဏ တိုက်တွန်းရခြင်း ဖြစ်တယ်၊ ဒါ့ကြောင့် ကလေးများ မပျင်းကြဘဲ အချိန်ကျရင် စိတ်ပါလက်ပါ ရှိခိုး ကန်တော့ကြနော်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ, စိတ်ပါလက်ပါ ရှိခိုး ကန်တော့ပါ့မယ်။



## ရှိခိုးဝပ်ချနည်း။

**ဆရာ။** ။တစ်ကြိမ်ရှိခိုးလို့ အကျိုးရတဲ့အကြောင်း နားလည်ကြပြီ၊ ယခု ဆရာက ရှိခိုးနည်း ဝပ်ချနည်းကို ပြဦး မယ်၊ ကဲ (မောင်ခွေး) လာခဲ့၊ လက်ဝါးနှစ်ဖက်ကိုပူးပြီး လက်အုပ် လုပ်စမ်း၊ (မောင်ခွေး တတ်သမျှ လုပ်စေ။)

**ဆရာ။** ။လက်အုပ်ဆိုတာ လက်ဖဝါးနှစ်ဖက်ကို ငှက်ပျောဖူးကလေးများလို ခတ်ခုံးခုံး ကားပြီး အုပ်ထားရတယ်၊ (လုပ်ပြပါ။) အဲ, ဟုတ်ပြီ၊...အားလုံး **"လက်အုပ်"** လုပ်ကြကွဲ့။

**ဆရာ။** ။**"ချီ"**ဆိုတာ အထက်ကို မြှောက်ချီတာပဲ၊ ကိုင်း...မောင်ခွေးက လက်အုပ်ကို နဖူး ရောက်အောင် မြှောက်ချီ လိုက်စမ်းကွဲ့၊ အဲ, ဟုတ်ပြီ၊... အားလုံး ချီကြကွဲ့။

**ဆရာ။** ။ဒီလို မြှောက်ချီထားတော့ လက်အုပ် ကလေးက ခေါင်းပေါ်မှ **"မိုး"** မနေဘူး လားဟေ့။

**တပည့်များ။** ။မိုးနေပါတယ် ဆရာ။

**ဆရာ။** ။အေး အေး, အဲဒီလို **"လက်အုပ်ချီမိုး"** နေတာကို **"ရှိခိုး"**တယ်လို့ ခေါ်ရတယ်၊ ရှိခိုးပြီး နှုတ်က ရွတ်ဆိုနေတာကို **"ကန်တော့"**တယ်လို့ ခေါ်ကြတယ်။

**ဆရာ။** ။လက်အုပ်မိုးနေရာက အဲဒီ လက်အုပ်ကို အောက်သို့ချ၊ ချလိုက်တဲ့အခါ များသော အားဖြင့် ဝပ်ပြီး ချကြသောကြောင့် **"ဝပ်+ချ"**လို့ ခေါ်တယ်။

**ဆရာ။** ။ဝပ်ချတဲ့အခါလဲ ကျကျနန ချမယ်ဆိုတော့—

(၁) ဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီထား။

(၂) အောက်ငုံ့ပြီး ဒူးဆစ်နှစ်ဖက်ကို ကြမ်းပေါ်မှာ ထိစေ။

(၃) လက်နှစ်ဖက်ကို ကြမ်းပေါ်မှာ အပြားလိုက် ထိစေ။

(၄) အဲဒီ ထိနေသောလက်နှစ်ဖက်ကို ရှေ့တိုးပေးပြီး နဖူးကို လက်နှစ်ဖက် အကြားမှာ ထား။



(၅) တတောင် နှစ်ဖက်လဲ ကြမ်းပေါ်မှာ ထိပေစေ။

(၆) (က) ခြေဖျား နှစ်ဖက် ကြမ်းပေါ်မှာ တည်,

(ခ) ဒူး နှစ်ဖက်လဲ ကြမ်းပေါ်မှာ တည်,

(ဂ) တတောင် နှစ်ဖက်လဲ ကြမ်းပေါ်မှာ တည်,

(ဃ) လက် နှစ်ဖက်လဲ ကြမ်းပေါ်မှာ တည်,

(င) နဖူးလဲ ကြမ်းပေါ်မှာ တည်,

ဤသို့ ငါးမျိုးလုံး ကြမ်းပေါ် (ဖျာပေါ်စသည်)မှာ တည်နေတာကို **"ပဉ္စပတိဋ္ဌိတဝန္ဒနာ"** (တည်ခြင်း ငါးမျိုး ရှိသော ဝပ်ချခြင်း)လို့ ခေါ်တယ်၊ [ဆရာ့ကိုယ်တိုင် ဝပ်ချပြပါ၊ မိန်းကလေးများကိုတော့ ဆောင့်ကြောင့် အထိုင် မခိုင်းဘဲ ဝပ်ချပါစေ။]

ဆရာ။ ။ဒီလို တည်ခြင်းငါးပါးဖြင့် ဝပ်ချဖို့တာဝန်ကတော့ စေတီတော် ရုပ်ပွားတော်ကို ဖြည်းဖြည်းသက်သာ ကန်တော့တဲ့ နေရာမျိုး, ရဟန်းသံဃာတော်များနှင့် အေးအေးဆေးဆေးတွေ့ရတဲ့ နေရာမျိုး, တမင်သက်သက် ကန်တော့သွားတဲ့ နေရာမျိုး, မိမိအိမ်သို့ ကြွလာတဲ့အခါမျိုးသာ ဖြစ်တယ်၊ စေတီပုထိုးများကို လှည့်လည်ကြည့်ရှု ပူဇော်တဲ့အခါ, ရထားသဘော်စသည်သွား၍ ရဟန်းသံဃာကို ကြုံဆိုလိုက်ပို့တဲ့အခါ ကြည်ညိုလောက်သောရဟန်းသံဃာတော်ကို လမ်းခရီးတွေ့တဲ့အခါမျိုးတော့ ဝပ်ချနေဖို့ မလိုပါဘူး၊ လက်အုပ်ချီ၍ဖြစ်စေ, ဦးခေါင်းညွတ်၍ဖြစ်စေ ရှိသေတဲ့အမူအရာ ပြလိုက်ရင်တော်လောက်ပါပြီ၊ မြေကြီးပေါ်မှာ ထိုင်ပြီး ဝပ်ချရတာလဲ အမြင်မတော်လှဘူး၊ မထိုင်ဘဲ မတ်မတ်ရပ်ပြီး လက်အုပ်ချီလိုက်ရင် တော်လောက်ပြီ၊ ကဲ ကဲ,



လက်အုပ်ချီမိုး ရှိခိုးကန်တော့ ဝပ်ချနည်းများကို နားလည်ကြပြီ၊ နေရာ ဌာနကြည့်ပြီး အကျင့်လုပ်ကြနော်။

## သရဏဂုံ သုံးပါးနှင့်စပ်၍ ဆရာက ပြောပြရန်။

**ဆရာ။** ။ကလေးများ...ကလေးများသည် ဘုရားအကြောင်းကိုလဲ တော်တော် နားလည်ကြပြီ၊ တရားတော်အကြောင်းကိုလဲ နည်းနည်းပါးပါး နားလည်ကြပြီ၊ တရားတော်ကို သဘောကျ၍ ရဟန်းပြုပြီး **ကေဠုလီယ** မထေရ်လို ကောင်းစွာ ကျင့်နေကြတဲ့ သံဃာတော်ကိုလဲ နားလည်ကြပြီ၊ အဲဒီ ဘုရား တရား သံဃာတော်များကို ယုံကြည်ကြရဲ့ မဟုတ်လား။

**တပည့်များ။** ။ယုံကြည်ကြပါတယ်။

**ဆရာ။** ။ဒီလို ဘုရားနဲ့ သံဃာတော်အနားမှာ ဆည်းကပ်ပြီး (ကပ်ပြီး) ကလေးတို့

ချမ်းသာဖို့ နည်းလမ်းကောင်း တရားတွေကို တစ်ခါတစ်ခါ နားထောင် မနေချင်ကြဘူးလား။

**တပည့်များ။** ။နားထောင်နေချင်ပါတယ်။

**ဆရာ။** ။အဲဒီလို တရားကောင်းတွေကို နားလည်ပြီး ကောင်းကောင်းနေကြရင် (ဥပမာ– ရန် မဖြစ်ကြနဲ့လို့ တရားတော်က ဆုံးမတယ်၊ ဆုံးမတဲ့အတိုင်း ရန် မဖြစ်ဘဲ နေကြရင်) ချမ်းသာမလား, ဆင်းရဲမလား။

**တပည့်များ။** ။မဆင်းရဲပါဘူး, ချမ်းသာမှာပါပဲ။

**ဆရာ။** ။အဲဒီတော့ ဒီဘဝမှာရော နောက်ဘဝမှာရော ချမ်းသာရေးကို လမ်းညွှန်ပေးတဲ့ ဘုရား တရားနဲ့ ကောင်းမွန်စွာနေတဲ့ သံဃာတော်များကို အားမကိုးထိုက်ဘူးလား။

**တပည့်များ။** ။အားကိုးထိုက်ပါတယ်။



**ဆရာ။** ။**“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”**ဆိုတာ ဘုရားကို အားကိုးပါတယ်, ဆည်းကပ်ပါတယ်—ဆိုတဲ့ ပါဠိပဲ၊**“ဓမ္မံ, သံဃံ သရဏံ ဂစ္ဆာမိ”** တို့ကလဲ တရားတော်ကို, သံဃာတော်ကို အားကိုးပါတယ်,ဆည်းကပ်ပါတယ်—ဆိုတဲ့ ပါဠိပဲ၊ သေချာအောင် နှစ်ကြိမ် သုံးကြိမ်ထပ်ပြီး ဆိုဖို့ရာ **“ဒုတိယမ္ပိ, တတိယမ္ပိ”**လို့ ဆိုထားတယ်၊ ဘုရား တရား သံဃာအစစ်များကို အားကိုးတဲ့ စိတ်ဟာ ကလေးများကိုယ်ထဲ စွဲနေအောင် (မြေကြီးထဲ၌ မြဲနေအောင် အိမ်ကို စိုက်+ဆောက်+တည်ထားသကဲ့သို့) ကလေးများလဲ ဆောက်တည်ကြပါ၊ [ဤနေရာဝယ်**“ဗုဒ္ဓံ+သရဏံ+ဂစ္ဆာမိ၊ ဓမ္မံ+သရဏံ+ဂစ္ဆာမိ၊ သံဃံ+သရဏံ+ဂစ္ဆာမိ၊ ဒုတိယမ္ပိ+ဗုဒ္ဓံ+သရဏံ+ဂစ္ဆာမိ၊”**စသည်ဖြင့် တစ်ပုဒ်စီ ဖြတ်၍ သေသေ သပ်သပ် ရွတ်တတ်အောင် ဆရာက ရွတ်ပြ သင်ပေးပါ။]

## အနက်နှင့်မြန်မာပြန်။

ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–ဆည်းကပ်ပါ၏၊ ဓမ္မံ–တရားတော်ကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–ဆည်းကပ်ပါ၏၊ သံဃံ–သံဃာတော်ကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–ဆည်းကပ်ပါ၏၊ ဒုတိယမ္ပိ–နှစ်ကြိမ်မြောက်လည်း၊ တတိယမ္ပိ–သုံးကြိမ်မြောက်လည်း၊ ဗုဒ္ဓံ စသည်ဆို။

မြန်မာလို–**"ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ တရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ နှစ်ကြိမ်မြောက်လည်း ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ နှစ်ကြိမ်မြောက်လည်း တရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ နှစ်ကြိမ်မြောက်လည်း သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ သုံးကြိမ်မြောက်လည်း..."**စသည်ဆို။

**ဆရာ။** ။**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"** ပါဠိဥ္စ မြန်မာလို ဘာဆိုလိုသလဲ။

**တပည့်များ။** ။**"ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏"**လို့ ဆိုလိုပါတယ်။



[ဤနည်းအတိုင်း **"တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"** တိုင်အောင်မေး၍ မြန်မာလို မဆိုတတ်လျှင် ဆိုတတ်အောင် သင်ပေးပါ။]

**ဆရာ။** ။တပည့်များ...(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, (၂) ဓမ္မံ သရဏံ ဂစ္ဆာမိ, (၃) သံဃံ သရဏံ ဂစ္ဆာမိ, ဒီ သုံးပါ ဟာ သရဏ သုံးပါး (တချို့က **"သရဏဂုံ သုံးပါး"**) လို့ ခေါ်တယ်၊ ဒီ သုံးပါးကို စိတ်ထဲမှာ စွဲပြီး ရွတ်ဆိုလိုက်မှ ဗုဒ္ဓဘာသာဝင် (ယောကျာ်းဖြစ်လျှင် **"ဥပါသကာ"** မိန်းမဖြစ်လျှင်**"ဥပါသိကာမ"**)ဖြစ်တယ်၊ [**"ဥပါသကာ"**ဆိုတာ**"ရတနာ သုံးပါးကို ဆည်းကပ် ကိုးကွယ်သူ"**လို့ ဆိုလိုတယ်၊] မြန်မာလို**" (၁) ဘုရား ကိုးကွယ်ပါ၏, (၂) တရား ကိုးကွယ်ပါ၏, (၃) သံဃာ ကိုးကွယ်ပါ၏"**လို့ သုံးကြိမ်ဆိုရင်လဲ သရဏံဂုံဆောက်တည်ခြင်းကိစ္စ ပြီးတာပဲ၊ ဒါ့ကြောင့် ဒီ သရဏဂုံ သုံးပါးကို ပီပီသသ ပါဠိလို ရွတ်ကြစမ်းပါ။

**တပည့်များ။** ။ပါဠိလို **"တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"** တိုင်အောင် ရွတ်စေ။

**ဆရာ။** ။မြန်မာလို ရွတ်ပါဦး, သုံးကြိမ်ပြည့်အောင် ရွတ်ကွဲ့။

**တပည့်များ။** ။မြန်မာလို **"သုံးကြိမ်မြောက် သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏"** ထိအောင် ရွတ်စေ။

**ဆရာ။** ။ဒီသရဏံဂုံကို တစ်ခေါက်လောက် ဘုရားရှေ့မှာဖြစ်ဖြစ်, သံဃာတော် ရဟန်းတော်ရှေ့မှာဖြစ်ဖြစ်, ဆရာ မိဘစသော ရိုသေလောက်သူ ရှေ့မှာဖြစ်ဖြစ် ရွတ်ဆိုပြီး ဆောက်တည်ထားရင် (ဘုရား တရား သံဃာကို ယုံကြည်တဲ့စိတ် မပျက်သမျှ) တသက်လုံး မပျက်ပါဘူး၊ ဒါပေမယ့် **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ"**လို့ သတိရတိုင်း ရွတ်နေရင် တစ္ဆေတို့ သူရဲတို့တောင် မကပ်နိုင်ဘူးလို့ ရှေးလူကြီးတွေက ပြောကြတယ်၊ ဝတ္ထုတစ်ခု ဆရာ ဖတ်ပြမယ်။



## ထင်းလှည်းသမား၏ သားကလေးအကြောင်း။

မြတ်စွာဘုရား ရှိတော်မူစဉ်အခါ၌ ရာဇဂြိုဟ်မြို့ဝယ် သမ္မာဒိဋ္ဌိသူငယ်နှင့် မိစ္ဆာဒိဋ္ဌိသူငယ်နှစ်ယောက်တို့ မကြာမကြာ ဂေါ်လီ (ကျောက်လုံးကလေး) ကစားကြလေသည်၊ သမ္မာဒိဋ္ဌိသူငယ်သည် ကစားသောအခါ ဘုရားကို သတိရ၍ **"နမော ဗုဒ္ဓဿ–ဘုရား ရှိခိုးပါ၏"**ဟု မန္တာန် ရွတ်သလို ရွတ်ဆိုပြီး ကစားလေ့ရှိ၏၊ ထို သူငယ်သည်ပင် နေ့စဉ် နိုင်၏၊ မိစ္ဆာဒိဋ္ဌိသူငယ်သည် ထိုနည်းကို အားကျ၍ **"နမော ဗုဒ္ဓဿ–ဘုရား ရှိခိုးပါ၏"** ဆိုသောစာကို ကျက်ထားပြီးလျှင် မကြာမကြာ ရွတ်နေလေသည်။

တစ်နေ့သောအခါ ထို မိစ္ဆာဒိဋ္ဌိသူငယ်၏ အဘသည် သူငယ်နှင့်အတူ ထင်းခုတ်သွား၍ ပြန်လာပြီးလျှင် မြို့ပြင်ဘက် သုသာန်အနီး၌ ထမင်းစားနေစဉ် နွားတို့သည် စားကျက်မှ ပြန်လာသော နွားတို့နှင့်အတူ မြို့တွင်းသို့ ဝင်သွားကြောင်းကို ထမင်းစားပြီးမှ သိရလေသည်၊ ထိုအခါ သူငယ်ကို လှည်းစောင့်ထားပြီးလျှင် မြို့တွင်းသို့ လိုက်၍ နွားတို့ကို ဖမ်းပြီးမှ ပြန်လာရာ မြို့တံခါး ပိတ်နှင့်သောကြောင့် အဘတခြား သားတခြားနှင့် တစ်ညလုံး

နေရလေသော် သူငယ်သည် သူရွတ်နေကျဖြစ်သော **"နမော ဗုဒ္ဓဿ"**ကို ရွတ်ဆို၍ အိပ်ပျော်သွားလေသည်။

ညဥ့်အခါ၌ သူ ရဲ့ဘီလူးနှစ်ကောင်သည် ထို သုသာန် အနီး၌ လှည့်လှည်စဥ် လူငယ်ကိုမြင်၍ မိစ္ဆာဒိဋ္ဌိသူရဲက **"ဒီ အကောင်ကလေး ဒို့အစာ ဖြစ်ပြီ"**ဟု ပြော၏၊ သမ္မာဒိဋ္ဌိသူရဲက **"မလုပ်ပါနဲ့ကွာ"**ဟု တားရာလေသည်၊ တားသော်လည်း မရဘဲ မိစ္ဆာဒိဋ္ဌိသူရဲသည် ခြေထောက်ကို ဆွဲလိုက်ရာ သူငယ်က ယောင်ပြီး **"နမော ဗုဒ္ဓဿ"**ဟု ရွတ်လိုက်လျှင်,မိစ္ဆာဒိဋ္ဌိသူရဲသည် ကြောက်ရွံ့၍ နောက်တွန့် သွားလေသည်၊ ထိုအခါ သမ္မာဒိဋ္ဌိသူရဲသည် မိစ္ဆာဒိဋ္ဌိသူရဲကို အပြစ်တင်၍**"ကလေးအတွက် အပြစ်ဒဏ်ကို ငါတို့ ခံထိုက်သည်"**ဟု ပြောကာ တစ်ညလုံး စောင့်ရှောက်နေလေ၏၊ မိစ္ဆာဒိဋ္ဌိသူရဲသည်လည်း မြို့ထဲသို့ဝင်၍ ရှင်ဘုရင့် အစာကို ခိုးယူပြီးလျှင် သူငယ်အား ကျွေးလေသည်၊ သူငယ်မှာမူ မိဘနှစ်ပါးတို့ စောင့်ရှောက်ကျွေးနေကြသည်ဟု ထင်မှတ်လျက် နှစ်နှစ်သက်သက် စားသောက်၍ အိပ်ပျော်ရာလေသည်၊ [ဓမ္မပဒ, ပကိဏ္ဏကဝဂ္ဂ, ဒါရုသာကဋိက ပုတ္တဝတ္ထု။]



**ဆရာ။** ။ဤဝတ္ထု၌ **"နမော ဗုဒ္ဓဿ"** ရွတ်လို့ ဘီလူးသရဲက လွတ်ရသလို ဘုရားတရား သံဃာကို သတိရ၍**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ"**ရွတ်လိုက်ရင်လဲ ဘီလူးသရဲများ အနား မကပ်နိုင်ဘူးကွဲ့၊ ဒါ့ကြောင့် ဘေးရန် ကာကွယ်ဖို့ရာ ဗုဒ္ဓံ သရဏံ စသော မန္တာန်ကို မကြာခဏ ရွတ်ဆိုကြနော်။

**ကလေးများ။** ။ဟုတ်ကဲ့ ဆရာ။

[အောက်ပါကဗျာကို သံနေသံထား ခ[illegible] နှင့် အတိုင်အဖောက် နှစ်ယောက် ရွတ်ပါစေ။]

**အတိုင်။** ။မိုးချုပ်နေဝင် ပြင်မထွက်နှင့်, သူရဲ သူဘက် ဆွဲတတ်တယ်။

**အဖောက်။** ။မဆွဲနိုင်အောင် ဘုရားပေးတဲ့ မန္တာန် ဆေးကောင်း, ရှိပါတယ်။

**တိုင်။** ။မန္တလေးမှာ ရှိသလား မောင်မောင် ရယ်, ငါ့လဲ ပေးပါကွယ်။

**ဖောက်။** ။ဗုဒ္ဓံ ဓမ္မံ သံဃံ ရွတ်ကွဲ့, သူရဲလွှတ်လို့ ပြေးလိမ့်မယ်။

ပထမလူ—ရွတ်ကွယ်, ...ဒုတိယလူ—ရွတ်မယ်၊ ကျောင်းသားအားလုံး—ဒို့လဲ ရွတ်ကြမယ်၊ သံပြိုင် ညီညီ—
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ,
ဓမ္မံ သရဏံ ဂစ္ဆာမိ,
သံဃံ သရဏံ ဂစ္ဆာမိ။



## လေ့ကျင့်ခန်းမေးခွန်းများ။

**က။** ဩကာသ စသော ရှိခိုး ကန်တော့ခန်းကို ရွတ်စမ်းပါ။

**ခ။** ဆုတောင်းခန်းကို ရွတ်စမ်းပါ။

**ဂ။** နမော တဿပါဠိကို ရွတ်စမ်းပါ။

**ဃ။** နမော တဿပါဠိဟာ မြန်မာလို ဘာဆိုသလဲ။

**င။** သရဏဂုံပါဠိကို အကုန် ရွတ်စမ်းပါ။

**စ။** သရဏံဂုံပါဠိကို မြန်မာလို ပြောစမ်းပါ။

**ဆ။** မြတ်စွာဘုရား အကြောင်းကို သိရဲ့လား, သိရင်—

(၁) ဘယ်တိုင်းပြည်မှာ ဘုရားအလောင်း မွေးဖွားသလဲ။

(၂) ဘုရားအလောင်းရဲ့ ခမည်းတော်နဲ့ မယ်တော်၏နာမည် ဘယ်လိုခေါ်သလဲ။

(၃) ဘုရားအလောင်းရဲ့နာမည်ကို ဘယ်လိုခေါ်သလဲ။

(၄) အသက် ဘယ့်လောက်မှာ ရှင်ဘုရင်ဖြစ်သလဲ။

(၅) ဘုရားအလောင်းရဲ့ မိဖုရားနာမည်က
ဘယ်လိုခေါ်သလဲ။

(၆) ဘုရားအလောင်း အသက် ဘယ
လောက်ရှိတော့ သားဖော်ရသလဲ။

(၇) သားတော်ရဲ့နာမည်ကို ဘယ်လို ခေါ်သ
လဲ။

(၈) ဘာတွေမြင်လို့ တောထွက်သွားသလဲ

(၉) အသက် ဘယ့်လောက်မှာ ဘုရာ
ဖြစ်သလဲ။

ဇ။ ရှိခိုး ဝပ်ချနည်းကိုသိရင် ဝပ်ချ ပြစမ်းပါ

ဈ။ ဝပ်ချလို့ မဖြစ်တဲ့နေရာမှာ ကြည်ညိုစရ
ရဟန်းတော်ကိုတွေ့ရင် ဘယ်လို ရှိသေမလဲ

ည။ ထင်းလှည်းသမား သားကလေးဟာ ဘီလူ
ဆွဲတော့ ဘယ်လိုယောင်သလဲ။

(သူငယ်တန်း ပြီး၏။)

# ဗုဒ္ဓဘာသာလက်စွဲအဖွင့်

## ပထမတွဲ

### သူငယ်တန်း။

### ဆရာများအားညွှန်ပြချက်။

**ဩကာသ။** ။ဩကာသ စသောကန်တော့ခန်းနှင့်
ာတောင်းကို ကျောင်းသားအားလုံး သံပြိုင်ညီညီရွတ်တတ်
အောင် သင်ပေးပါ၊ ကျောင်းတိုင်း၌ နံနက်ပိုင်း ကျောင်း
ားစုံညီ ရောက်သောအခါ ဘုရားရှိခိုး ကန်တော့လေ့
ပါလိမ့်မယ်၊ ထိုကန်တော့ကြသော အထက်တန်း
ကျောင်းသားများနှင့်ပေါင်း၍ သူငယ်တန်းကလေးများ
ိုက်ပါစေ၊ ထိုသို့ လိုက်စေသည့်အတွက် **"ဩကာသ,
မော တဿ, ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"** ဟူသော သူငယ်တန်း
ိုင်ရာ အရကျက်ဖို့ သုံးမျိုးလုံးပင် အလွယ်နှင့် ရပါလိမ့်
သည်။

**နမော**။ ။**"နမော တဿ ဘဂဝတော"**ကို
ပေးသည့်အခါ **"နမော"**ဟု ဆိုပြီးလျှင် ခဏလော
ရပ်တန့်၍ တဿနှင့် ဘဂဝတောကို တပေါင်းတ
**"တဿဘဂဝတော"**ဟု ဆိုပါစေ၊ ထို့နောက်**"အရဟတေ**
ဟု ဆိုပြီးလျှင် **"သမ္မာ+သမ္ဗု+ဒ္ဓဿ"**ဟု သုံးခါ မဖြတ်
ဘဲ**"သမ္မာသမ္ဗုဒ္ဓဿ"**ဟု တစ်ဆက်တည်း ဆိုပါစေ၊
တစ်ချက် အနက်တစ်ချက်ကိုလည်းကောင်း, မြန်မာ
သက်သက်ကိုလည်းကောင်း ကျကျနန မရသော်လ
ဘုရားရှိခိုးသောစကားစု နားလည်အောင် ပြောပြ

<u>တည်ခြင်းငါးပါးဖြင့်ရှိခိုး</u>။ ။**"ပဉ္စပတိဋ္ဌိတေ
တိ ဇတ္တ ပဉ္စဟိ အင်္ဂဟိ အဘိမုခံ ဌိတေနာတိ အဇ
ပါဒ ဇာဏု ကပ္ပရ ဟတ္ထ သီသသင်္ခါတာနိ ပဉ္စအ
သမံ ကတွာ ဩနာမေတွာ အဘိမုခံ ဌိတေန ပဉ္စမံ
တွာ"**(သီလက္ခန် သာမညဖလ သုတ်ဋီကာသစ်)—"
**ဒူးပုဆစ်,ဘတောင်,လက်,ဦးခေါင်း"**ဟု ဆိုအပ်ကုန်
အင်္ဂါတို့ကို ညီစွာပြု၍ (ထား၍) အောက်သို့ ညွတ်
ရှေ့ရှုတည်လျက် ရှေးဦးစွာ ဝပ်ချပြီး၍ (မြန်မာပြန်အချ



**သရဏဂုံ**။ ။**"ဗုဒ္ဓံ သရဏံဂစ္ဆာမိ"**ဟု အသံဆက်၍ မရွတ်စေဘဲ **"ဗုဒ္ဓံ+သရဏံ+ဂစ္ဆာမိ"**စသည်ဖြင့် အသံ ကွဲပြားအောင် ရွတ်တတ်ပါစေ၊ ဤ **"ဗုဒ္ဓံသရဏံဂစ္ဆာမိ"** တို့ကိုကား ပါဠိတစ်ချက် အနက်တစ်ချက်ဖြစ်စေ မြန်မာပြန် သက်သက်ဖြစ်စေ ကောင်း ကောင်းနားလည် အောင် ပြောပေးပါ။

**ဗုဒ္ဓံ**။ ။**"သဗ္ဗဓမ္မေ–အလုံးစုံသောတရားတို့ကို၊ ဗုဇ္ဈတိ–သိတော်မူတတ်၏"**ဟူသည်နှင့်အညီ, တရားအားလုံး ကို အကုန်သိသော ဉာဏ်တော်၏ တည်ရာ ကိုယ်တော်ကို **"ဗုဒ္ဓ"**ဟု ခေါ်ရသည်၊ (မိဘဘိုးဘွား၏ ရုပ်ပုံနှင့် အရိုး အိုးကို လေးစားရ, ရိုသေရ, ရှိခိုးရ, ပန်းစသည်ဖြင့် ပူဇော် ရသကဲ့သို့) ဗုဒ္ဓ၏ပုံတော်ကိုလည်းကောင်း, ဗုဒ္ဓ၏ အရိုး ဓာတ်တော် ဆံတော်များကို ထာပနာထားသော စေတီတော် များကိုလည်းကောင်း ရိုသေမြတ်နိုး ရှိခိုး ပူဇော်ကြရ သည်။

**ဓမ္မံ**။ ။**"ဓာရေတိ–အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲသို့ မကျအောင် ဆောင်ထားတတ်၏"**ဟူသည်နှင့်အညီ, မဂ် ဖိုလ်နိဗ္ဗာန်ကိုရလျှင် အပါယ်လေးပါးသို့လည်း မကျ၊

သံသရာဝဋ်ဆင်းရဲ၌လည်း ကြာရှည်စွာ မဖြစ်ရသေ
ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်သည် အားထားကိုးကွယ်ဖို့ရ
**"ဓမ္မ"**အစစ် ဖြစ်၏၊ ဘုရားဟောတော်မူထားသော တရာ
တော်များလည်း အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှ လွတ်အော
နည်းလမ်း ညွှန်ပြသောကြောင့် **"ဓမ္မ"**ဟုပင် ခေါ်ရသည်

**သံဃံ**။ ။**"ဒိဋ္ဌိသီလသာမညေန–အမြင်မှန်ဉာဏ်**
**မကျိုးမပေါက်နိုင်သော သီလတို့ တူကြသောအားဖြင့်**
**သံဟတော–ပေါင်းစပ်အပ်သော (ရဟန်းတော်)အပေါင်း**
**သည်၊ သံဃော–သံဃာမည်၏"**နှင့်အညီ, အသိဉာဏ်နှ
သီလချင်းတူနေသော အရိယာသံဃာတော်သည် ကိုးကွယ
ဆည်းကပ်ဖို့ရာ(သရဏဂုံ ဆောက်တည်ရာ၌ မှန်းထားဖို
ရာ) သံဃာတော် ဖြစ်သည်၊ [သံဃိကဒါန လှူဒါန်းရာ၌
ကား ပုထုဇဉ်သံဃာတော်များလည်း သံဃာစာရင်းတွင်
ပါဝင်တော်မူကြသည်။]

သရဏဂုံ။ ။**"သရဏဂတာနံ – ကိုးကွယ်ရာဟု**
**ဆည်းကပ်သူတို့၏၊ တေနေဝ သရဏဂမနေန– ထို ကို**
**ကွယ်ရာဟု ဆည်းကပ်ကြောင်း ကုသိုလ်စိတ်ကြောင့်ပင်**



**ဘယံ–ဝဋ်ဆင်းရဲဘေးကိုလည်းကောင်း၊သန္တာသံ–ကြောက်**
**ရွံ့ ထိန့်လန့်ခြင်းကိုလည်းကောင်း၊ ဒုက္ခံ–ကိုယ် ဆင်းရဲခြင်း**
**ကိုလည်းကောင်း၊ ဒုဂ္ဂတိပရိကိလေသံ–အပါယ် ဒုဂ္ဂတိ**
**ဘဝ၌ ညစ်နွမ်းရခြင်းကိုလည်းကောင်း၊ (သရတိ) ဟနတိ**
**ဝိနာသေတိ–ဖျက်ဆီးတတ်၏"**ဟူသည်နှင့်အညီ, ဘုရား
တရား အရိယာသံဃာတော်များကို ဖူးမျှော်နေရ စိတ်ဝင်
စားနေရလျှင် စိတ်ချမ်းသာ၍ နောင်သံသရာ၌ အပါယ်
လေးပါး မကျအောင် ဆောင်ထားလျက် ဆင်းရဲဟူသမျှ
ကို ပယ်ရှားတတ်သောကြောင့် ရတနာသုံးပါးကိုပင်
**"သရဏ"** ဟု ခေါ်၏၊ တစ်နည်း–**"သရဏန္တိ ပဋိသရဏံ–**
**လည်းလျောင်းရာ"**ဟု ဖွင့်သောကြောင့် မိမိကိုယ်ကို ပုံ၍
ယုံကြည်သောအားဖြင့် လည်းလျောင်း မှီခိုစရာကိုပင်
**"သရဏ"**ဟု ခေါ်သည်။

**ဂစ္ဆာမိ**။ ။**"ဂစ္ဆာမိ ဘဇာမိ–အနီးအပါးသို့ ကပ်ပါ**
**၏၊ (ဆည်းကပ်ပါ၏၊) ဂစ္ဆာမိ သေဝါမိ–အနီး၌ လှည့်လည်**
**သောအားဖြင့် မှီဝဲပါ၏၊ ဂစ္ဆာမိ ပယိရုပါသာမိ–ပြုစု**
**လုပ်ကျွေးသောအားဖြင့် ဆည်းကပ်ပါ၏"**နှင့်အညီ,
ရတနာ သုံးပါးကို ကိုးကွယ်စရာဟု ယုံကြည်သောအားဖြင့်

အနီးအပါး၌ ဆည်းကပ်လုပ်ကျွေးပါ၏–ဟု ဆောက်တည် မှုကို **"ဂစ္ဆာမိ"**ဟု လည်းကောင်း, ထိုသို့ဆောက်တည် သော ကုသိုလ်စိတ်ကို**"သရဏဂမန–သရဏဂုံ"**ဟု လည် ကောင်း ခေါ်၏။

**တစ်နည်း။** ။ဂစ္ဆာမိကို **"ဧဝံဇာနာမိ ဗုဇ္ဈာမိ ဤသို့ ဒုက္ခကို ပယ်ဖျောက်တတ်ကြောင်း သိပါ၏** ဟူသည်နှင့်အညီ**, ရတနာသုံးပါးသည် ဒုက္ခကို ပယ်ဖျော နိုင်ကြောင်း သိပါ၏"**ဟု ဆောက်တည်မှုကို **"ဂစ္ဆာမိ"**ပ လည်းကောင်း, ထိုသို့ သိသောကုသိုလ်စိတ်ကို **"သရဏ ဂမန–သရဏဂုံ"**ဟု လည်းကောင်း ခေါ်သည်၊ [ဤကာ သီလက္ခန် သာမညဖလသုတ် အဋ္ဌကထာနှင့်ဋီကာတို့ မှီ၍ ပြအပ်သောဆရာများသာ သိဖို့ရာ အဓိပ္ပာယ်တည်း။–

**အမှာ။** ။ဆရာများသည် ကလေးများအား သင် ရာ၌ အလွတ် ပြောရမည့်စကားများကို စာအုပ်ကြည့် မဖတ်ဘဲ ဆရာ့နှုတ်ဖြင့် အလွတ် ပြောပါ၊ ဥပမာ–**"ဝ ပြောရာ၌ ဝတ္ထုကို အလွတ်ပြောပါ"**ဟု ဆိုလိုသည် **"သုခကာမာနိဘူတာနိ"** စသော ပါဠိတော်၏ ဘာသာ



တရားများကိုကား စာကို ဖတ်၍ ပြောခြင်းက သာ ကျနပါလိမ့်မည်၊ ထိုသို့ စာဖတ် ပြောပြီးနောက် တရားတော်ကို နားလည်–မလည် စစ်မေးသင့်ပါသည်

သူငယ်တန်းအတွက်။

ညွှန်ပြချက်ပြီး၏။

# “ဗုဒ္ဓဘာသာလက်စွဲ”

## ပထမတွဲ

(အပိုင်း–၂)

သဗ္ဗပါပဿ အကရဏံ,

ကုသလဿုပသမ္ပဒါ,

သစိတ္တပရိယောဒါပနံ,

ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှုဟူသမျှကို မပြုလုပ်ခြင်း,

ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း,

မိမိစိတ်ကို ဖြူစင်စေခြင်း,

ဤ သုံးပါးသည် ဘုရားရှင်တို့၏

အဆုံးအမတော်တည်း။

# ပထမတန်း

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အရကျက်ရမည့်စာများ။

[သူငယ်တန်း စာများကို မရသေးလျှင်
နှုတ်တက်ရပါစေ။]

### ငါးပါးသီလ။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

**ဆွမ်းကပ်။** ။ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာရုဏာတော်သခင် ရှင်တော်မြတ်ဘုရား အား **ဤ မွန်မြတ်သော ဆွမ်းတော်ကို လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား၊** ဤသို့ ဆက်ကပ် လှူဒါန်းရသောကုသိုလ်ကံ စေတနာကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလိုပါ၏ အရှင်ဘုရား။

**ရေချမ်းကပ်။** ။**"ဤ ကြည်လင် သန့်ရှင်းသော ရေချမ်းတော်ကို လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား"**ဟု လဲလှယ်၍ ဆို။

**ပန်းကပ်။** ။ **"ဤ တင့်တယ်လှပသော ပန်းတော်ကို လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား"**ဟု လဲလှယ်၍ ဆို။

**မီးကပ်။** ။**"အမိုက်အမှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းတောက်ပသော ဤ ဆီမီးကို**



**(ဤဓာတ်မီးကို) လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား"**ဟု လဲလှယ်၍ ဆို။

**တပည့်ဝတ် ငါးပါး။**

(၁) ဆည်းကပ်ချဉ်းခ,
(၂) ဆုံးမနာယူ,
(၃) လာမူကြိုဆီး,
(၄) ထံနီးလုပ်ကျွေး,
(၅) သင်တွေးအံ့ရွတ်, တပည့်ဝတ်, မချွတ်ငါးခုသာ။

**သားသမီးဝတ် ငါးပါး။**

(၁) ကျွေးမွေးမပျက်,
(၂) ဆောင်ရွက်စီမံ,
(၃) မွေခံထိုက်စေ,
(၄) လှူမျှဝေ၍,
(၅) စောင့်လေမျိုးနွယ်, ဝတ်ငါးသွယ်, ကျင့်ဖွယ်သားတို့တာ။

ပထမတန်းအရကျက်ရန် ပြီး၏။

## မဖတ်တတ်သေးမီ ပြောပြရန် ငါးပါးသီလအနက်နှင့် မြန်မာပြန်။

၁။ ။ပါဏာတိပါတာ–သူ့အသက်ကို သတ်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ–ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ဆောက်တည်ပါ၏၊ ... မြန်မာလို—သူ့အသက် သတ်ခြင်းမှ ရှောင်ပါ၏။

၂။ ။အဒိန္နာဒါနာ–မပေးအပ်သောသူ့ဥစ္စာကို ယူခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ–ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ဆောက်တည်ပါ၏။ ... မြန်မာလို—သူ့ဥစ္စာကို လိမ်၍ ခိုး၍ တိုက်ခိုက်လုယက်၍ ယူခြင်းမှ ရှောင်ပါ၏။

၃။ ။ကာမေသုမိစ္ဆာစာရာ–ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောကျင့်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ–ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို၊ သမာဒိယာမိ–ဆောက်တည်ပါ၏။ ... မြန်မာလို—(ယောကျ်ားများအတွက်) သူ့မယား သူ့သမီးပျိုများကို ကျူးလွန်ခြင်းမှ ရှောင်ပါ၏၊ (မိန်းမများအတွက်) မိမိယောကျ်ားမှ တစ်ပါးသော ယောကျ်ားတို့နှင့် ကျူးလွန်ခြင်းမှ ရှောင်ပါ၏။



၄။ ။မုသာဝါဒါ–မဟုတ်မမှန် ပြောဆိုခြင်းမှ၊ ဝေရဏိသိက္ခာပဒံ–ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို၊ သမာဒိ[ယ]ာမိ–ဆောက်တည်ပါ၏။...မြန်မာလို—လိမ်၍ ညာ၍ ပြောခြင်းမှ ရှောင်ပါ၏။

၅။ ။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ–ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည် အရက်ကို [သော]က်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ–ရှောင်ကြဉ်ကြောင်း [သိ]က္ခာပုဒ်ကို၊ သမာဒိယာမိ–ဆောက်တည်ပါ၏။... [မြ]န်မာလို—သေရည် အရက်သောက်ခြင်းမှ ရှောင်ပါ၏၊ သေရည် အရက်သာမက, မူးယစ်စေတတ် အလုပ်ကိစ္စ၌ မေ့လျော့စေတတ်သော ဘိန်း, ကဇော်, ဆေးခြောက် [စ]သည်ကို စားခြင်း ရှူခြင်းမှလည်း ရှောင်ရသည်။]

**ဆရာ။** ။"**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**"စသော သရဏဂုံ သုံးပါးတည်သူဟာ ဤ ငါးပါးသီလ ကိုလဲ လုံခြုံအောင် စောင့်စည်းနိုင်မှ လူကောင်း တစ်ယောက် ဖြစ်နိုင်မယ်၊ ဒါ့ကြောင့် ကလေးဘဝက စ၍ ဝတ်ထား သောပုဆိုး မြဲသလို ဤ ငါး ပါး သီလကို

အမြဲ စောင့်စည်းကြနော်၊ ဒီလို သရဏ
တည်လို့ အကျိုးရသောဝတ္ထုကို ပထ
ဖတ်ပြီး ငါးပါးသီလအကျိုးကို ဒုတိ
ဖတ်ပြမယ်။ [သူတို့ဘာသာ ဖတ်တ
လျှင်လဲ ဖတ်ပါစေ။]

## သရဏဂုံတည်သောအမျိုးသားအကြောင်း။

**အနောမဒဿီ** မြတ်စွာဘုရား ပွင့်တော်မူရာအခါ
မျက်မမြင် မိဘတို့ကို ပြုစုလုပ်ကျွေးနေသော လုလ
တစ်ယောက်သည် သရဏဂုံ သုံးပါးကို တစ်သက်
မပျက်အောင် ဆောက်တည်ခဲ့လေသည်၊ ထိုလုလင်သ
ထိုဘဝမှ သေလွန်လျှင် သရဏဂုံ ဆောက်တည်ထားေ
ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြ
လေသည်၊ ထိုနတ်သားသည် ထိုဘဝမှ စ၍ အပါ
လေးပါးသို့ မလားရဘဲ နတ်မင်းစည်းစိမ် လူမင်းစည်း
ကို အကြိမ်များစွာ ခံစား၍ ငါတို့ဘုရား ပွင့်တော်မူ
သောအခါ သာဝတ္ထိမြို့ဝယ် ဥစ္စာကြွယ်ဖြိုး သူဌေးမျ
ဖြစ်လာလေသည်။



ထို သူငယ်သည် ကစားဖော် သူငယ်များ၏ ရှေ့သွား ခေါင်းဆောင်ဖြစ်၍ အခါတစ်ပါး၌ ရဟန်းတော်များ၏ ကျောင်းတိုက်သို့ ရောက်သွားလေရာ, ရဟန္တာတစ်ပါးက သရဏဂုံ သုံးပါးကို ပေးလေလျှင်, ရှေးရှေး ဝါသနာ ပါလာသူဖြစ်၍ ခုနစ်နှစ်အရွယ်မှာပင် ရဟန္တာရဟန်းတော် ကလေး ဖြစ်ရလေသည်။

သုဘူတိဝဂ္ဂ, သရဏဂမနိယထေရအပဒါန် ပါဠိတော်။

## ငါးပါးသီလလုံသောအမျိုးသားအကြောင်း။

**အနောမဒဿီ** မြတ်စွာဘုရား လက်ထက်တော်၌ လုလင်တစ်ယောက်သည် ဆင်းရဲနွမ်းပါး၍ အစေခံဘဝဖြင့် နေရသော်လည်း ရဟန္တာတစ်ပါး၏ အထံ၌ ငါးပါးသီလ ခံယူ၍ အမြဲလုံခြုံအောင် စောင့်ထိန်းခဲ့လေသည်၊ တစ်သက်လုံး ထိုသီလကို စောင့်ထိန်း၍ သေခါနီးသော် ထိုသီလကိုပင် အမှတ်ရစွာ စုတေကာဖြင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ရလေသည်၊ ထိုနတ်သားလည်း အပါယ်လေးပါးသို့ မလားရဘဲ နတ်မင်းစည်းစိမ် လူမင်းစည်းစိမ် အကြိမ်များစွာ ခံစားရ၍ ငါတို့ ဘုရားလက်ထက်တော်၌ ဝေသာလီမြို့ဝယ် အထက်တန်းစားအမျိုးမှာ ဖြစ်လာလေသည်။

ထို သူငယ်သည် ငါးနှစ်သားအရွယ်သို့ ရောက်သ
အခါ မိဘနှစ်ပါးတို့ ငါးပါးသီလ ခံယူသံကို ကြားရ
ရှေးဝါသနာ ပါလာသောကြောင့် ထို နေရာမှာပင် သူ
သီလကို သတိရ၍ ရဟန္တာရဟန်းငယ် ဖြစ်သွားဝေ
သည်။

သုဘူတိဝဂ္ဂ, ပဉ္စသီလသမာဒါနိယထေရ အပဒါန်ပါဠိတော်။

**ဆရာ။** ။ကဲ ကဲ, ဒီ ဝတ္ထုနှစ်ပါးကို စဉ်းစားလျှ
ကလေးတို့ ဆောက်တည်တဲ့ သရဏ
သုံးပါးနှင့် ငါးပါးသီလဟာ အလွ
အကျိုးများကြောင်း ထင်ရှားတယ်နော်
ဒါပေမယ့် တစ်ခု သတိထားဖို့ လိုတယ
သရဏဂုံ ဆောက်တည်တဲ့ အမျိုးသာ
ဟာ အစကတည်းက မိဘကို ပြုစုနေ
ဖြစ်တော့ စိတ်ကောင်းရှိပုံ (လိမ္မာပုံ
မရဘူးလား။

**တပည့်များ။** ။လိမ္မာပုံရတယ် ဆရာ။

**ဆရာ။** ။ပြီးတော့ ငါးပါးသီလကြောင့် အကျိ
ရတဲ့ သူငယ်ဟာလဲ "**ရဟန္တာတစ်ပါးဌ**



**သီလ ခံယူတယ်**"ဆိုတော့ ဘုရား တရား သံဃာကို ကြည်ညိုပြီး သရဏဂုံတည်သူ မဟုတ်ပေဘူးလားကွဲ့။

**တပည့်များ။** ။တည်မှာပါပဲ ဆရာ။

**ဆရာ။** ။အဲ, သည်တော့ကာ—ကလေးများလဲ ဘုရား တရားနှင့် အရိယာသံဃာ, ကောင်းမွန်စွာ နေထိုင်တဲ့ ရဟန်းတော်များကို ကိုးကွယ်ဆည်းကပ်တဲ့ သရဏဂုံနှင့် ငါးပါးသီလ လုံခြုံတဲ့အပြင်, စိတ်ကောင်းရှိသော လူလိမ္မာကလေးများ ဖြစ်ကြကွဲ့. နော်၊ ဒါမှ ဝတ္ထုကြောင်းမှာပါတဲ့ အမျိုးကောင်းသားများလို အပါယ်လေးပါးက လွတ်ပြီး ဘဝတိုင်း ချမ်းချမ်း သာသာနဲ့ ရဟန္တာ ဖြစ်နိုင်ကြမယ်။

## အပါယ်လေးပါး အကြောင်း။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ—အဲဒီ အပါယ်လေးပါးဆိုတာက ဘယ်ဟာပါတုန်း။

**ဆရာ။** ။အေး အေး, အပါယ်လေးပါးကို ပြော
မယ်၊ ဒီအပါယ်လေးပါးဟာ ဩကာ
ဆုတောင်းမှာလဲ ပါတယ်၊ အပါ
လေးပါးဆိုတာ—ငရဲ, တိရစ္ဆာန်, ပြိတ္တ
အသုရကာယ် ဒီ လေးပါးပဲ။

**ဆရာ။** ။**"ငရဲ"**ဆိုတာ ဘယ်မှာလဲလို့ သိ
လား။

**တပည့်များ။** ။ **"မသိပါ ဆရာ"** [တချို့က
**ပါတယ် ဆရာ"**ဟု ဖြေလျှင် အ
ခိုင်း၍ ဟုတ်လျှင် ချီးမွမ်းစကား ပြော
မဟုတ်လျှင်လဲ အပြစ်မတင်ဘဲ ပြေ
ပါ။]

**ဆရာ။** ။**"ငရဲ"**ဆိုတာ ဒီမြေကြီးရဲ့ အောက်ပိုင်
ရှိတယ်၊ လူ့ပြည်မှာ လူဆိုးတွေကို ဖေ
ပြီး ဒုက္ခပေးနေသော**"ထောင်"**ရှိနေ
ဒီမြေကြီး အောက်ပိုင်းမှာလဲ မကေ
တာတွေ လုပ်နေသူများသေရင် ဒုက္ခ
ဖို့ရာ ငရဲ ထောင်ကြီးတွေ ရှိတယ်



**ဆရာ။** ။**"တိရစ္ဆာန်"**ဆိုတာက ဘယ်လို ဟာတုန်း
လို့ သိကြရဲ့လား။

**တပည့်များ။** ။သိ–မသိ နှစ်မျိုး ဖြေလိမ့်မည်။

**ဆရာ။** ။ခြင်သေ့တွေ, ဆင်တွေ, ကျားတွေ, မြွေ
တွေ, နွားတွေ, ကျွဲတွေ, မြင်းတွေ, ခွေး
တွေ, ကြက်တွေ, ငှက်တွေ, သန်းက
လေးတွေ, ကြမ်းပိုး (ဂျပိုး) ကလေးတွေ
အဲဒီလို အကောင်တွေကို**"တိရစ္ဆာန်"**
လို့ ခေါ်တယ်၊ သူတို့လဲ ငရဲ ကျသွားတဲ့
သူများလောက်သာ မဆင်းရဲတာ၊ လူတွေ
က ရိုက်နှက် ပစ်ခတ် သတ်ဖြတ်တာကို
ခံရတယ်၊ လူတွေက ခိုင်းတာကို ခံရ
တယ်၊ အစာ ဝအောင် မစားရဘူး၊
ဒါ့ကြောင့် တိရစ္ဆာန် ဖြစ်ရတာလဲ ဆင်းရဲ
တာပဲ။

**ဆရာ။** ။**"ပြိတ္တာ"**ဆိုတာ ဘယ်လို ဟာလဲလို့
သိကြရဲ့လား။

**တပည့်များ။** ။သိ–မသိ နှစ်မျိုး ဖြေလိမ့်မယ်။

**ဆရာ။** ။ရိုးရိုးမျက်စိနဲ့ မမြင်ရတဲ့ တစ္ဆေသူရဲ (သားဘက်) တောတောင် အရပ်များ၌ အစာ မစားရ, ရေ မသောက်ရဘဲ မီးလောင် ခံနေရ, အရိုက် အနှက်ခံနေရတဲ့ အကောင် တွေ ရှိသေးတယ်၊ အဲဒီ အကောင်တွေကို **"ပြိတ္တာ"**လို့ ခေါ်တယ်၊ [တစ်ခါတစ်ခါ သူတို့က ပြရင်လဲ မြင်ရတယ်၊ တန်ခိုး ကြီးတဲ့ သူများလဲ မြင်ရတယ်။]

**ဆရာ။** ။**"အသုရကာယ်"**ဆိုတာက ဘယ်မှာလဲ လို့ သိကြရဲ့လား။

**တပည့်များ။** ။**"မသိပါ ဆရာ"**။

**ဆရာ။** ။**"အသုရကာယ်"**ဆိုတာ ပြိတ္တာထက် ပိုပြီး ဒုက္ခခံနေရတဲ့ အကောင်ကြီးတွေဘဲ၊ ရှေးတုန်းက အသုရာကြီးတစ်ကောင်ဟာ ရေငတ်လွန်းလို့ ဂင်္ဂါမြစ်ထဲ ဆင်းပြေး သော်လည်း ရေမတွေ့ရဘဲ မီးအခိုးတွေ ထနေတာကိုသာ တွေ့ရသတဲ့၊ တစ်ညည့် လုံး ရေရှာယင်း မိုးလင်းတော့ ဆွမ်းခံ ကြွလာတဲ့ ရဟန်းသုံးကျိပ်က တွေ့လို့



ပက်လက် အအိပ်ခိုင်းပြီး ပါးစပ်ထဲ ရေ လောင်း ပေးကြတယ်၊ ရဟန်းတော် သုံးကျိပ် တစ်မနက်လုံး လောင်းတာ တောင် ရေတစ်ပေါက်မှ ဝမ်းထဲ မဝင်ဘူး တဲ့၊ ဒါလောက်ပဲ ဆင်းရဲကြ ရှာတယ်။

သမ္မောဟဝိနောဒနီ-ခန္ဓဝိဘင်္ဂ အဋ္ဌကထာ။

## ကပ်သုံးပါးအကြောင်း။

**တပည့်များ။** ။**"ကပ်သုံးပါး"**ဆိုတာက ဘယ်ဟာ ပါလဲ ဆရာ။

**ဆရာ။** ။ကပ်သုံးပါးဆိုတာ (၁) သတ္ထန္တရကပ်, (၂) ရောဂန္တရကပ်, (၃) ဒုဗ္ဘိက္ခန္တရကပ် ဒီ သုံးပါးကို ခေါ်တယ်။

**သတ္ထန္တရကပ်။** ။ဓားလှံ သေနတ် ဗုံး စသော လက်နက်ကြောင့် သေချိန် မကျဘဲ သေရ ခြင်းသည် သတ္ထန္တရကပ် မည်၏၊ စစ်ကြီး ဖြစ်သည့်အခါ သတ္ထန္တရကပ် တိုက်၍ သေရသူတွေ များ၏။

**ရောဂန္တရကပ်**။ ။အနာရောဂါဖြစ်၍ သေချိန် မကျဘဲ သေရခြင်းသည် ရောဂန္တရကပ် မည်၏၊ ပလိပ်ရောဂါ ကာလဝမ်းရောဂါ ကျောက်ရောဂါ စသည်ဖြင့် သေရသူ မျိုးတည်း။

**ဒုဗ္ဘိက္ခန္တရကပ်**။ ။အစာငတ်၍ သေချိန် မကျဘဲ သေရခြင်းသည် ဒုဗ္ဘိက္ခန္တရကပ် မည်၏၊ [သတ္ထ=လက်နက်၊ ရောဂ+ရောဂါ၊ ဒုဗ္ဘိက္ခ=အစာရှားပါးခြင်း+အန္တရ=သေချိန်မရောက်မီ အကြား၌+ကပ္ပ= ပျက်စီးရခြင်း၊] ထို ကပ်သုံးမျိုးတွင် တစ်မျိုးမျိုးနှင့် တိုက်ဆိုင်နေသည်ကို "**ကပ်တိုက်သည်**" ဟု ခေါ်သည်၊ [ရုပ်ပြစ်ရှစ်ပါး စသည်ကို အထက်တန်းကျမှ ပြောဦးမယ်။]

## ပါဏာတိပါတသိက္ခာပုဒ်။

**ဆရာ**။ ။"**ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ**"လို့ ဆောက်တည်ထားသူ



ဟာ လူ့အသက်လဲ မသတ်ရဘူး, ကြက် ငှက်တို့ရဲ့ အသက်လဲ မသတ်ရဘူး၊ ကြက်ဥ ဘဲဥ သန်းဥတို့ကိုလဲ အထဲက အကောင် မပျက်သေးလျှင် မကြော်ရ မပြုတ်ရ မတုတ်ရဘူး၊ အသေမသတ်ဘဲ ကြိုးပဲ့ ကန်းသွားအောင် နာကျင်အောင် လဲ မညှဉ်းဆဲရဘူး၊ သတ်ဖြတ် ညှဉ်းဆဲ တဲ့ သူဟာ သေရင် ငရဲ ကျရတတ်တယ်၊ ငရဲက လွတ်ရင် ပြိတ္တာ ဖြစ်တတ်တယ်၊ ကလေးများမှာ ကိုယ်ချင်းစာတရား အမြဲ ရှိရမယ်၊ ကလေးများကို သူများက သတ်ရင် ညှဉ်းဆဲရင် သဘောကျ သလား, မကျဘူးလား။

**တပည့်များ**။ ။သဘော မကျဘူး ဆရာ။

**ဆရာ**။ ။အေး, ကိုယ့်ကို ရိုက် နှက် ညှဉ်းဆဲရင် နာသလို ကလေးများက နိုင်တဲ့သူကို ညှဉ်းဆဲရင် နာမှာဘဲ, မခံချင်မှာဘဲ၊ ဒါကြောင့် ကိုယ်ချင်းစာပြီး သူများကို

မညှဉ်းဆဲ ရဘူးလို့ ဘုရားက ဟောတော်မူထားတယ်၊ ဆရာ ဖတ်ပြမယ်။

* **"သတ္တဝါဟူသမျှတို့သည် တုတ် (ဓားစသည်) မှ ကြောက်ကြကုန်၏၊ သတ္တဝါဟူသမျှတို့သည် သေရမည်မှ ကြောက်ကြကုန်၏၊ မိမိ(ကြောက်လန့်မှု)ကို ဥပမာပြု၍ (ကိုယ်ချင်းစာ၍) သူတစ်ပါးကို မညှဉ်းဆဲရ, မသတ်ရ"။**

## ငါးကိုညှဉ်းဆဲသောကလေးများအား တရားဟောပုံ။

ဘုရား လက်ထက်တော်အခါ၌ များစွာသော လူငယ်တစ်စုတို့သည် သာဝတ္ထိမြို့နှင့် ဇေတဝန်ကျောင်းတိုက်၏ လမ်းခရီးအကြား၌ ငါးတို့ကို ညှဉ်းဆဲနှိပ်စက် နေကြလေသည်၊ ဗုဒ္ဓမြတ်စွာသည် ဆွမ်းခံကြွတော်မူလာစဉ် တွေ့မြင်တော်မူ၍ ထိုလူငယ်များ၏ အနီးသို့ ကြွတော်မူပြီးလျှင်

---

* သဗ္ဗေ တသန္တိ ဒဏ္ဍဿ, သဗ္ဗေ ဘာယန္တိ မစ္စုနော၊
အတ္တာနံ ဥပမံ ကတွာ, န ဟနေယျ န ဃာတယေ။
(ဓမ္မပဒ, ဒဏ္ဍဝဂ္ဂ, ဆဗ္ဗဂ္ဂိယဘိက္ခု ဝတ္ထု။)



**"သင်တို့ကိုယ်တိုင် ဆင်းရဲမှုကို ကြောက်ကြရဲ့ မဟုတ်လား, ဆင်းရဲဒုက္ခကို ရွံမုန်းကြရဲ့ မဟုတ်လား"**ဟု မေးတော်မူလေသည်၊ ထိုအခါ၌ လူငယ်အားလုံးပင် **"ဆင်းရဲမှုကို ကြောက်ကြပါသည်၊ ဆင်းရဲဒုက္ခကို ရွံမုန်းကြပါသည်"**ဟု လျှောက်ကြလေသည်၊ ထိုအခါ တရားဟောတော်မူသည်မှာ—

* **"သင်တို့သည် ဆင်းရဲမှုကို ကြောက်ကြရင်, ဆင်းရဲဒုက္ခကို ရွံမုန်းကြရင်, (လူများ၏) ရှေ့မှာ ဖြစ်စေ, ကွယ်ရာမှာ ဖြစ်စေ ယုတ်မာသော အလုပ်ကို မပြုလုပ်ကြနှင့်"။**

ကဲ ကဲ, ဒီတရားတော်များနှင့် ညီမျှအောင် သူ့အသက်ကို မသတ်ပါ, မညှဉ်းဆဲပါဘူးဆိုတဲ့ သိက္ခာပုဒ်ကို ဆောက်တည်ကြကွဲ့။ [ဆရာက **"ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"**ဟုချပေးပါ၊ ကလေးများ သံပြိုင်

---

* သစေ ဘာယထ ဒုက္ခဿ, သစေ ဝေါ ဒုက္ခမပ္ပိယံ၊
မာကတ္ထ ပါပကံ ကမ္မံ, အာဝိဝါ ယဒိဝါ ရဟော။
(ဥဒါန်း, သောဏတ္ထေရဝဂ္ဂ, ငါးညှဉ်းဆဲသော သူငယ်များဝတ္ထု။)

ညီညီလိုက်၍ ဆိုစေ၊ မြန်မာလိုလဲ**“သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏”**ဟု ချပေး၊ ညီညီလိုက်၍ ဆိုစေ။]

### အဒိန္နာဒါနသိက္ခာပုဒ်။

**ဆရာ။** ။ဗုဒ္ဓမြတ်စွာက **“ကိုယ်ချင်းစာ ရမယ်၊ ကိုယ်ဆင်းရဲမှာ ကြောက်ရင် သူများကို ဆင်းရဲအောင် မလုပ်ကြနဲ့”**လို့ ဆုံးမတော်မူထားတယ်၊ သည်တော့ အဒိန္နာဒါနစသောသီလအတွက် စဉ်းစားကြစို့၊ ကိုယ့်ဥစ္စာကို တစ်ခြားလူက ခိုးရင် လုယူရင် ခံချင်သလား၊ မခံချင်ဘူးလား။

**တပည့်များ။** ။မခံချင်ဘူး ဆရာ။

**ဆရာ။** ။မခံချင်ပေမယ့် နိုင်တဲ့သူက အတင်းယူရင် ဓားပြတိုက်ရင် စိတ်မှာ ဆင်းရဲမလား၊ မဆင်းရဲဘူးလား။

**တပည့်များ။** ။ဆင်းရဲမယ် ဆရာ။

**ဆရာ။** ။အဲ၊ ကိုယ့်ဥစ္စာခိုးရင်၊ လုရင်၊ ဓားပြတိုက်ရင် မခံချင်ဘဲ စိတ်ဆင်းရဲသလို တစ်ခြား



လူတွေလဲ သူတို့ဥစ္စာခိုးရင် မခံချင်ရှာမှာဘဲ၊ ဆင်းရဲရှာမှာပဲလို့ ကိုယ်ချင်းရှာပြီးတော့ သူများဥစ္စာကို တစ်သက်လုံး မခိုး ဘူး၊ မလုဘူး၊ ဓားပြ မတိုက်ဘူးလို့ စိတ်မှာ ထားကြကွဲ့၊ နှုတ်ကလဲ ရွတ်ပြီး ဆောက်တည်ကြပါဦး၊ [ဆရာကနှုတ်တိုက် ချပေး။]

**တပည့်များ။** ။(သံပြိုင်ညီညီ) **အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

**ဆရာ။** ။မြန်မာလိုကွဲ့ **“သူ့ဥစ္စာကို ခိုးယူ လုယက်ခြင်းမှ ရှောင်ကြဉ်ပါ၏”**ဟု ချပေး။

**တပည့်များ။** ။ညီညီ သံပြိုင်လိုက်ဆို။

### ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်။

**ဆရာ။** ။ကလေးများက ငယ်ကြသေးလို့ နားမလည်ပေမယ့် ကိုယ့်မယားကို သူများခိုးပြီး လွန်ကျူးရင် သိပ် နာတာပဲ၊ ဒါကြောင့် သူ့မယားကို ဘယ်တော့မှ မခိုးပါဘူးလို့ ဆောက်တည်ကြ၊ မိန်းကလေးများလဲ

ကိုယ့်ယောက်ျားက လွဲပြီး တစ်ခြား ယောက်ျားနဲ့ မဖောက်ပြန်ပါဘူးလို့ စိတ်ကို ပိုင်းထားကြ၊ [ဆရာက **"ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"**လို့ တိုင်ပေး၊ တပည့်များ လိုက်ဆို။]

**မြန်မာလို တိုင်ပေး။** ။သူ့မယား သူ့သမီးပျိုကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ပါ၏။ (မိမိယောက်ျားမှ တစ်ပါးသောယောက်ျားတို့နှင့် ဖောက်ပြန်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဟု မိန်းကလေးများ ဆိုစေ။)

### မုသာဝါဒသိက္ခာပုဒ်။

**ဆရာ။** ။ကလေးများကို လိမ်ရင် ညာရင် ခံချင်မလား။

**တပည့်များ။** ။မခံချင်ဘူး ဆရာ။

**ဆရာ။** ။အေး အေး, ကိုယ်ချင်းစာပြီးတော့ သူများကို မလိမ်ကြနဲ့, မညာကြနဲ့ကွဲ့၊ ဘယ်သူက



မေးမေး မှန်တာပြောကြ၊ လိမ်ပြောရလောက်အောင် ကိုယ့်မှာလဲ အပြစ် မရှိကြစေနဲ့၊ နည်းနည်းပါပါး အပြစ်ကလေး ပြုမိတဲ့အခါ ဆရာတို့ မိဘတို့က ပြုမိသလားလို့ မေးရင်**"ပြုမိပါတယ်"**လို့ မှန်မှန် ဝန်ခံကြ၊ ဆရာ မိဘတို့က **"နောင် မလုပ်နဲ့"**လို့ ပြောလိမ့်မယ်၊ လိမ်ပြောတာကို **"မုသာဝါဒ"**လို့ ခေါ်တယ်၊ မြန်မာလိုတော့ **"မုသား ပြောတယ်"**လို့ ဆိုကြတယ်၊ ကဲ ကဲ, တစ်သက်လုံး မုသား မပြောပါဘူးလို့ ဆောက်တည်ရအောင်၊ [ဆရာက**"မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"**လို့ တိုင်ပေး၊ တပည့်များက သံပြိုင် ညီညီလိုက်ဆိုစေ။]

**မြန်မာလိုကွဲ့။** ။"လိမ်၍ ညာ၍ ပြောခြင်းမှ ရှောင်ကြဉ်ပါ၏"။

### သုရာမေရယသိက္ခာပုဒ်။

**ဆရာ။** ။သေရည် အရက်သောက်တော့ မူးတယ်ကွဲ့၊ အဲဒီလို မူးယစ်လာတဲ့အခါ ကိုယ်လုပ်ရမယ့် အလုပ်ကို မေ့နေတယ်ကွဲ့၊

မမေ့ရင်လဲ ကောင်းကောင်းလုပ်ဖို့ မဖြ
ဘူးကွဲ့၊ မယုံရင် လူနာကို ခွဲစိတ်ကု
ရတဲ့ ဆရာဝန်များကို မေးကြည့်စ
အရက် သောက်ပြီး လူနာကို ခွဲစိတ်ကု
ရင် ဖြစ်ပါ့မလားလို့။

ကျေးရွာများမှာတော့ ပွဲရှိရင် တန်းရည်မူး
တယ်ကွဲ့၊ ထန်းရည်ကို ရဲဆေးလို့
ခေါ်ကြတယ်၊ မူးပြီးရင် ကြောက်တ
တဲ့ သူတောင် ရဲပြီး ရန်ဖြစ်ကြ ရိုက်
ခုတ်ကြတာပဲ။

မြို့ကြီးများမှာတော့ အရက် သောက်ပြီး
နဂိုက မကဝံ့တဲ့ လူကြီး လူကောင်း
အမျိုးသမီးတွေဟာ တစ်ယော
တစ်ယောက်တွဲပြီး ရင်ချင်းကပ်ပြီး
ဝံ့ကြသတဲ့ကွဲ့။

ဒါလောက်တောင် အရှက်နည်းအောင် မိုက်
ဖြစ်အောင် အလုပ်ကိစ္စတို့၌ မေ့
လျော့လျော့ ပေါ့ပေါ့ဆဆ ဖြစ်အေ



ပြုတတ်တဲ့ ဒီ အရည်ကို လူကောင်းတစ်
ယောက် ဖြစ်ချင်တဲ့လူဟာ သောက်စား
လို့ တော်မလား, မတော်ဘူးလား
ကွယ်ရို့။

**တပည့်များ။** ။မတော်ဘူး ဆရာ။

**ဆရာ။** ။အေး အေး, ဒီလို မူးယစ်စေတတ်သော
ထန်းရည်(သေရည်) အရက် ဘိန်း ကဖော်
လှော်စာတို့ကို တစ်သက်လုံး ရှောင်ကြရ
အောင်ကွဲ့။

**တိုင်ပေး။** ။**သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရ
မဏိသိက္ခာပဒံ သမာဒိယာမိ။** [**"သုရာ"**
ဟု မဆိုဘဲ **"သုရာ"**ဟု ဆိုပါ။]

**တပည့်များ။** ။သံပြိုင် ညီညီလိုက်ဆို။

**မြန်မာလို။** ။**"သေရည် အရက်ကို သောက်စား
ခြင်းမှ ရှောင်ပါ၏"**ဟု တိုင်ပေး။

**တပည့်များ။** ။သံပြိုင် ညီညီ လိုက်ဆို။

[ဤနေရာ၌ ဆရာများသည် ငါးပါးသီလပျက်၍
ငရဲ၌ကျရသော ဇာတ်ဝတ္ထုများကို ရေးသားထားသော

ဘုရားတန်ဆောင်း စသောအရပ်များသို့ (ဥပုသ်နေ့များ၌) တပည့်များကို ခေါ်၍ ပြသင့်ကြသည်။]

### ဘဝတိုင်းမကောင်းမှုလိုက်ပုံ။

**ဆရာ။** ။သူ့ အသက်သတ်မှုက စ၍ အရက်သောက်မှုအထိ အမှုတွေဟာ ကောင်းတဲ့အမှုလား, မကောင်းတဲ့အမှုလား။

**တပည့်များ။** ။မကောင်းတဲ့အမှုဘဲ ဆရာ။

**ဆရာ။** ။ဒီလို မကောင်းမှုတွေ လုပ်နေရင် (သတ်ကြ, လုကြ, ခိုးကြ လုပ်နေရင်) လူတွေမှာ ချမ်းသာမလား, ဆင်းရဲမလား။

**တပည့်များ။** ။ဆင်းရဲမယ် ဆရာ။

**ဆရာ။** ။အေး, လူတွေကို ဆင်းရဲအောင်လုပ်တဲ့ အလုပ်ဟူသမျှကို **"မကောင်းမှု"**လို့ မှတ်ထားကြ၊ ဒီ မကောင်းမှုကိုပဲ စာထဲမှာတော့ **"အကုသိုလ်"**လို့လဲ ခေါ်တယ်။

**ဆရာ။** ။အဲဒီ မကောင်းမှုဟာလေ ပြုသူကို ဒုက္ခပေးဖို့ရာ အမြဲလိုက်ပါ နေသလိုပဲ



ဒီ ဘဝမှာ ကိုယ်က သူ့ကိုသတ်ရင် နောက်ဘဝတွေမှာ ကိုယ့်သတ်မယ့်သူ ပေါ်တတ်တယ်၊ သတ်မယ့်သူ မပေါ်ရင်လဲ လက်နက် တစ်မျိုးမျိုးနဲ့ထိပြီး သေရတတ်တယ်၊ ဒီ ဘဝမှာ သူ့ကို ကန်းအောင် နှိပ်စက်ရင် နောက်ဘဝ တစ်ခုခုမှာလဲ မျက်စိကန်းအောင် နှိပ်စက်မယ့်သူ ပေါ်လာတတ်တယ်၊ ဒီလို ပေါ်မလာရင်လဲ ရောဂါဖြစ်ပြီး ကန်းတတ်တယ်၊ ဗုဒ္ဓမြတ်စွာ ဟောတော်မူတဲ့ တရားတော်ကို ဆရာဖတ်ပြမယ်, နားထောင်ကြစမ်း။

*** "ပျက်စီးသောစိတ် (မကောင်းသောစိတ်)ဖြင့် ပြောဆိုပြုလုပ် (အားထုတ်ကြံစီ) သူ၏ နောက်သို့ ဒုက္ခသည် အစဉ်လိုက်ပါနေ၏။**

---

* **မနသာ စေ ပဒုဋ္ဌေန, ဘာသတိ ဝါ ကရောတိ ဝါ၊ တတော နံ ဒုက္ခမန္ဝေတိ, စက္ကံဝ ဝဟတော ပဒံ။**

(ဓမ္မပဒ, ယမကဝဂ္ဂ, စက္ခုပါလထေရဝတ္ထု။)

**ဥပမာ—လှည်းဝန်ကို ဆောင်နေသေ
နွား၏နောက်သို့ လှည်းဘီး လိုက်ပါ
သကဲ့သို့တည်း"။**

ဆရာ။ ။**"လှည်းဝန်ဆောင်နွား၏ နောက်**
**လှည်းဘီး ပါနေသလို မကောင်းမှု ပြု**
**၏နောက်က (ဘဝတိုင်း) ဒုက္ခပါ**
**တယ်"**ဆိုတဲ့ တရားတော်နဲ့စပ်ပြီး ဝတ္ထု
တစ်ခုကို ပြောပြမယ်, နားထောင်ကြ

## စက္ခုပါလမထေရ်အကြောင်း။

လွန်လေပြီးသောအခါ **ဗာရဏသီ**ပြည်၌ မျက်စိ
ဆရာတစ်ယောက်သည် မျက်စိအားနည်းနေသော မိန်း
တစ်ယောက်ကို တွေ့၍ **"ပျောက်အောင် ကုပေးမ
ဆရာ့အတွက် ဘာ ပေးနိုင်မလဲ"**ဟု မေးလေသည်၊ မိန်း
သည် **"ပျောက်ရင် (ပေးစရာ မရှိ၍) ကျွန်ခံပါမည်"**
ပြောလေ၏၊ အလွန် မျက်စိကု ကောင်းသောဆရာသ
ဆေးတစ်ခွက်ဖြင့်ပင် မျက်စိ လင်းလာအောင် ကုပေး
သည်။



မိန်းမသည် ကျွန်ခံရမည်ကို ကြောက်သောကြေ
ဆရာလာ၍ **"ဘယ်လို နေသေးသလဲ"**ဟု မေးသည့်အ
**"ရှေးတုန်းက နည်းနည်းကိုက်ပြီး ယခုတော့ သာ
ကိုက်တယ်"**ဟု လိမ်၍ ပြောလေသည်၊ ဆရာသ
လိမ်၍ ပြောမှန်းသိသောကြောင့် ဆေးတစ်မျိုး ဖော်စပ်
ပေးလေရာ မိန်းမ၏မျက်စိသည် တစ်ခါတည်း ကန်းသွ
လေတော့၏။

ထိုကဲ့သို့ မကောင်းသောစိတ်ဖြင့် မျက်စိကန်းအော
ဆေးပေးခဲ့သောဆရာသည် ငါတို့ဘုရားလက်ထက်တော်
**"စက္ခုပါလ"**မည်သော ရဟန်းတော်တစ်ပါး ဖြစ်လာ
ခြောက်ကျိပ်သော ရဟန်းများနှင့် တောရွာတစ်ခု၌ တရ
အားထုတ်နေစဉ် မျက်စိနာသောရောဂါ စွဲကပ်ပါသေ
လည်း နောက်မဆုတ်ဘဲ အားထုတ်မြဲ အားထုတ်လေ
ရဟန္တာလည်းဖြစ်၍ မျက်စိလည်း ကွယ်ရှာလေတော့သည

ဓမ္မပဒ အဋ္ဌကထာ, ယမကဝဂ္ဂ, စက္ခုပါလဝတ္ထု။

**ဆရာ။** ။ဒီဝတ္ထု၌ ရှေးဘဝက မိန်းမကို ကန်းအော
လုပ်ခဲ့တဲ့ မကောင်းမှုဟာ အခွင့်သာ
ဒုက္ခပေးဖို့ ဘဝတိုင်း လိုက်ပါနေ

အခွင့်သာတဲ့ဘဝမှာ ရဟန္တာဖြစ်ပါလျက်
မျက်စိကန်းအောင် ဒုက္ခ ပေးတယ်ကွဲ
ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာက **"ကိုယ်ဆင်း**
**မှာ ကြောက်ရင် သူများကို ဒုက္ခရောက်**
**အောင် မလုပ်ကြနဲ့"** လို့ တားမြစ်တော်
တာပဲ၊ ဘယ် နေရာမဆို သူများဆင်း
အောင် မလုပ်ကြနဲ့နော်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

ဂ။

## မကောင်းတာကို ကောင်းတာနှင့်နိုင်ခြင်း။

**ဆရာ။** ။**စက္ခုပါလ** မထေရ်ဝတ္ထုမှာ မျက်စိကု
ဆရာနဲ့ မျက်စိနာ မိန်းမတို့တွင် ဘယ်သူ
က စပြီး မကောင်းသလဲကွဲ့။

**တပည့်များ။** ။မိန်းမက စပြီး လိမ်လို့ မိန်းမက
စပြီး မကောင်းတယ်။

**ဆရာ။** ။မိန်းမက စပြီး မကောင်းတော့ ဆေးဆရာ
ကကော ကောင်းသလားကွဲ့။

**တပည့်များ။** ။ဆေးဆရာကလဲ နောက်တော့
(မျက်စိကန်းသွားအောင် လုပ်လို့) မကောင်း
တော့ဘူး ဆရာ။



**ဆရာ။** ။အဲဒီလို မကောင်းတော့ ဆေးဆရာမှာ
ကောင်းတဲ့အကျိုး ရသေးရဲ့လား, ဘယ်
ဘဝမှာ ဘာဖြစ်ရသလဲ။

**တပည့်များ။** ။ကောင်းတဲ့အကျိုး မရတော့ဘူး
ဆရာ၊ **စက္ခုပါလ**မထေရ်ဘဝမှာ မျက်စိ
ကန်းရတယ်။

**ဆရာ။** ။မှတ်ထားကြ၊ မကောင်းတဲ့ သူကို
မကောင်းတဲ့နည်းနဲ့ ပြန်ပြီး လက်စား
ချေလို့တော့ နောက်တစ်နေ့မှာ ကိုယ်လဲ
မကောင်းဒုက္ခ ရဦးမှာပဲ၊ သည်တော့
မကောင်းတဲ့သူကို ကောင်းတဲ့နည်းနဲ့
အနိုင်ယူရမယ်ကွဲ့၊ ဓာတ်တော်မှာပါတဲ့
တရားတော်လေးပုဒ်ဟာ အလွန် မှတ်စရာ
ကောင်းတယ်၊ ဆရာ ဖတ်ပြမယ်။

၁။ စိတ်ဆိုးနေသူကို မိမိကပြန်၍ စိတ်မဆိုးခြင်း
ဖြင့် အနိုင်ယူရမည်။

၂။ လူကောင်း မဟုတ် (လူယုတ်မာ)ကို မိမိက
လူကောင်းလုပ်၍ အနိုင်ယူရမည်။

တိရစ္ဆာန်ကို ဖြစ်စေ ချမ်းသာစေချင်တဲ့ စိတ်နဲ့ ထမင်းကျွေးရင်လဲ ဒီအကျိုးများ ထိုက်တန်သလောက် ရနိုင်တယ်ကွဲ့။

[အောက်ပါ သံပေါက်ကို ချပေး, ညီတူ လိုက်ဆိုစေ။]

**"သက်ရှည်–ဆင်းလှ, ချမ်းသာရ, ဗလ–ဉာဏ်ပညာ။**

**ဆွမ်းလှူအကျိုး, ဤငါးမျိုး, တန်ခိုးကြီးလှစွာ"။**

## ရေလှူရသောအကျိုး။

**ဆရာ။** ။ကလေးများကို ရေလှူဖို့ရန် သင်ပေးခဲ့တယ် မဟုတ်လား၊ ရေလှူရတဲ့အကျိုးကို ဆရာ ဖတ်ပြဦးမယ်။

**ပဒုမုတ္တိုရ်**မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသော အခါ ဗုဒ္ဓဘာသာဝင် လူအပေါင်းတို့သည် ဗောဓိပင်ကို ရေစင်ရေကောင်းတို့ဖြင့် သွန်းလောင်း ပူဇော်ကြလေသည်၊ ထိုအခါ အမျိုးသားတစ်ယောက်သည် လှပသောရေအိုး၌ နံ့သာထုံထားသောရေတို့ကို ထည့်၍ ဗောဓိပင်ကို သွန်းလောင်း ပူဇော်လေသည်၊ ထို အမျိုးသားသည် ထိုဘဝမှ စုတေသော် တုသိတာနတ်ပြည်၌ ဖြစ်၍



ထိုဘဝမှ နောက်၌ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်ကို အကြိမ်ကြိမ် ခံစားကာ ငါ့တို့ ဘုရားလက်ထက်တော်အခါ ဝယ် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုပြီးလျှင် **"ဂန္ဓောဒကိယမထေရ်"** ဟူသော အမည်အားဖြင့် ထင်ရှားသော ရဟန္တာ တစ်ပါး ဖြစ်လာလေသည်။

ဗိဇနိဝဂ္ဂ, ဂန္ဓောဒကိယတ္ထေရ အပဒါန်ပါဠိတော်။

## ရေလှူရသော အကျိုးဆယ်ပါး။

**ဆရာ။** ။ဘုရားကို ဖြစ်စေ, ရဟန်းသံဃာတော်ကို ဖြစ်စေ သန့်ရှင်းကြည်လင်သော ရေစင်ရေကောင်းကို သောက်ဖို့ ချိုးဖို့ လှူဒါန်းသူဟာ ဖြစ်လေရာဘဝ၌ ဆယ်မျိုးသော အကျိုးကိုလဲ ရနိုင်တယ်တဲ့ကွဲ့၊ အကျိုးဆယ်ပါးကတော့–(၁) အသက်ရှည်ခြင်း, (၂) အဆင်းလှခြင်း, (၃) ချမ်းသာခြင်း, (၄) ခွန်အား (ဗလ) ကောင်းခြင်း, (၅) ဉာဏ်ပညာထက်ခြင်း, (၆) သန့်ရှင်း စင်ကြယ်ခြင်း, (၇) နာမည်ကျော်စောခြင်း, (၈) ခြွေရံပေါခြင်း, (၉) လျင်မြန်ခြင်း,

(၁၀) ရေ မငတ်ခြင်း အဲဒီ ဆယ်ပါးပဲ
ခရီးသွားတုန်း ရေငတ်လာသူကို ဖြစ်စေ, ရေင
နေသော ခွေးကလေး ငှက်ကလေးများက
ဖြစ်စေ စိတ်ကောင်းကောင်းနဲ့ ရေတိုက
ပေးရင်လဲ ဒီ အကျိုးဆယ်ပါးကို ရတာ
ကွဲ့၊ ဒါ့ကြောင့် ရေငတ်တဲ့ သူများတွေ့ရ
ရေအလှူ ပေးကြပါကွယ်၊ [အောက်
ဆောင်ပုဒ်ကို အရကျက်ပါစေ, ဆရာ
တိုင်ပေး, တပည့်များက လိုက်ဆို။]

**သက်ရှည်–ဆင်းလှ, ချမ်းသာရ, ဗလ–ဉာဏ
ပညာ။**

**စင်ကြယ်သန့်ရှင်း, ကျော်စောခြင်း, ခပင်းခြွေ
ကာ။**

**ရေ မငတ်ပြား, လျှင်မြန်သွား, ဆယ်ပါး ရေကျ
လာ။**

**တပည့်များ။** ။ထမင်း ပေးတုန်းကတော့ အက
ငါးပါးထဲ, ရေပေးတော့ ဆယ်ပါးတော
အကျိုးရသလား ဆရာ။



**ဆရာ။** ။အေး အေး, မေးသင့်ပေတယ်ကွဲ့၊ အရေအတွက်တော့ ရေအကျိုးက များတာပေါ့ကွဲ့၊ **"အသက်ရှည်"**ဆိုပေမယ့် ရေအကျိုး အသက်က ငါးဆယ်ရှည်ရင် ထမင်းအကျိုး အသက်က တစ်ရာရှည်မှာပေါ့ကွဲ့၊ အဟုတ် အကျိုးကြီးဖို့ဆိုတော့ ထမင်းအကျိုးက သာပြီး ကြီးမှာပါ၊ ငွေဒင်္ဂါး တစ်ဆယ်နဲ့ ရွှေဒင်္ဂါး ငါးပြားဟာ အသုံးကျတော့ ရွှေဒင်္ဂါး ငါးပြားက သာသလိုပေါ့ကွဲ့။

## ပန်းလှူရသောအကျိုး။

**ဆရာ။** ။ကလေးများကို ပန်းလှူဖို့ရန် သင်ပေးခဲ့တယ် မဟုတ်လား၊ ပန်းလှူရသောအကျိုးကို ဆရာ ဖတ်ပြဦးမယ်။

## ပေသဝတီ နတ်သမီးအကြောင်း။

ငါတို့ ဘုရားလက်ထက်တော်၌ တန်ခိုးကြီးအရာဝယ် အသာဆုံးဖြစ်တော်မူသော **အရှင်မောဂ္ဂလ္လာန်**မထေရ်သည်

နတ်ပြည်သို့ ဒေသစာရီ လှည့်လည်တော်မူရာ ရေ၌ပွင့်သော ကြာပန်းအမျိုးမျိုးနှင့် ကုန်း၌ပွင့်သော ပန်းမျိုးစုံတို့ အလယ်ဝယ် ကြီးကျယ်ခမ်းနားသော ဗိမာန်ကို မြင်တော်မူရလေသည်၊ ထို ဗိမာန်အတွင်း၌ နတ်သမီးများစွာ ခြံရံလျက် ပျော်စံနေသော နတ်သမီးကို မြင်ရပြန်၍ ရှေးဘဝကုသိုလ်ကံကို မေးမြန်းတော်မူလေသည်။

ထိုအခါ နတ်သမီးက သူ၏ရှေးဖြစ်ဟောင်းကို လျှောက်သည်မှာ—တပည့်တော်မသည် ရဇဂြိုဟ်မြို့တော်၏ အရှေ့နာဋကရွာ၌နေသော **"ပေသဝတီ"**နာမည်ဖြင့် ထင်ရှားသော အမျိုးသမီး ဖြစ်ခဲ့ပါသည်၊ တစ်နေ့သ၌ **ဥပတိဿ** (အရှင်သာရိပုတြာ)အမည်ရသော ရဟန္တာအရှင်မြတ်ကို မြင်၍ ကြည်လင်ရွှင်လန်းသော စိတ်ဖြင့် ပန်းများစွာကို လှူဒါန်း ပူဇော်ခဲ့ပါသည်၊ ထိုကောင်းမှုကြောင့် ဤဗိမာန်ကို ရ၍ ချမ်းသာအေးမြစွာ စံစားနေရပါသည်ဟု လျှောက်လေသည်။

ပါရိဆတ္တကတတိယဝဂ္ဂ, ပေသဝတီ ဗိမာနဝတ္ထုပါဠိတော်။

**ဆရာ**။ ။ပန်းလှူရတဲ့ အကျိုးကို ကလေးများ သိကြပြီးနော်၊ အဲဒီ နတ်သမီးဟာ ယခုလဲ



နတ်ပြည်မှာ ရှိဦးမှာပဲ၊ သူဟာ စိတ်ကောင်းရှိရင်တော့ နတ်စည်းစိမ် လူ့စည်းစိမ်ကို အကြိမ်ကြိမ် ခံစားပြီး ရဟန္တာမိန်းမ ဖြစ်မှာပဲ။

ယောကျ်ားများလဲ ပန်းများလှူရင် ဒီလိုပဲ ကောင်းတဲ့ အကျိုးရမှာပဲ၊ **ဝိပဿီ**မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူတဲ့အခါ အမျိုးသားတစ်ယောက် ပဒုမ္မာကြာပွင့် ကြီးကို းသကြိုဟ်တဲ့ ထင်းပုံကြီးပေါ်မှာ တင်ပြီး လှူခဲ့လို့ လူနတ်စည်းစိမ်ကို အကြိမ်ကြိမ်ခံစားပြီး ငါတို့ဘုရား လက်ထက်မှာ **"ပဒုမစ္ဆာဒနိယမထေရ်"**ဟု ထင်ရှားသော ရဟန္တာဖြစ်လာတယ်။

ဥပါလိဝဂ္ဂ, ပဒုမစ္ဆာဒနိယ အပဒါန်ပါဠိတော်။

ကလေးများလဲ စေတီတော် ဆင်းတုတော်များကို လှူပတဲ့ပန်းကလေးများ လှူကြနော်၊ ဒါပေမယ့် ပန်းတွေခြောက်ပြီး အမှိုက်ရှုပ်နေအောင်လဲ မလုပ်ကြနဲ့၊ ပန်းခြောက်အမှိုက်တွေ တွေ့ရင်လဲ ယူပြီး တော်ရာပစ်ကြနော်။

**တပည့်များ**။ ။ဟုတ်ကဲ့ ဆရာ။

## မီးလှူရသောအကျိုး။

**ဆရာ။** ။ကလေးများကို မီးလှူဖို့ရာ သင်ပေးခဲ့တယ် မဟုတ်လား၊ မီးလှူရတဲ့ အကျိုးကို ဆရာ ဖတ်ပြဦးမယ်။

**ပဒုမုတ္တိုရ်** မြတ်စွာဘုရားလက်ထက်တော်၌ အမျိုးသားတစ်ယောက်သည် ဗောဓိပင်ကိုဝိုင်း၍ ဆီမီး (ငါးပွင့်) ဖြင့် ပူဇော်ခဲ့လေသည်၊ ထို အမျိုးသားသည် ထိုဘဝမှစတေသော် ထိုဆီမီးလှူရသော ကောင်းမှုကြောင့် နတ်ပြည်လူ့ပြည်တို့၌ အဆက်ဆက် ဖြစ်ရ၍ ဖြစ်လေရာ ဘဝဝယ် အကာအကွယ်ရှိသော နေရာတို့ကို ထွင်းဖောက်လျက် ယူဇနာတစ်ရာလောက်ကို မြင်နိုင်သော မျက်စိကို ရရှိလေသည်၊ ငါတို့ ဘုရားလက်ထက်တော်၌ကား **"ပဥ္စဒီပကမထေရ်"** ဟူသော အမည်အားဖြင့် ထင်ရှားသော ရဟန္တာတစ်ပါး ဖြစ်လေသည်။

ဗိဇနီဝဂ္ဂ, ပဥ္စဒီပကထေရ အပဒါန်ပါဠိတော်။

**ဆရာ။** ။မီးပူဇော်ရသော အကျိုးကို ကလေးများ သိကြပြီးနော်၊ ဆီမီးဖြစ်စေ, ဖယောင်းတိုင်မီး ဖြစ်စေ, ဓာတ်မီး ဖြစ်စေ စေတီတော်



ရုပ်ပွားတော်များကို ပူဇော်ကြကွဲ့၊ ဖယောင်းတိုင် ပူဇော်တဲ့အခါတော့ စေတီပေါ်မှာ ပလ္လင်ပေါ်မှာ ဖယောင်းအစက်တွေ မကျရအောင် အောက်က ခွက်ခံပြီး ပူဇော်ကြကွဲ့၊ အိမ်ပေါ်မှာ ပူဇော်တဲ့အခါလဲ ဘုရားမီးက ကူးစက်ပြီး အိမ်ပါ လောင်သွားတတ်တယ်၊ သတိထားရမယ်၊ ပြီးတော့ **"မီး"** ဆိုတာ မှောင်တဲ့အခါမှာ လင်းအောင် ပူဇော်ရတာ ဖြစ်တယ်၊ နေ့လယ် ကြောင်တောင်မှာ မီးပူဇော်တာတော့ စည်းစနစ် မကျပေဘူး၊ မှောင်တဲ့အခါ မှောင်တဲ့နေရာမှာသာ ပူဇော်ကြ။*

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

---

*ယော အန္ဓကာရမှိ တိမိသိကာယံ, ပဒီပကာလမှိ ဒဒါတိ ဒီပံ= အကြင်သူသည် ညဥ့်မှောင်မိုက်ရာ မီးထွန်းချိန်အခါ၌ မီးကိုလှူ၏။

(ကူဋဒိ္ဓဒီပဝိမာန, နဝမ, ပိဋ္ဌ-ပဌမဝဂ္ဂ။)

**ဆရာ။** ။ဆွမ်းတော် ရေတော် ပန်းတော် မီးတော်များကို ကပ်လှူ ပူဇော်ရသော ကောင်းမှုကြောင့် အပါယ်လေးပါး မလားရဘဲ လူ နတ်စည်းစိမ်များကို အကြိမ်ကြိမ် ခံစားရပုံ၊ နောက်ဆုံး၌ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရပုံကို ကြားသိရပြီနော်၊ ဒီလိုလူတွေဟာ အမှန်တော့ သူတို့ပြုတဲ့ ကောင်းမှုအပြင် နဂိုကလဲ စိတ်ကောင်းရှိတဲ့ သူတွေဖြစ်လို့သာ ဒါလောက် ကြီးကျယ်တဲ့ အကျိုးကို ရနိုင်ကြတာ ဖြစ်တယ်၊ ကလေးများလဲ စိတ်ကောင်း ထားကြနော်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

**ဆရာ။** ။စိတ်ကောင်း ရှိပလားဆိုရင် ပြုလိုက်သမျှ ကောင်းမှုတွေအတွက် (သူ့နောက်က အရိပ်ပါနေသလို) အခွင့်သာတိုင်း အကျိုးပေးဖို့ ချမ်းသာသုခလဲ အမြဲ ပါနေတာပဲလို့ ဗုဒ္ဓမြတ်စွာ ဟောတော်မူတယ်၊ ဆရာ ဖတ်ပြဦးမယ်။



* **"ကြည်လင်သောစိတ် (ကောင်းသောစိတ်)ဖြင့် ပြောဆိုပြုလုပ် (အားထုတ်ကြံစီ)သူ၏ နောက်သို့ သုခသည် အစဥ်လိုက်ပါနေ၏၊ ဥပမာ—လူရိပ်သည် လူ့နောက်သို့ အစဥ် လိုက်နေသကဲ့သို့တည်း"။**

**ဆရာ။** ။စိတ်ကောင်းလို့ အကျိုးခံစားရတဲ့ ဝတ္ထုတွေ အများကြီး ရှိတယ်၊ ဝတ္ထုတစ်မျိုး ဖတ်ပြမယ်၊ မှတ်မိအောင် နားထောင်ကြကွဲ့။

## မဋ္ဌကုဏ္ဍလီအကြောင်း။

ငါတို့ဘုရား လက်ထက်တော်အခါ သာဝတ္ထိမြို့၌ အလွန်နှမြော ကပ်စေးနဲသော ပုဏ္ဏားသူဌေးကြီးမှာ သားကလေး တစ်ယောက်ရှိလေသည်၊ ထို ပုဏ္ဏားသည် ပန်းထိမ်သည်အား လက်ခပေးရမည် စိုးသောကြောင့် သူ့ကိုယ်တိုင် ရွှေပြားခတ်၍ လိပ်ပြီးလျှင် သားကလေးအား

---

* **မနသာ စေ ပသန္နေန, ဘာသတိ ဝါ ကရောတိ ဝါ၊**
**တတော နံ သုခမန္ဝေတိ, ဆာယာဝ အနပါယိနီ"။**

(ဓမ္မပဒ, ယမကဝဂ္ဂ, မဋ္ဌကုဏ္ဍလီဝတ္ထု။)

နား ဒွောင်း လပ်ပေးလေသည်၊ [ထိုစင်းချော နားဒွောင်းရှိသူ ဖြစ်၍ ထိုသားကို **"မဋ္ဌကုဏ္ဍလီ"**ဟု ခေါ်ကြလေသည်။]

ထို **မဋ္ဌကုဏ္ဍလီ** ဆယ့်ခြောက်နှစ်လောက် ရှိသောအခါ အသားဝါ၍ အစာမကြေ ရောဂါဖြစ်၏၊ ကပ်စေးနဲသောအဖသည် ဆေးဆရာကို မပင့်၊ မိခင်က မနေနိုင်၍ **"သားကို ဆေးကုပါဦး"**ဟု ပြောသည့်အခါ **"မင်းက ငါ့ဥစ္စာတွေ ကုန်တာကို ကြည့်ချင်လို့လား"**ဟု ပြော၏၊ ထိုပုဏ္ဏားသည် ဆေးဆရာများထံ သွား၍ ဆေးနည်းကို မေး၏၊ ဆေးဆရာတို့သည် သူ၏ ကပ်စေးနဲပုံကို သိ၍ တော်အောင်လျော်အောင် ဆေးနည်းကို ပြောလိုက်ကြ၏။

ပုဏ္ဏားသည် ထို ဆေးမီးတိုကလေးများဖြင့် ဆေးကုလေရာ ရောဂါတိုး၍ လာလေတော့၏၊ ထိုအခါကျမှ ဆေးဆရာ တစ်ယောက်ကို ပင့်၍ ပြလေသည်၊ ဆေးဆရာသည် လူနာကို အကဲခတ်၍ ကုလို့မရကြောင်းကို သိသောကြောင့် **"ကျုပ်မှာ ကိစ္စရှိပါသေးသည်, သည့်ပြင် ဆရာကို ပင့်ပါ"**ဟု ပြော၍ ထွက်သွားလေ၏၊ ပုဏ္ဏားသည်



သူ၏ အိမ်တွင်းပစ္စည်းများကို လူမမာ မေးလာသူတွေ မြင်မှာစိုး၍ လူမမာကို အိမ်၏အပြင်ဘက် ဆင်ဝင်သို့ ထုတ်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ထို အကြောင်းကို သိတော်မူ၍ **မဋ္ဌကုဏ္ဍလီ**ကို သနားတော်မူသောကြောင့် ဆွမ်းခံကြွတော်မူရင်း ထိုပုဏ္ဏား၏ အိမ်ပေါက်သို့ ရပ်တော်မူ၍ **မဋ္ဌကုဏ္ဍလီ** မြင်လောက်အောင် ရောင်ခြည်တော်ကို လွှတ်တော်မူလေသည်၊ သတိုးသားငယ်သည် ထို ရောင်ခြည်တော်နှင့် ဘုရားကို ဖူးမြင်ရ၍ လက်အုပ် ချီနိုင်လောက်အောင် အားမရှိသောကြောင့် စိတ်ဖြင့်သာ ကြည်ညိုရှာလေတော့သည်၊ ထိုသို့ ကြည်ညိုသော စိတ်အစဉ် မပျောက်ခင်ပင် ဘုရားရှင် ကြွသွား၍ မျက်စိတဆုံးလောက် အရောက်မှာ သတို့သား စုတေ၍ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရလေသည်။

**ဆရာ။** ။ကလေးများ... အဲဒီ **မဋ္ဌကုဏ္ဍလီ**ကလေးဟာ လက်ကလဲ ဘာမှ မလုပ်နိုင်, နှုတ်ကလဲ ဘာမှ မပြောနိုင်ဘဲ စိတ်ထဲက ကြည်ညိုနေရုံနဲ့ နတ်စည်းစိမ်ကြီးကို ရတယ် မဟုတ်လား။

**တပည့်များ။** ။ဟုတ်ပါတယ် ဆရာ။

**ဆရာ။** ။အေး အေး, ဒါ့ကြောင့် ဆွမ်းတော် ရေတော် ပန်းတော် မီးတော် ကပ်လှူတဲ့အခါ မျက်စိမှိတ်ပြီး အသက်ရှိနေတုန်းက ဘုရားကို ကပ်လှူနေရသလို ထင်လာအောင် ကြည်ကြည်လင်လင်နဲ့ ကပ်လှူကြနော်၊ အဲဒီ ကောင်းမှုဟာ အရိပ်ပါနေသလို ကလေးများမှာ ပါနေလိမ့်မယ်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

## တပည့်ဝတ်ငါးပါးအစီပွာယ်။

**ဆရာ။** ။ဆွမ်းတော် ရေတော် ပန်းတော် မီးတော် ကပ်လှူရတဲ့ အကျိုးကြောင့် လူ နတ် စည်းစိမ်ကို အကြိမ်ကြိမ် ခံစားပြီး ရဟန္တာဖြစ်၍ နိဗ္ဗာန်ရသွားတယ်ဆိုတာ ကလေးများ ကြားကြပြီး မဟုတ်လား။

**တပည့်များ။** ။ကြားပါတယ် ဆရာ။



**ဆရာ။** ။အဲဒီဟာ ဆွမ်းလှူရုံ တစ်ခုထဲလို့ ထင်ရပေမယ့် နောက်နောက်ဘဝမှာ နောက်ထပ် ကုသိုလ်တွေက အများကြီး ဆက်သေးတယ်ကွဲ့၊ ဆွမ်းလှူလို့ ပထမကောင်းတဲ့ ဘဝရောက်ရော၊ အဲဒီ ဘဝမှာ အမေကောင်း အဖေကောင်း ဆရာကောင်းတွေနဲ့ တွေ့ရလို့ သူတို့က လိမ္မာအောင် ပြောဆိုပေးတယ်၊ ဒီတော့ ကလေးတွေက လိမ္မာပြီး ကောင်းတဲ့ အမှုတွေကိုသာ ပြုကြရော၊ အဲဒီလို မိဘကောင်း ဆရာကောင်းနဲ့တွေ့တဲ့ သူတွေဟာ ကုသိုလ်တွေ နောက်ထပ် ရပြန်တယ်၊ ဒီလို ကုသိုလ်တွေက များတော့ အပါယ်လေးပါးမှာ မဖြစ်ရတော့ဘဲ လူ နတ် စည်းစိမ်ကို အကြိမ်ကြိမ် ခံစားပြီး နိဗ္ဗာန်ရတယ်၊ လိမ္မာဆိုတာလဲ တပည့်ဝတ်ကျေရင် တပည့်လိမ္မာပဲ၊ သားသမီးဝတ်ကျေရင် သားလိမ္မာ သမီးလိမ္မာ ဖြစ်တယ်၊

အဲဒီ ဝတ်တရားတွေကို ဆရာ ရှင်းပြမယ်၊ ကလေးများရတဲ့ စာကလေးကို ရွတ်ကြစမ်း။

**တပည့်များ။** ။ **"ဆည်းကပ်ချဉ်းခ"**စသော လင်္ကာကို သံပြိုင် ညီညီရွတ်စေ။

**ဆရာ။** ။ **"ဆည်းကပ်ချဉ်းခ"**ဆိုတာ ဆရာ့အနားသို့ မကြာခဏသွားပြီး ပြောစရာရှိရင် ပြောရအောင် ဆည်းကပ်ရ ချဉ်းကပ်ရမယ်လို့ ဆိုတယ်။

**ဆုံးမနာယူ။** ။ဆရာက ပြောဆို ဆုံးမရင်လဲ ကောင်းကောင်း နားထောင်ရမယ်၊ ဆုံးမတာကို ယူထားရမယ်။

**လာမူကြိုဆီး။** ။အဝေးက ဆရာလာတာကို မြင်ရင် နေရာမှထပြီး ဆီးကြိုရမယ်၊ လက်ထဲမှာ တစ်ခုခုပါလာရင် လှမ်းယူရမယ်။

**ထံနီးလုပ်ကျွေး။** ။ဆရာ့အထံမှာ ဆရာ့အနီးမှာ လုပ်ကိုင်ပေးစရာရှိရင် ပြုစုလုပ်ကျွေးရမယ်။



**သင်တွေးအံရွတ်။** ။စာကို သင်ရမယ်, ရအောင် ရွတ်အံရမယ်၊ ရပြီးရင် ကြံစီတွေးတောရမယ်။

**ဆရာ။** ။အဲဒီဝတ် ငါးပါးထဲမှာ ကလေးများ အမြဲ ပြုရမှာကတော့ ဆုံးမတာကို လိုက်နာဖို့ရယ်, ဆရာလာရင် နေရာမှ ထပေးဖို့ရယ်, စာသင်ဖို့ရယ် အဲဒီ သုံးပါးဘဲ၊ အဲဒီ သုံးပါးကို အမြဲ ပြုကြရင် တပည့်လိမ္မာတွေ ဖြစ်မှာပဲ၊ မှတ်မိကြပလား၊ အရေးကြီးတဲ့ သုံးပါးဟာ ဘာများလဲ။

**တပည့်များ။** ။ရေတွက်ပြစေ။

### သားသမီးဝတ်ငါးပါးအဓိပ္ပာယ်။

**ဆရာ။** ။ကိုင်း ကိုင်း, သားလိမ္မာ သမီးလိမ္မာ ဖြစ်ဖို့ ဝတ်ငါးပါးကို ဆရာ ပြောဦးမယ်၊ ကလေးများရတဲ့ လင်္ကာကလေးကို ရွတ်ကြပါဦး။

**ကလေးများ။** ။ **"ကျွေးမွေး မပျက်"** စသည်ကို သံပြိုင် ညီညီ ရွတ်စေ။

**ဆရာ။** ။ **"ကျွေးမွေး မပျက်"** ဆိုတာ ငယ်ငယ်တုန်းက မိမိကို မိဘတို့က ကြီးပွားအောင် ကျွေးခဲ့ မွေးခဲ့ကြသလို **"မိဘတို့ အိုတဲ့အခါ မိမိတို့ကလဲ မိဘတို့ကို ပြန်၍ မပျက်မကွက် ကျွေးရ ပြုစုရမယ်"** လို့ ဆိုတယ်။

**ဆောင်ရွက်စီမံ။** ။ မိဘတို့ လုပ်ရမယ့် အလုပ်ကိစ္စကို မိမိတို့က ကူညီပြီး ဆောင်ရွက်ပြုလုပ် ပေးရမယ်၊ စီမံစရာရှိရင်လဲ စီမံပေးရမယ်။

**မွေခံထိုက်စေ။** ။ မိဘတို့ဟာ ပြောဆို ဆုံးမတဲ့ စကားကို နားမထောင်တဲ့ သားဆိုး သမီးဆိုးများအား အမွေ မပေးချင်ကြဘူး၊ ပေးလဲ သုံးဖြုန်းပြီး ကုန်ရစ်မှာဘဲ၊ သားလိမ္မာ သမီးလိမ္မာတို့ကိုသာ ပေးခဲ့ချင်တယ်၊ ဒါကြောင့် အမွေကို ခံယူထိုက်တဲ့



သားသမီးဖြစ်အောင် လိမ္မာရမယ်လို့ ဆိုတယ်။

**လှူမျှဝေ၍။** ။ မိဘများ သေသွားတဲ့အခါ ဆွမ်းတို့ သင်္ကန်းတို့ ဖိနပ်တို့ ထီးတို့ တတ်နိုင်သမျှ လှူပြီးတော့ **"အမေရေ ကုသိုလ်အဖို့ကို အမျှဝေပါတယ်, အဖေရေ ကုသိုလ်အဖို့ကို အမျှဝေပါတယ်"** လို့ ဆိုပြီး အမျှဝေရတယ်။

**စောင့်လေမျိုးနွယ်။** ။ မိဘများရဲ့ လက်ထက်က ရှိနေသော လယ်ယာ ရွှေငွေများကို မဆုတ်ယုတ်စေတာလဲ အမျိုးအနွယ် စောင့်ရှောက်တာပဲ၊ မိဘများ လှူရိုး လှူစဉ်ကို မဖျက်ဘဲ စွန့်ကြဲ ပေးကမ်းနေတာလဲ အမျိုးအနွယ်ကို စောင့်တာပဲ၊ အယူမှားသော မိဘများကို အယူမှန်ရောက်အောင် ကြံဆောင်ပေးတာလဲ အမျိုးအနွယ်ကို စောင့်တာပဲ။

အဲဒီ ငါးမျိုးထဲမှာ ကလေးများအရွယ် အရေးကြီးတာကတော့ အမွေကို ခံယူထိုက်သူဖြစ်အောင် လိမ္မာကြဖို့ပဲ၊ **"လိမ္မာ"**ဆိုတာလဲ မိဘစကားကို နားထောင်ပြီး စာကို ကြိုးစားသင်ရင် သားလိမ္မာ သမီးလိမ္မာ ဖြစ်တာပဲ၊ ကလေးများ အလိမ္မာဖြစ်အောင် မိဘစကားကို နားထောင်ပြီး စာကို ကြိုးစားကြနော်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

**ဆရာ။** ။ ဒီပဌမတန်းအတွက် ကလေးများကို နောက်ဆုံး သိစေချင်တာကတော့ **"မိုက်တဲ့ ကလေးများကို မပေါင်းကြနဲ့, လိမ္မာတဲ့ ကလေးများကိုသာ ပေါင်းကြ"**ဆိုတဲ့ စကားပဲ။

**"မိုက်တယ်, လိမ္မာတယ်"**ဆိုတာလဲ သတ်ချင် ရိုက်ချင်တဲ့သူ, ခိုးချင်တဲ့သူ, လိမ်ပြောချင်တဲ့သူ, ဆဲတတ်တဲ့သူ ဒီလိုလူတွေဟာ**"မိုက်တဲ့လူ=မှောင်တဲ့လူ=မဲတဲ့လူ"**လို့ မှတ်ထား၊ သူများကို သနားတတ်တဲ့သူ, ပေးချင်တဲ့သူ, လိမ် မပြောတဲ့သူ, မဆဲတတ်တဲ့သူ အဲဒီ လူတွေဟာ **"လူလိမ္မာ"**တွေပဲ၊ ဒီနေရာမှာ ဗုဒ္ဓမြတ်စွာရဲ့တရားတော်ကို မှတ်ထားကြ။



## မိတ်ဆိုးပယ်ခွာမိတ်ကောင်းရှာတရားတော်။

* ဘိက္ခုတို့ ကုသိုလ်တရား တိုးပွား၍ အကုသိုလ်တရား ဆုတ်ယုတ်သွားဖို့အရာဝယ် မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းခြင်းမှလွဲ၍ တခြားတရားကို ငါဘုရား မြင်တော်မမူ၊ မိတ်ကောင်း ဆွေကောင်းရှိသူမှာ မဖြစ်သေးသော ကုသိုလ်များလည်း ဖြစ်ကြ၏၊ ဖြစ်ပြီး အကုသိုလ်မျိုးလည်း (နောက်ထပ် မတိုးဘဲ) ဆုတ်ယုတ်ကြလေသည်။

**ဆရာ။** ။ကိုင်း ကိုင်း, ဗုဒ္ဓမြတ်စွာ၏ ဒီတရားတော်နဲ့ ညီအောင် ဆရာဇကောင်း မိဘကောင်းများအပြင် ကစားဖော်ချင်းလဲ ရွေးပြီး ပေါင်းကြကွဲ့။

---

* "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ, ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ကလျာဏမိတ္တတာ၊ ကလျာဏမိတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ, ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ"။

(အင်္ဂုတ္တိုရ်, ဧကနိပါတ်, ကလျာဏမိတ္တဝဂ်, ပဌမသုတ်။)

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

## ပထမတန်း မှတ်ဖွယ်အချုပ်။

**ဆရာ။** ။ကိုင်း ကိုင်း, ပထမတန်းအတွက် မှတ်စရာတွေကို တစ်ခါတည်းစုပြီး ဆိုရအောင် သံပြိုင် ညီညီကွဲ့နော်။

**[သံနေသံထား ခပ်ဆတ်ဆတ်နှင့် ဆရာက တိုင်ပေး, ကလေးအားလုံး လိုက်ဆို။]**

သရဏဂုံ လုံခြုံကြလို့, ငါးပါးသီလ မြဲကြစေ၊
နံနက်တိုင်းမှာ ဆွမ်း ရေ ပန်းနှင့်, ညချမ်းဆီမီး ကပ်ပါလေ။
ဆရာမိဘ ရှိသေကြ၍ ဆုံးမသမျှ နားတင်စေ၊
ချစ်သူ့အဆွေ စိတ်နေကောင်းမှ ပေါင်းကြ သင်းကြ ရင်းကြလေ။

## လေးကျင့်ခန်းမေးခွန်းများ။

**က။** ငါးပါးသီလကို ပြောပြပါ။

**ခ။** ဆွမ်းတော်ကပ်ကို ဆိုစမ်းပါ၊ [ပန်းကပ်စသည်ကိုလည်း မေးပါ။]



**ဂ။** တပည့်ဝတ် ငါးပါးကို လင်္ကာရွတ်ပြီး ရေတွက်ပြပါ။

**ဃ။** သားသမီးဝတ် ငါးပါးကို လင်္ကာရွတ်ပြီး ရေတွက်ပြပါ။

**င။** ပါဏာတိပါတသိက္ခာပုဒ်ကို မြန်မာလို ပြောစမ်းပါ။

[နောက်သိက္ခာပုဒ် လေးပါးကိုလည်း မြန်မာလို အပြောခိုင်းပါ။]

**စ။** သရဏဂုံနှင့် ငါးပါးသီလကို လုံတဲ့အမျိုးသားနှစ်ယောက်ဟာ လူ့ပြည်က သေတော့ ဘယ်ရောက်သွားသလဲ။

**ဆ။** သူတို့နှစ်ယောက် အပါယ်လေးပါး မလားဘဲနဲ့ နောက်ဆုံးဘဝမှာ ဘာ ဖြစ်သွားကြသလဲ။

**ဇ။** အပါယ်လေးပါးကို ရေတွက်ပါ။

**ဈ။** ငရဲဆိုတာ ဘယ်မှာရှိသလဲ။

**ည။** ဘယ်လို အကောင်းများကို တိရစ္ဆာန်လို့ခေါ်သလဲ။

ဋ။ ပြိတ္တာဆိုတာ ဘယ်လို အကောင်မျိုးလဲ။

ဌ။ အသုရကာယ်ဆိုတာ ဘယ်လို အကောင် မျိုးလဲ။

ဍ။ ကပ် သုံးပါးကို ရေတွက်ပြပါ။

ဎ။ ပလိပ်ရောဂါ ဝမ်းရောဂါ အကြီးအကျယ် ဖြစ်တယ်ဆိုရင် ဘာကပ် တိုက်တယ်လို့ ခေါ်မလဲ။

ဏ။ စစ်ကြီးဖြစ်လို့ လက်နက်ထိပြီး သေကြရင် ဘာကပ် တိုက်တယ်လို့ ခေါ်မလဲ။

တ။ တစ်မြို့လုံး တစ်နယ်လုံး ထမင်းမရ ရေမရ ရင် ဘာကပ် တိုက်တယ်လို့ ခေါ်မလဲ။

ထ။ ကိုယ့်ကိုယ်ရိုက်ရင် မခံချင်တာကို ကိုယ်ချင်း စာပြီး သူ့ကို ဘယ်လို လုပ်မလဲ၊ [**“ခိုးတာကို မခံချင်သလို”** စသည်ဖြင့် နောက်သိက္ခာပုဒ်များကိုပါ မေး။]

ဒ။ မကောင်းတဲ့စိတ်နဲ့ ပြုလုပ် ပြောဆိုသူ၏ နောက်သို့ ဘာ လိုက်နေသလဲ၊ ထိုလိုက်ပါနေပုံဟာ ဘာနဲ့ တူသလဲ။



ဓ။ ကောင်းတဲ့စိတ်နဲ့ ပြုလုပ် ပြောဆိုသူ၏ နောက်သို့ ဘာ လိုက်နေသလဲ၊ [ထိုလိုက်နေပုံဟာ ဘာနဲ့ တူသလဲ။]

န။ စိတ်ဆိုးသူကို ဘာနဲ့နိုင်အောင် လုပ်မလဲ။

ပ။ မကောင်းသူကို ဘာနဲ့ နိုင်အောင် လုပ်မလဲ။

ဖ။ နှမြောသူကို ဘာနဲ့ နိုင်အောင် လုပ်မလဲ။

ဗ။ လိမ်တတ်သူကို ဘာနဲ့ နိုင်အောင် လုပ်မလဲ။

ဘ။ ဆွမ်းလှူရသော အကျိုးငါးပါးကို ပြောပါ။

မ။ ရေလှူရသော အကျိုးဆယ်ပါးကို ပြောပါ။

ယ။ နေ့လယ်အခါ (မမှောင်သောနေရာ၌) မီးပူ ဖော်ရင် စည်းကမ်းကျသလား။

ရ။ ပထမတန်းမှာ ဘာတွေကို အရေးတကြီး မှတ်သားရမလဲ၊ အားလုံးခြုံပြတဲ့ ကဗျာကလေးကို သံနေ သံထားနဲ့ ရွတ်ပြစမ်းပါ။

**ပထမတန်း ပြီး၏။**

## ပထမတန်းအတွက်ညွှန်ပြချက်။

[ဆရာများသိရန်သာ, တပည့်အား ပြောရန်မဟုတ်။]

### ငါးပါးသီလခန်း။

[ငါးပါးသီလ တောင်းပုံကို ဤအခန်း၌ ကလေးများ ကျက်ဖို့ရာ များနေမည်စိုး၍ မပြသေးဘဲ ဒုတိယတန်း ကျမှ ပြပါမည်။]

**ပါဏာတိပါတ**။ ။ပါဏောတိ ဝေါဟာရတော သတ္တော ၊ရမတ္ထတော ဇီဝိတိန္ဒြိယံ၊ သရသေနေဝ ပတန သဘာဝဿ အန္တရာဧဝ အတိပါတနံ အတိပါတော၊ အတိက္ကမ္မ ဝါ သတ္ထာဒီဟိ အဘိဘဝိတွာ ပါတနံ အတိပါတော၊ (**“ပါဏာတိပါတ”**ပုဒ်၌ **“ပါဏ+အတိပါတ”** ဟု ခွဲ၊) ပါဏဟူသည် အများပြောရိုးအားဖြင့် သတ္တဝါတည်း၊ ပရမတ္ထအသုံးအားဖြင့် ရုပ်နာမ်နှစ်ပါးတွင် ပါဝင်သော ဇီဝိတိန္ဒြေတည်း၊ ထိုပါဏသည် ကံအရှိန်ကုန်လျှင် သူ့အလိုလို ကျရမည့် (ချုပ်ဆုံးရမည့်)သဘော ရှိ၏၊ သူ့အလိုလို ကျချိန် မရောက်မီ အကြား၌ အလျင်အမြန် ကျစေခြင်း, (ဥပမာ–အသက်ခုနစ်ဆယ်ပြည့်လျှင် သူ့အလိုလို



ကျရမည့် ပါဏကို ငါးဆယ်အရွယ် ခြောက်ဆယ်အရွယ် လောက်၌ အလျင်အမြန် ကျစေခြင်း, ကျအောင် ပြုလုပ်ခြင်း)သည် ပါဏာတိပါတ မည်၏။ [ပါဏ=သတ္တဝါ (ဇီဝိတိန္ဒြေ)ကို+အတိ=လျင်မြန်စွာ+ပါတ=ကျစေခြင်း၊] တစ်နည်း–သူ့အလိုလို ကျချိန် မရောက်မီ ဓားစသော လက်နက်တို့ဖြင့် အတင်းလွှမ်းမိုး၍ ကျစေခြင်းသည် ပါဏာတိပါတ မည်၏၊ ဤနည်း၌ အတိသဒ္ဒါသည် လွှမ်းမိုးခြင်းအနက် ဟောတည်း၊ အချုပ်မှာ–သူ့ကို သတ်ကြောင်းဖြစ်သော ဒေါသစေတနာပင်တည်း။

**အဒိန္နာဒါန**။ ။အဒိန္နန္တိ ပရပရိဂ္ဂဟိတံ၊ တဒါဒါယက ဥပက္ကမသမုဋ္ဌာပိကာ ထေယျစေတနာ အဒိန္နာဒါနံ၊ [**“အဒိန္န+အာဒါန”**ဟု ပုဒ်ခွဲ၊] အဒိန္နဟူသည် သူများပိုင်ဥစ္စာတည်း၊ ထိုဥစ္စာကို ယူကြောင်း လုံ့လကို ဖြစ်စေတတ်သော ခိုးယူကြောင်း စေတနာသည် အဒိန္နာဒါန မည်၏၊ [**“အဒိန္နာ”**ဟု ရေးချသံပါအောင် သင်ပေးပါ။]

**ကာမေသုမိစ္ဆာစာရ**။ ။ကာမေသူတိ မေထုနသမာစာရေသု၊ မိစ္ဆာစာရောတိ ဧကန္တနိန္ဒိတော လာမကာစာရော၊

[ကာမေသုကို **"မေထုန် အကျင့်တို့၌"** ဟု ဖွင့်၏၊ မိစ္ဆာစာရော ကို **"ဧကန် ကဲ့ရဲ့ထိုက်သော ယုတ်မာသော အကျင့်"** ဟု ဖွင့်၏၊ မိမိ အိမ်သူအိမ်သားချင်း ပျော်ပါးမှု ကာမဂုဏ်တို့၌ ဤသိက္ခာပုဒ်အရ အပြစ်မရှိပဲ သူ့မယား သမီးပျိုများနှင့် လည်းကောင်း, မိမိယောကျ်ားမှ တခြားယောကျ်ားနှင့် လည်းကောင်း ပျော်ပါးမှုကိုလည်းကောင်း **"ဧကန် ကဲ့ရဲ့ ထိုက်သော ယုတ်မာသော အကျင့်"** ဟု ဆိုရ၍ ကာမေသု မိစ္ဆာစာရကံ ထိုက်သည်၊ [**"မိစ္ဆာစာရော=မှားသော အကျင့်"** ဟု မြန်မာပြန် လွဲတတ်သည်။]

**မုသာဝါဒ**။ ။မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု (**"မုသာ"** ဆိုတာ ပြောသလို မဟုတ်သော မမှန်သော ဝတ္ထု၊) ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ၊ (**"ဝါဒ"** ဆိုတာ ထို မဟုတ် မမှန်သောအရာကို ဟုတ်တဲ့အနေ မှန်တဲ့အနေအားဖြင့် သူတစ်ပါးကို သိစေခြင်း သိအောင် ပြောဆို ပြုမူရေးသားခြင်းတည်း၊) ထိုသို့ ပြောဆိုခြင်း ပြုလုပ်ပြခြင်း ရေးသားခြင်းကိုပင် **"လိမ်ခြင်း, ညာခြင်း, လှည့်စားခြင်း"** ဟု ခေါ်သည်။



**သုရာမေရယမဇ္ဇပမာဒဋ္ဌာန**။ ။သုရာတိ ပူပသုရာ (မုံ့ကို ပြုလုပ်အပ်သော သေရည်၊) ပိဋ္ဌသုရာ (မုံ့မှုန့်တို့ကို ပြုလုပ်အပ်သော သေရည်၊) ဩဒနသုရာ (ထမင်းကို ပြုလုပ်အပ်သော သေရည်၊) ကိဏ္ဏပက္ခိတ္တာ (သေရည် မျိုးစေ့ကို ထည့်ခပ်၍ ပြုလုပ်အပ်သော သေရည်၊) သမ္ဘာရ သံယုတ္တာ (ဖန်းခါးသီး မုန့်ညင်းစေ့ စသောအဆောက် အဦတို့နှင့် ရောစပ်အပ်သော သေရည်၊) ဣတိ ပဉ္စသုရာ (ဤသို့အားဖြင့် သေရည်ငါးမျိုး ရှိသည်။)

**မေရယ**။ ။ပုပ္ဖာသဝ (သစ်မည်စည်ပွင့် အုန်းပွင့် စသော ပန်းပွင့်တို့ကို ကြာမြင့်စွာစိမ်၍ ပြုလုပ်အပ်သော ပန်းအရက်၊) ဖလာသဝ (ပိန္နဲသီးစသော အသီးအရက်၊) မဓွာသဝ (မုဒရက်သီးရည် စဗျစ်ရည်စသော ချိုသော အရက်၊) ဂုဠာသဝ (ကြံရည်အရက်၊) သမ္ဘာရသံယုတ္တ (ရှစ်ရှားဖန်းခါးစပ်သော အရသာစသည်တို့ကို ရောစပ်၍ ပြုလုပ်အပ်သော အရက်၊) ဤသို့အားဖြင့် အရက်ငါးမျိုး ရှိသည်။

**မဇ္ဇပမာဒဋ္ဌာန**။ ။တံ သဗ္ဗမ္ပိ မဒကရဏဋ္ဌေနမဇ္ဇံ=

ထိုသေရည်အရက် အားလုံးသည်ပင် သောက်သူကို မူးယစ်အောင် ပြုတတ်သောကြောင့် **"မဇ္ဇ"**မည်၏၊ ပမာဒဋ္ဌာနန္တိ ပမာဒကာရဏံ=မေ့လျော့ခြင်း၏ အကြောင်းလည်း ဖြစ်၏။

**ဝေရမဏီ။** ။ဝေရမဏီတိ ဝေရဟေတုတာယ ဝေရသညိတံ ပါဏာတိပါတာဒိ ပါပကမ္မံ မဏာတီတိ ဝေရမဏီ၊ သူ့အသက်ကို သတ်မှုစသော အကျင့်တို့သည် ရန်များခြင်း အကြောင်းဖြစ်၍ ဝေရ=ရန်မည်၏၊ ထို ပါဏာတိပါတ စသောရန်ကို ပယ်ဖျောက်တတ်သောကြောင့် ပါဏာတိပါတစသည်မှ ရှောင်ကြဉ်သော ကုသိုလ်စိတ် စေတနာကို **"ဝေရမဏီ"**ဟု ဆိုသည်၊ **"ဝေရံ"**–ပါဏာတိပါတစသော ရန်ကို+မဏာတိ–ပယ်ဖျောက်တတ်၏၊ ဣတိ–ထို့ကြောင့်၊ **"ဝေရမဏီ–ဝေရမဏီ မည်၏"**။

**တစ်နည်း။** ။ဝိရမတိ ဧတာယာတိ ဝေရမဏီ၊ ဧတာယ–ဤကုသိုလ်စေတနာ (ဝိရတိစေတသိက်)ဖြင့်၊ ဝိရမတိ–ပါဏာတိပါတစသည်မှ ရှောင်ကြဉ်ရ၏၊ ဣတိ–ထိုသို့ ရှောင်ကြဉ်ကြောင်း၏ အဖြစ်ကြောင့်၊ ဝေရမဏီ–ဝေရမဏီ မည်၏၊ ပထမနည်း၌ **"ပါဏာတိပါတာ–မှ၊ ဝေရမဏီသိက္ခာပဒံ–ရန်ဟူသမျှကို လုံးဝ ပယ်ဖျောက်တတ်သော သိက္ခာပုဒ်ကို"**ဟု အနက်ဆို၊ ဤသိက္ခာပုဒ်ကို စောင့်စည်းလျှင် ရန်ဖြစ်စရာ မရှိ=စစ်တိုက်ဖွယ် မလိုဟု ဆိုလိုသည်၊ ဒုတိယနည်း၌ကား **"ပါဏာတိပါတာ–မှ၊ ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို"**ဟု အနက်ဆို။

**သိက္ခာပဒံ။** ။သိက္ခာပဒန္တိ သိက္ခိတဗ္ဗပဒံ, သိက္ခာ ကောဋ္ဌာသော၊ ကျင့်သင့်ကျင့်ထိုက်သော တရားအစု၊ **"ပါဏာတိပါတမှ ရှောင်ကြဉ်သော ကုသိုလ်စိတ်, စေတနာ, ဝိရတိစေတသိက်, ၎င်းတို့နှင့် ယှဉ်ဘက်စေတသိက်များ၊ ဤတရားအားလုံးသည် ကျင့်ထိုက်သော တရား တစ်စု ဖြစ်ကြ၏၊"** [**"ပါဏာတိပါတာ"**မှ စ၍**"သိက္ခာပဒံ"** အထိ အဖွင့်များသည်၊ အဋ္ဌသာလိနီ=ဒွါရကထာ, သမ္မောဟဝိနောဒနီ=သိက္ခာပဒဝိဘင်္ဂကထာ, ဝိနည်းမဟာဝါ=မဟာခန္ဓကအဖွင့် တေရသကဏ္ဍဋီကာတို့မှ ထုတ်ယူအပ်သော အဖွင့်များတည်း။]

## ဆွမ်းတော်ကပ်စသည်၌မှတ်ရန်။

**ဘုန်းတော်အနန္တ**။ ။ဘဂဝါဂုဏ်တော်ဖွင့်၌ ဖွင့်ပြလေ့ရှိသော **"ကိုယ်တော်ကို အဏုမြူ ပမာဏမျှ သေးငယ်အောင် ဖန်ဆင်းနိုင်သော အဏိမာဘုန်းတော်, ကိုယ်တော်ကို ပေါ့ပါးအောင် ရှာန်ပျံနိုင်အောင် ဖန်ဆင်းနိုင်သော လဃိမာဘုန်းတော်"**စသည်နှင့်တကွ ဣဿရိယ ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဟူသော ဘုန်းတော်ခြောက်ပါးတို့တွင် တစ်ပါးတစ်ပါးလျှင် မကုန်မဆုံးနိုင်အောင် ကြီးကျယ် များပြားလှသောကြောင့် **"ဘုန်းတော်အနန္တ"**ဟု ဆိုရပေသည်။ [အနန္တ=အဆုံးမရှိ။]

**ကံတော်အနန္တ, ဉာဏ်တော်အနန္တ**။ ။လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည်းဆည်းပူးအပ်သော ကုသိုလ်ကံ ပါရမီတော်များလည်း ရေတွက်၍ မကုန် မဆုံးနိုင်အောင် များပြားလှသောကြောင့် **"ကံတော်အနန္တ"**ဟု ဆိုရပေသည်၊ လောက၌ သိစရာတွေသည် မကုန်နိုင်၊ ထိုမကုန်နိုင်သော သိစရာတွေကို ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်သည် အကြောင်းပေါ်လာတိုင်း သိတော်မူ၏၊ ဤသို့ သိစရာ မကုန်နိုင်သကဲ့သို့ ဉာဏ်တော်လည်း မကုန်နိုင်သောကြောင့် **"ဉာဏ်တော်အနန္တ"**ဟု ဆိုရပေသည်။



## တပည့်ဝတ်, သားသမီးဝတ်၌မှတ်ရန်။

[သိင်္ဂါလောဝါဒသုတ်လာ ဘုရားဟော ကျင့်ဝတ်များ။]

**တပည့်ဝတ်ပါဠိတော်**။ ။**"ဥဋ္ဌာနေန, ဥပဋ္ဌာနေန, သုဿုသာယ, ပါရိစရိယာယ, သက္ကစ္စံသိပ္ပဥဂ္ဂဟဏေန"** ဟု တပည့်ဝတ်ပါဠိ ရှိ၏၊ ဥဋ္ဌာနေနကို **"အာသနာ ဥဋ္ဌာနေန=ဆရာလာသည်ကို မြင်လျှင် နေရာမှ ထပေးခြင်းဖြင့်"**ဟု ဖွင့်၍ **"အာသနာ ဥဋ္ဌာယ ပစ္စုဂ္ဂမနံ ကတ္វာ ဟတ္ထတော ဘဏ္ဍကံ ဂဟေတွာ"**စသည်ဖြင့် **"ဆီး၍ ကြိုပြီးလျှင် လက်မှာပါသော ဘဏ္ဍာကို ယူရမည်"**ဟု ဖွင့်၏၊ လက်ာ၌ပါသော ငါးပါးတွင် **"လာမူကြိုဆီး"**နှင့် သဘောတူသည်။

ဥပဋ္ဌာနေနကို **"ဒိဝသဿ တိက္ခတ္တုံ ဥပဋ္ဌာန ဂမနေန= တစ်နေ့သုံးကြိမ် ဆည်းကပ် ခစားသွားခြင်းဖြင့်"**ဟု ဖွင့်၏၊

ထိုကြောင့် **"ဆည်းကပ်ချဉ်းခ"**ဟု ထည့်လိုက်ရသည်၊ **"သုသုသာယ=စကားကို ကောင်းစွာနားထောင်ခြင်းဖြင့်"** ကား **"ဆုံးမနာယူ"**ဟူသော လင်္ကာပိုဒ်နှင့်တူ၏၊ **"ပါရိစရိယာယ=မျက်နှာသစ်ရေ ပေးခြင်းစသော ပြုစုလုပ်ကျွေးခြင်းဖြင့်"**လည်း **"ထံနီးလုပ်ကျွေး"**ဟူသော လင်္ကာပိုဒ်နှင့် တူ၏၊ **"သက္ကစ္စံ သိပ္ပုဂ္ဂဟဏေန=ကောင်းမွန်စွာ အတတ်သင်ယူခြင်းဖြင့်"**လည်း **"သင်တွေးအံ့ရွတ်"**နှင့် တူသည်။

**သားသမီးဝတ်ပါဠိတော်။** ။(၁) ဘတော နေသံ ဘရိဿာမိ=မိဘတို့က ကျွေးမွေးအပ်ခဲ့သော ငါသည် ယခုအခါ မိဘတို့အားပြန်၍ ကျွေးမွေးအံ့၊ ဤဝတ်ကို **"ကျွေးမွေးမပျက်"**ဟု လင်္ကာပိုဒ်က ဆိုသည်၊ (၂) ကိစ္စံ နေသံ ကရိဿာမိ=မိဘတို့၏ ကိစ္စကိုပြုမည်၊ ဤဝတ်ကို **"ဆောင်ရွက်စီမံ"**ဟု ဆိုသည်၊ (၃) ဒါယဇ္ဇံ ပဋိပဇ္ဇာမိ= အမွေကို သိမ်းပိုက်ခံယူအံ့၊ ဤဝတ်ကို **"မွေခံထိုက်စေ"**ဟု ဆိုသည်၊ (၄) ပေတာနံ ဒက္ခိဏံ အနုပဒဿာမိ=သေလွန်သော မိဘတို့ကို အလှူဒါနပြု၍ အမျှဝေမည်၊ ဤဝတ်ကို **"လှူမျှဝေ၍"**ဟု ဆိုသည်၊ (၅) ကုလဝံသံ ထပေဿာမိ=



အမျိုး အနွယ်ကို တည်တံ့စေအံ့၊ ဤဝတ်ကို **"စောင့်လေမျိုးနွယ်"**ဟု ဆိုသည်။

ပထမတန်းညွှန်ပြချက်ပြီး၏။

# "ဗုဒ္ဓဘာသာလက်စွဲ"
## ဒုတိယတွဲ

သဗ္ဗပါပဿ အကရဏံ,

ကုသလဿုပသမ္ပဒါ,

သစိတ္တပရိယောဒါပနံ,

ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှုဟူသမျှကို မပြုလုပ်ခြင်း,

ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း,

မိမိစိတ်ကို ဖြူစင်စေခြင်း,

ဤ သုံးပါးသည် ဘုရားရှင်တို့၏

အဆုံးအမတော်တည်း။

# ဒုတိယတန်း။

## အရကျက်ရန် စာများ။

အောက်တန်း စာများကို မရသေးလျှင် နှုတ်တက် ရပါစေ။

### ဘုရားဂုဏ်တော် ကိုးပါး။

ဣတိပိ သောဘဂဝါ (၁) အရဟံ, (၂) သမ္မာသမ္ဗုဒ္ဓေါ, (၃) ဝိဇ္ဇာစရဏ သမ္ပန္နော, (၄) သုဂတော, (၅) လောကဝိဒူ, (၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ, (၇) သတ္ထာ ဒေဝမနုဿာနံ, (၈) ဗုဒ္ဓေါ, (၉) ဘဂဝါ။

### တရားဂုဏ်တော် ခြောက်ပါး။

(၁) သွာက္ခာတော ဘဂဝတာ ဓမ္မော, (၂) သန္ဒိဋ္ဌိကော, (၃) အကာလိကော, (၄) ဧဟိ ပဿိကော, (၅) ဩပနေယျိကော, (၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

### သံဃာဂုဏ်တော် ကိုးပါး။

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,

(၂) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, (၃) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, (၄) သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, (၅) [ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ, အဋ္ဌ ပုရိသပုဂ္ဂလာ၊] ဧသ ဘဂဝတော သာဝကသံဃော, အာဟုနေယျော, (၆) ပါဟုနေယျော, (၇) ဒက္ခိဏေယျော, (၈) အဉ္ဇလိကရဏီယော, (၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

**ဆုတောင်း။**

ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

**ငါးပါးသီလ အပြစ်နှင့် အကျိုး။**

၁။ ။ပါဏာတိပါတ်, သူ့သက် သတ်က,…(၁) ချို့တတ် အင်္ဂါ, (၂) မွဲပြာရုပ်သွင်, (၃) အားအင်ယိုယွင်း, (၄) လျင်ခြင်းလည်းဝေး, (၅) ဘေးကိုကြောက်တတ်, (၆) အသတ်ခံရာ, (၇) အနာများလျက်, (၈) ခွေရံပျက်၍, (၉) အသက်တိုလျှ, ပြစ်များစွာသည်…ရှောင်ကအပြန် အကျိုးတည်း။

၂။ ။အဒိန္နာဒါ, ခိုးမိပါမူ,…(၁) ဥစ္စာနည်းမွဲ, (၂) ဆင်းရဲ, (၃) ငတ်ဘိ, (၄) လိုရှိ မရ, (၅) ဘောဂပျက်စီး, (၆) ရေမီး သူခိုး, မွေခံဆိုးနှင့်, မင်းဆိုးအပြား, ရန်မျိုးငါးကြောင်, ပျက်ပြားဥစ္စာ, ပြစ်များစွာသည်… ရှောင်ခါအပြန် အကျိုးတည်း။

၃။ ။မိစ္ဆာစာရ, ကျူးလွန်ကလည်း,…(၁) မုန်းကြသူများ, (၂) ရန်သူပွား၍, (၃) ရှားပါးလာဘ်တိတ်, (၄) ချမ်းသာဆိတ်၏, (၅) ဣတ္ထိ, (၆) ပဏ္ဍုက်, (၇) မျိုးယုတ်ခါခါ, (၈) မျက်နှာမလှ, အရှက်ရလျက်, (၉) လက္ခဏာဣန္ဒြေ, ယွင်းသွေချို့သိမ်, (၁၀) စိုးရိမ်များစွာ, (၁၁) ချစ်သူကွာသည်,…ရှောင်ခါအပြန် အကျိုးတည်း။

၄။ ။မုသား စကား, ပြောဆိုငြားမူ,…(၁) စကားမပြီ, (၂) သွားမညီတည်း, (၃) ပုပ်ညှီ ပါးစပ်, (၄) ခြောက်ကပ်ကိုယ်ရေ, (၅) ဣန္ဒြေနှောက်, (၆) ပုံယွင်းဖောက်၏, (၇) မရောက်သြဇာ, (၈) နှုတ်လျှာကြမ်းထော်, (၉) လျှပ်ပေါ်လော်လည်, စိတ် မတည်သည်…ရှောင်ကြဉ်အပြန် အကျိုးတည်း။

၅။ ။သေရည်သောက်လင့်, သင့် မသင့်၌,…

(၁) ရေးခွင့် မသိ, (၂) ပျင်းရိ, (၃) မေ့ရူး, (၄) ကျေးဇူး မဆပ်, (၅) ဟိရောတ္တပ်ကင်း, (၆) ခပင်းများထို, အကုသိုလ်ကို, မငြိုလွယ်စွာ, ပြုကျင့်ရာသည်...ရှောင်ခါအပြန် အကျိုးတည်း။

## ငါးပါးသီလတောင်း။

အဟံ ဘန္တေ, တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ, ယာစာမိ၊ အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ, တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ, ယာစာမိ၊ အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ, တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ, ယာစာမိ၊ အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ။

**မှတ်ချက်။** ။ ၎င်း သီလတောင်း အပြီး၌ နမော တဿ,သရဏဂုံ ငါးပါးသီလတို့ကို ဆက်၍ ဆိုပါ။

**ဒုတိယတန်း ကျက်စာပြီး၏။**

# ဒုတိယတန်းဖတ်စာ။

## ဘုရားဂုဏ်တော်ကိုးပါး မြန်မာပြန်။

၁။ ဣတိပိ သော ဘဂဝါ အရဟံ–ထိုရှင်တော်မြတ်ဘုရားသည် ကိလေသာတို့မှ ဝေးကွာတော်မူ၍ ပူဇော်အပ်သော ပစ္စည်းတို့ကို ခံယူတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း **"အရဟံ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည်တကား။

၂။ ဣတိပိ သော ဘဂဝါ သမ္မာ သမ္ဗုဒ္ဓေါ–ထိုရှင်တော် မြတ်ဘုရားသည် သိဖွယ် အတန်တန်ကို ဖောက်ပြန်မရှိ ကိုယ်တော်တိုင် သိတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း **"သမ္မာသမ္ဗုဒ္ဓ"** ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေ သည်တကား။

၃။ ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏ သမ္ပန္နော–ထိုရှင်တော်မြတ်ဘုရားသည် ဝိဇ္ဇာဉာဏ်တော်,

သုံးဘော် ရှစ်ပါး, အကျင့်စရဏ တစ်ဆယ့်ငါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း **"ဝိဇ္ဇာ စရဏ သမ္ပန္န"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည်တကား။

၄။ ဣတိပိ သော ဘဂဝါ သုဂတော–ထိုရှင်တော်မြတ်ဘုရားသည် ကိုယ်တော်မြတ်၏ ကြွသွားပုံ, ဉာဏ်တော်၏ ဖြစ်ပုံ နှစ်ပါးစုံ တင့်တယ်တော်မူသော ဤအကြောင်းကြောင့်လည်း **"သုဂတ"** ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည်တကား။

၅။ ဣတိပိ သောဘဂဝါ လောကဝိဒူ–ထိုရှင်တော်မြတ်ဘုရားသည် ကမ္ဘာလောက ဘုံဌာနနှင့် များလှ ထွေထွေ သတ္တဝါတွေကို ခွဲဝေကုန်စင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း **"လောကဝိဒူ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည်တကား။

၆။ ဣတိပိ သော ဘဂဝါ အနုတ္တရော ပုရိသ ဒမ္မသာရထိ–ထိုရှင်တော်မြတ်ဘုရားသည် ဆုံးမ



ထိုက်သော ယောကျ်ား မိန်းမဟူသမျှကို နည်းပြသင်ပေး၍ ယဉ်ကျေးအောင် ဆုံးမမှု၌ တုဘက်ကင်းကွာ အသာဆုံး ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း **"အနုတ္တရော ပုရိသဒမ္မသာရထိ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည်တကား။

၇။ ဣတိပိ သော ဘဂဝါ သတ္ထာ ဒေဝ မနုဿာနံ–ထိုရှင်တော်မြတ်ဘုရားသည် နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း **"သတ္ထာ ဒေဝမနုဿာနံ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည်တကား။

၈။ ဣတိပိ သောဘဂဝါ ဗုဒ္ဓေါ–ထိုရှင်တော်မြတ်ဘုရားသည် သစ္စာလေးဘော် ကိုယ်တော်အစ သိပြီးမှလျှင် များလှဝေနေ သတ္တဝါတွေကို မသွေအတူ သိစေတော်မူသော ဤအကြောင်းကြောင့်လည်း **"ဗုဒ္ဓ"**ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည်တကား။

၉။ ဣတိပိ သော ဘဂဝါ ဘဂဝါ–ထိုရှင်တော် မြတ်ဘုရားသည် ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင်းလည်း **"ဘဂဝါ"** ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပါပေသည်တကား။

ဤဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားကို လေးစားကြည်ညို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ကန်တော့ပါ၏ ဘုရား၊ [ဤသို့ဆိုပြီးလျှင် သက်တော်ထင်ရှား ဘုရားကို မှန်း၍ ရှိခိုးဝပ်ချ လိုက်ပါ။]

**တရားဂုဏ်တော် ခြောက်ပါး မြန်မာပြန်။**

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော–ရှင်တော်မြတ်ဘုရား၏ တရားတော်သည် ဆုံး စ အလယ် သုံးသွယ်သော ဂုဏ်အင်္ဂါဖြင့် ကောင်းစွာ ဟောတော်မူအပ်သောကြောင့် **"သွာက္ခာတ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

၂။ သန္ဒိဋ္ဌိကော–ရှင်တော်မြတ်ဘုရား၏ တရားတော်သည် အများအပြောဖြင့် သဘောမကျရဘဲ ဒိဋ္ဌကိုယ်တိုင် သိမြင်နိုင်သောကြောင့် **"သန္ဒိဋ္ဌိက"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

၃။ အကာလိကော–ရှင်တော်မြတ်ဘုရား၏ မဂ်တရားသည် မျှော်ခေါ်ဆိုင်းငံ့၍ မထားဘဲ အခြားမဲ့ဖိုလ် အကျိုးကို ပေးနိုင်သောကြောင့် **"အကာလိက"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်တကား။

၄။ ဧဟိပဿိကော–ရှင်တော်မြတ်ဘုရား၏ တရားတော်သည် မယုံကြည်လျှင် အသင်လာလှည့် ကျင့်၍ ကြည့်ဟု အတိအလင်း ဖိတ်ခေါ်ခြင်းငှာ ထိုက်တော်မူသောကြောင့် **"ဧဟိပဿိက"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်တကား။

၅။ ဩပနေယျိကော–ရှင်တော်မြတ်ဘုရား၏ တရားတော်သည် မိမိစိတ်တွင် ထင်မြင်လာအောင် ကပ်ဆောင် ထိုက်သောကြောင့် **"ဩပနေယျိက"**

ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည် တကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ–ရှင်တော်မြတ်ဘုရား၏ တရားတော်သည် လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီး ပညာရှင်ကြီးတို့ အသီးအသီး ကိုယ်တိုင် ခံစားနိုင်သောကြောင့် **"ပစ္စတ္တံဝေဒိတဗ္ဗ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

ဤဂုဏ်တော် ခြောက်ပါးနှင့်ပြည့်စုံတော်မူသော တရားတော်မြတ်ကို လေးစားကြည်ညို ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား၊ [ဤသို့ဆိုပြီးလျှင် တရားတော်ကို မှန်း၍ ရှိခိုး ဝပ်ချ လိုက်ပါ။]

## သံဃာ့ဂုဏ်တော်ကိုးပါး မြန်မာပြန်။

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော– ရှင်တော်မြတ်ဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော်သည် ဆုံးမတော် မူသမျှကို လုံ့လလိုက်နာ၍ ကောင်းမွန်စွာ



ကျင့်တော်မူသောကြောင့် **"သုပ္ပဋိပန္န"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော– ရှင်တော်မြတ်ဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော်သည် ပရိယာယ် မာယာ ဟန်ဆောင်မှု မပါဘဲ ဖြောင့်မှန်စွာ ကျင့်တော်မူသောကြောင့် **"ဥဇုပ္ပဋိပန္န"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည် တကား။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော– ရှင်တော်မြတ်ဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော်သည် နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူသောကြောင့် **"ဉာယပ္ပဋိပန္န"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော– ရှင်တော်မြတ်ဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူကြသော အရိယာ သံဃာတော်သည်

လူတို့၏ ရှိသေသမှုနှင့် သင့်လျော်အောင် ကျင့်တော်မူသောကြောင့် **"သာမိစိပ္ပဋိပန္န"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

(ယဒိဒံ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ–အကြင် အစုံအားဖြင့် လေးစုံ, အသီးအခြား ခွဲသောအားဖြင့် ရှစ်ပါးသော ယောကျာ်းပုဂ္ဂိုလ်တို့ ရှိကြပေကုန်၏။)

၅။ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော–ရှင်တော်မြတ်ဘုရား၏ ထိုအစုံလေးပါး သီးခြားရှစ်ဖော် တပည့်သားအစစ် ဖြစ်တော်မူသော အရိယာ သံဃာတော်သည် အဝေးမှ ဆောင်ယူ၍ ပူဇော်အပ်သော ပစ္စည်းကို ခံယူတော်မူထိုက်သောကြောင့် **"အာဟုနေယျ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

၆။ ပါဟုနေယျော–ဧည့်သည်များဖို့ ရည်ရွယ်ထားသော ပစ္စည်းကို ခံယူတော်မူထိုက်သောကြောင့် **"ပါဟုနေယျ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။



၇။ ဧသ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော–ရှင်တော်မြတ်ဘုရား၏ ထိုအစုံလေးပါး သီးခြားရှစ်ဘော် တပည့်သားအစစ် ဖြစ်တော်မူသော အရိယာသံဃာတော်သည် နောက်ဘဝ အကျိုးကို ရည်းမှန်း၍ လှူဒါန်းအပ်သော ပစ္စည်းကို ခံယူတော် မူထိုက်သောကြောင့် **"ဒက္ခိဏေယျ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

၈။ ဧသ ဘဂဝတော သာဝကသံဃော အဉ္ဇလိကရဏီယော–ရှင်တော်မြတ်ဘုရား၏ ထိုအစုံလေးပါး သီးခြားရှစ်ဘော် တပည့်သားအစစ် ဖြစ်တော်မူသော အရိယာသံဃာတော်သည် လက်အုပ်ချီမိုး ရှိခိုးမှုကို ပြုထိုက်တော် မူသောကြောင့် **"အဉ္ဇလိကရဏီယ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူပါပေသည်တကား။

၉။ ဧသ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ–ရှင်တော်မြတ်ဘုရား၏

ထိုအစုံလေးပါး သီးခြားရှစ်ဘော် တပည့်သား အစစ် ဖြစ်တော်မူသော အရိယာ သံဃာတော်သည် တစ်လောကလုံး၏ အမြတ်ဆုံး ကောင်းမှုလယ်မြေ ဖြစ်တော်မူသောကြောင့် **"အနုတ္တရ ပုညက္ခေတ္တ"** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်တကား။

ဤသို့ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော အရိယာ သံဃာတော်မြတ်ကို လေးစားကြည်ညို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား၊ [ဤသို့ ဆိုပြီးလျှင် အရိယာ သံဃာတော်ကို မှန်း၍ ဝပ်ချလိုက်ပါ။]

**[ဤနေရာ၌ ဆရာသည် ကလေးများအား ဘုရားဂုဏ်တော် ကိုးပါး, တရားဂုဏ်တော် ခြောက်ပါး, သံဃာဂုဏ်တော် ကိုးပါးကို ရေတွက်တတ်အောင် သင်ပြပါ။]**

## ဆုတောင်း အနက်။

မေ–တပည့်တော်၏၊ ဣဒံ ပုညံ–ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ–အာသဝေါတရားတို့၏



ကုန်ရာနိဗ္ဗာန်ကို ဆောင်နိုင်သည်၊ ဟောတု–ဖြစ်ပါစေသတည်း၊ [ကုသိုလ်ပြုပြီးတိုင်း ဤဆုတောင်းကို ဆိုနိုင်သည်၊ **"အာသဝက္ခယံ+ဝဟံ"**ဟုလည်း ရွတ်ကြသည်။]

## သီလတောင်း မြန်မာပြန်။

အဟံ ဘန္တေ= အရှင်ဘုရား တပည့်တော်သည်၊
တိသရဏေန သဟ= သရဏဂုံ သုံးပါးနှင့်တကွ၊
ပဉ္စသီလံ ဓမ္မံ ယာစာမိ= ငါးပါးသီလ တရားကို
တောင်းပါ၏။
အနုဂ္ဂဟံ ကတွာ=သနား ချီးမြှောက်ခြင်းကို ပြု၍၊
သီလံ ဒေထ မေ ဘန္တေ= တပည့်တော်အား သီလ
ပေးပါကုန်ဘုရား။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ=အရှင်ဘုရား တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို နှစ်ကြိမ်မြောက်လည်း တောင်းပါ၏။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ=အရှင်ဘုရား တပည့်တော်သည်

သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို သုံးကြိမ် မြောက်လည်း တောင်းပါ၏။

(**"အနုဂ္ဂဟံ ကတွာ"**စသည်ကို ရှေ့နည်းအတိုင်း မြန်မာပြန်ပါ။)

**အမှာ။** ။ကလေးများသည် ဩကာသမှစ၍ သီလတောင်း, သရဏဂုံ, ငါးပါးသီလ, ရတနာသုံးပါးဂုဏ်တော်, ဣဒံ မေ ပုညံစသော ဆုတောင်းများကို ရကြပြီ၊ ထိုအားလုံးကို နေ့စဉ် မတတ်နိုင်လျှင် တစ်ပတ်လျှင် တစ်ကြိမ်ကျလောက် အပြည့်အစုံ ဘုရားကန်တော့ရင်း ဆိုစေ၍ မြန်မာပြန်ကိုလည်း တစ်မျိုးစီ တစ်မျိုးစီ ရက်လှည့်အားဖြင့် ပြောတတ်ပါစေ၊ ဥပမာ–ပထမရက်ပတ် တစ်ရက်၌ **"အဟံ ဘန္တေ"** စသော သီလတောင်းကို မြန်မာလို ပြောတတ်ပါစေ၊ ဒုတိယ ရက်ပတ် တစ်ရက်၌ နမော တဿနှင့် သရဏဂုံပါဠိကို မြန်မာပြန်ပါစေ။

ဤသို့ တစ်လှည့်စီ မြန်မာပြန်ပုံကို ထပ်၍ သင်ပေးသွားလျှင် နှစ်လ လောက်ကြာသော် အားလုံး မြန်မာပြန်ကို ကြေနေစေပါလိမ့်မည်၊ ထိုအခါ **"အပါယ်လေးပါးဆိုတာ ဘာလဲ"**စသော မေးခွန်းများကို မေး၍ အစိတ် အစိတ် စကား၏ အဓိပ္ပာယ်ကို နားလည်အောင် ရက်တစ်ပတ်လျှင် တစ်ကြိမ်ကျလောက် ပြန်၍ သင်ပြပါ၊ ထိုပြန်၍ သင်ပြသော ရက်ကိုလည်း စာသင်ချိန် တစ်ချိန်ဟု သဘောထား၍ အသစ်စာများကို မသင်ဘဲ ရပ် ထားလိုက်ပါ။



## မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိအကြောင်း။

**ဆရာ။** ။[ဒိဋ္ဌိ=အမြင်၊ မိစ္ဆာ=အမှား၊ သမ္မာ=အမှန်၊] မှားသော အမြင်ကို မိစ္ဆာဒိဋ္ဌိ, မှန်သော အမြင်ကို သမ္မာဒိဋ္ဌိ ဟု ခေါ်သည်၊ နားလည်ကြရဲ့လား၊ နားလည်လျှင် ပြန်ပြော ကြစမ်း။

**တပည့်များ။** ။ပြန်၍ ပြော။

**ဆရာ။** ။ကောင်းပြီ၊ **"နောက်ဘဝ ရှိတယ်"**ဆိုလျှင် အမြင်မှန်လား, အမြင်မှားလား။

**တပည့်များ။** ။အမြင်မှန်။

**ဆရာ။** ။**"နောက်ဘဝ မရှိဘူး"**ဆိုလျှင် အမြင် မှန်လား, အမြင်မှားလား။

**တပည့်များ။** ။အမြင်မှား။

**ဆရာ။** ။ကောင်းတာ (သူများကို ချမ်းသာစေတာ) လုပ်ပေးလျှင် နောက်ဘဝ၌ ကောင်းကျိုးရမလား, ဆိုးကျိုးရမလား။

**တပည့်များ။** ။ကောင်းကျိုးရမယ်။

**ဆရာ။** ။မကောင်းတာ (သူများကို ဆင်းရဲစေတာ) လုပ်လျှင် နောက်ဘဝ၌ ကောင်းကျိုးရမလား, ဆိုးကျိုး ရမလား။

**တပည့်များ။** ။ဆိုးကျိုးရမယ်။

**ဆရာ။** ။အကောင်းဆုံး အလုပ်တွေကို လုပ်သွာလို့ ဘုရားဖြစ်သွားပြီး သတ္တဝါတွေ ချမ်းသာအောင် တရာဟောတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဆိုတာ ဘစ်ခါတစ်ခ် ဖြစ်ပေါ်လာနိုင်တယ်ဟု ပြောကြတယ်၊ ယုံထိုက်သလား မယုံထိုက်ဘူးလား။

**တပည့်များ။** ။ယုံထိုက်ပါတယ် ဆရာ။

**ဆရာ။** ။ဘုရားဟောတဲ့ တရားတော်အတိုင်း ကျင့်ကြလျှင် မကောင်းတဲ့စိတ်တွေ မဖြစ်ဘဲ စိတ်ကောင်းရှိတဲ့ အရိယာသံဃာဆိုတာ ဖြစ်နိုင်သလား, မဖြစ်နိုင်ဘူးလား၊

**တပည့်များ။** ။ဖြစ်နိုင်မှာပဲ ဆရာ။

**ဆရာ။** ။အရိယာဖြစ်တာ, မဖြစ်တာတော့ မသိပေမယ့် ကောင်းကောင်းနေတဲ့ ရဟန်းတော်များကို ရှိသေထိုက် လျှုဒါန်းထိုက်သလား, မရှိသေ မလှူဒါန်းထိုက်ဘူးလား။

**တပည့်များ။** ။ရှိသေထိုက်ပါတယ်, လှူဒါန်းထိုက်ပါတယ်။



**ဆရာ။** ။လှူဒါန်းလျှင် နောက်ဘဝမှာ ကောင်းကျိုးရမလား, မရပေဘူးလား။

**တပည့်များ။** ။ရမယ်ထင်တယ် ဆရာ။

**ဆရာ။** ။**"နောက်ဘဝ ရှိတယ်"**လို့ အယူရှိတဲ့သူဟာ နောက်ဘဝမှာ ဆင်းရဲမှာစိုးလို့ ဒီဘဝက ကောင်းတာတွေကို လုပ်မလား, မကောင်းတာတွေ လုပ်မလား။

**တပည့်များ။** ။ကောင်းတာတွေကို လုပ်မှာပဲ ဆရာ။

**ဆရာ။** ။**"နောက်ဘဝ မရှိဘူး"**လို့ အယူရှိတဲ့သူဟာ ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ် သူ့အကျိုးရှိလျှင် မလုပ်ပေဘူးလား၊ ဥပမာ–အမေသတ်မှ အကျိုးရှိမယ်ဆိုလျှင် မသတ်ပေဘူးလား။

**တပည့်များ။** ။လုပ်မှာပဲ ဆရာ။

**ဆရာ။** ။မကောင်းတာကိုလဲ ဘာဖြစ်ဖြစ် သူ့အကျိုးရှိလျှင် လုပ်ဝံ့တဲ့သူဟာ ဒီလောကကြီးမှာ လူကောင်းဖြစ်နိုင်ပါ့မလား။

**တပည့်များ။** ။မဖြစ်နိုင်ဘူး ဆရာ။

**ဆရာ။** ။သူက **"နောက်ဘဝ မရှိဘူး၊ သေလျှင်ပြီးတာပဲ"**လို့ အယူရှိနေသော်လည်း နောက်ဘဝ ရှိနေလျှင် မကောင်းတာ လုပ်နေတဲ့သူဟာ ကောင်းတဲ့ဘဝမှာ လူတို့ နတ်တို့ ဖြစ်မလား၊ မကောင်းတဲ့ဘဝမှာ ငရဲတို့ တိရစ္ဆာန်တို့ ဖြစ်မလား။

**တပည့်များ။** ။မကောင်းတဲ့ဘဝမှာ ဖြစ်မယ် ဆရာ။

**ဆရာ။** ။သည်တော့ **"နောက်ဘဝ မရှိဘူး"**လို့ အယူမှား အမြင်မှားမှုဟာ **"ဒီဘဝလဲ လူကောင်းတစ်ယောက် မဖြစ်နိုင်၊ နောက်ဘဝလဲ ငရဲကျရဦးမယ်"** ဆိုလျှင် နှစ်ဖက်ရှုံး–မရှုံးပေဘူးလား။

**တပည့်များ။** ။နှစ်ဖက်ရှုံးတယ် ဆရာ။

**ဆရာ။** ။**"နောက်ဘဝ ရှိတယ်"**လို့ ယူတဲ့သူဟာ (နောက်ဘဝ၌ ဆင်းရဲမှာကြောက်လို့) ဒီဘဝမှာ ကောင်းကောင်းနေလျှင် လူကောင်း မဖြစ်ပေဘူးလား။



**တပည့်များ။** ။လူကောင်းဖြစ်မယ် ဆရာ။

**ဆရာ။** ။အဲဒီ လူကောင်းဟာ နောက်ဘဝ ရှိရိုးမှန်လျှင် ကောင်းတဲ့ဘဝမှာ မရောက်ပေဘူးလား။

**တပည့်များ။** ။ရောက်မှာပဲ ဆရာ။

**ဆရာ။** ။**"နောက်ဘဝ ရှိတယ်"**လို့ ယူတဲ့လူဟာ ဒီဘဝလဲ လူကောင်းဖြစ်၍ နောက်ဘဝလဲ ကောင်းတဲ့ဘဝမှာ ဖြစ်တယ်ဆိုလျှင် သူဟာ ဒီဘဝရော နောက်ဘဝရော အမြတ် မရပေဘူးလား။

**တပည့်များ။** ။အမြတ်ရမယ် ဆရာ။

**ဆရာ။** ။ဒါကြောင့် ဗုဒ္ဓမြတ်စွာက **"နောက်ဘဝ မရှိ၊ ကောင်းတာပြုလဲ ကောင်းကျိုး မရှိ၊ မကောင်းတာပြုလဲ မကောင်းကျိုး မရှိ"**ဟု အယူမှား အမြင်မှားသော မိစ္ဆာဒိဋ္ဌိကို အပါယ်လေးပါးသို့ ရောက်အောင် အဆောင်နိုင်ဆုံးတရား၊ အယူမှန် အမြင်မှန်သော သမ္မာဒိဋ္ဌိကို ကောင်းသောဘဝသို့ ရောက်အောင် အဆောင်နိုင်ဆုံးတရားလို့ ဟောထားတော်မူတယ်၊ အောက်ပါ တရားတော်ကို ကလေးများ ဖတ်ကြစမ်း။

(အဖတ်လွဲလျှင် ဆရာကထောက်ပေး။)

## မိစ္ဆာဒိဋ္ဌိအပြစ်ပြတရားတော်။

၁။ ဘိက္ခုတို့...မိစ္ဆာဒိဋ္ဌိကြောင့် သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေရပြီးနောက် အပါယ်လေးပါး၌ ဖြစ်ကြရသကဲ့သို့ ထို့အတူ မိစ္ဆာဒိဋ္ဌိလောက် အပါယ်လေးပါး၌ ဖြစ်စေနိုင်သောတရားကို ငါဘုရား မြင်တော်မမူ။*

[မိန့်တော်မူလိုရင်းကား **"အပါယ်ချနိုင်သော တရားများစွာတို့တွင် မိစ္ဆာဒိဋ္ဌိသည် အပါယ်အချနိုင်ဆုံး တရားဖြစ်သည်"**ဟု မိန့်တော်မူလိုသည်။]

## သမ္မာဒိဋ္ဌိအကျိုးပြတရားတော်။

၂။ ဘိက္ခုတို့ ... သမ္မာဒိဋ္ဌိကြောင့် သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေရပြီးနောက် ဂတိကောင်း

---

*** "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ယေန သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ, ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ"။**

[အင်္ဂုတ္တုိရ်, ဧကနိပါတ်, (၁၆) ဧကဓမ္မ (ပီဠ) ဝဂ်။]



(ဘဝကောင်း)ဖြစ်သော လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်၌ ဖြစ်ကြရသကဲ့သို့ ထို့အတူ သမ္မာဒိဋ္ဌိလောက် ကောင်းသော ဘဝ၌ ဖြစ်စေနိုင်သောတရားကို ငါဘုရား မြင်တော်မမူ။ [မိန့်တော်မူ လိုရင်းကား **"ကောင်းသောဘဝ၌ ဖြစ်စေနိုင်သော တရားတို့တွင် သမ္မာဒိဋ္ဌိသည် ဘဝကောင်း၌ အဖြစ်စေနိုင်ဆုံး တရားဖြစ်သည်"***ဟု မိန့်တော်မူလိုသည်—]

[အင်္ဂုတ္တိုရ်, ဧကနိပါတ်, (၁၆) ဧကဓမ္မ (ပီဠ) ဝဂ်။]

## မတရားကျင့်မှုနှင့် တရားကျင့်မှု။

**ဆရာ။** ။**"နောက်ဘဝ ရှိတယ်"**လို့ ယူတဲ့သူဟာ လူကောင်းဖြစ်နိုင်တယ်ဟု ဆိုပေမယ့် ဒီလို အယူမှန်ရုံ အမြင်မှန်ရုံနဲ့ လူကောင်း မဟုတ်သေးဘူးကွဲ့၊ တရား နည်းလမ်းအတိုင်း ပြုလုပ်မှလဲ **"လူကောင်း"**ဖြစ်နိုင်တယ်၊ အယူကတော့ မှန်ပါရဲ့၊ လုပ်တာက မတရားတာတွေ

---

*** "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ယေန သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ, ယထယိဒံ ဘိက္ခဝေ သမ္မာဒိဋ္ဌိ ၊ သမ္မာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ"။**

[အင်္ဂုတ္တုိရ်, ဧကနိပါတ်, (၁၆) ဧကဓမ္မ (ပီဠ) ဝဂ်။]

လုပ်နေလျှင် လူကောင်း မဟုတ်နိုင်သေးဘူး၊ လူကောင်း မဟုတ်လျှင်လဲ သေလျှင် အပါယ်ကျဦးမှာပဲ၊ လူကောင်း ဟုတ်မှ သေလျှင် လူတို့နတ်တို့ ဖြစ်ရမယ်၊ အောက်ပါ တရားတော်ကို ဖတ်ကြစမ်းပါ။

**မတရားနှင့်တရားတို့၏ အပြစ်အကျိုးပြတရားတော်။**

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါ၌ ပုဏ္ဏားတစ်ယောက်သည် ဘုရားအထံတော်သို့ လာ၍ လျှောက်ထားသည်မှာ—

(၁) **"အရှင်ဂေါတမ...တချို့ သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးနောက် အဘယ့်ကြောင့် အပါယ်လေးပါး၌ ဖြစ်ကြရသနည်း၊ တချို့ သတ္တဝါတို့ကား ခန္ဓာကိုယ် ပျက်စီး၍ သေပြီးနောက် အဘယ့်ကြောင့် ကောင်းသော (လူနတ်)ဘဝ၌ ဖြစ်ကြပါသနည်း"*** ဤသို့ လျှောက်လေသည်။

---

* "ကော နုခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော, ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ, ကော နုခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော, ယေန မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တီတိ"။



ထိုအခါ ဗုဒ္ဓမြတ်စွာက ဟောပြတော်မူသည်မှာ—

(၂) **"ပုဏ္ဏား...မတရား ပြုကျင့်ခြင်း မမျှတအောင် ပြုကျင့်ခြင်းကြောင့် တချို့ သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးနောက် အပါယ်လေးပါး၌ ဖြစ်ကြရ၏၊ တရားမျှတစွာ ပြုကျင့်ခြင်းကြောင့် တချို့ သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးနောက် ကောင်းသော (လူနတ်) ဘဝ၌ ဖြစ်ကြရသည်"***။

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, (၂) အဓိကရဏဝဂ်, ဆဋ္ဌသုတ်။]

**ဆရာ။** ။ဗုဒ္ဓမြတ်စွာ၏ တရားတော်ထဲမှာ **"မတရား မမျှတသော ပြုကျင့်မှုနှင့် တရားမျှတသော ပြုကျင့်မှု"** နှစ်မျိုးပါနေတယ်၊ အဲဒီ နှစ်မျိုးကို ကလေးများ သိကြရဲ့လား။

---

* "အဓမ္မစရိယာ ဝိသမစရိယာ ဟေတု ခေါ ဗြာဟ္မဏ ဧဝ မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ ဓမ္မစရိယာ သမစရိယာ ဟေတု ခေါ ဗြာဟ္မဏ ဧဝ မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တီတိ"။

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, (၂) အဓိကရဏဝဂ်, ဆဋ္ဌသုတ်။]

**တပည့်များ။** ။မသိပါ ဆရာ။

**ဆရာ။** ။မသိကြလျှင် အောက်ပါ တရားတော်ကို ဖတ်ကြစမ်းဦး, မတရားမှု တရားမှုတွေ ပေါ်လာလိမ့်မယ်။

## ဒုစရိုက် အပြစ်ပြတရားတော်။

**ဗုဒ္ဓ။** ။အာနန္ဒာ... **"ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် ဤသုံးပါးကို ကေန် မပြုကျင့်ထိုက်သော တရား"***ဟု ငါဘုရား ဟောတော်မူသည်။

**အာနန္ဒာ။** ။ကေန် မပြုထိုက်သော ဒုစရိုက်သုံးပါးကို ပြုလျှင် အဘယ်အပြစ်များ ရထိုက်ပါသနည်း ဘုရား။

**ဗုဒ္ဓ။** ။အာနန္ဒာ... ကေန် မပြုတိုက်သော ဒုစရိုက်

---

***ဧကံသေနာဟံ အာနန္ဒ အကရဏီယံ ဝဒါမိ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ။**

**ယမိဒံ ဘန္တေ ဘဂဝတာ ဧကံသေန အကရဏီယံ အက္ခာတံ, ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ တသ္မိံ အကရဏီယေ ကယိရမာနေ ကော အာဒီနဝေါ ပါဋိကင်္ခေါတိ။**

အင်္ဂုတ္တိုရ်, ဒုကနိပါတ်, (၂) အဓိကရဏဝဂ်, အဋ္ဌမသုတ်။]



သုံးပါးကို ပြုလျှင် (၁) မိမိကိုယ်တိုင် မိမိကို ပြန်၍ စွပ်စွဲကဲ့ရဲ့တတ်ခြင်း, (၂) ပညာရှိတို့က စိစိစစ်စစ်နှင့် ကဲ့ရဲ့တတ်ခြင်း, (၃) မကောင်းသတင်း ကျော်စောတတ်ခြင်း, (၄) သေလျှင် ပါယ်လေးပါးကျရခြင်း ဤလေးမျိုးသော မကောင်းကျိုး အပြစ်များ ရတတ်သည်*။

## သုစရိုက် အကျိုးပြတရားတော်။

**ဗုဒ္ဓ။** ။အာနန္ဒာ... **"ကာယသုစရိုက်, ဝစီသုစရိုက် မနောသုစရိုက် ဤသုံးပါးကို ကေန် ပြုကျင့်ထိုက်သော တရား"***ဟု ငါဘုရား ဟောတော်မူသည်။

---

***ယမိဒံ အာနန္ဒ မယာ ဧကံသေန အကရဏီယံ အက္ခာတံ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ၊ တသ္မိံ အကရဏီယေ ကာယိရမာနေ အယံ အာဒီနဝေါ ပါဋိကင်္ခေါ–အတ္တာပိ အတ္တာနံ ဥပဝဒတိ, အနုဝိစ္စ ဝိညူ ဂရဟန္တိ, ပါပကော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ, သံမုဠှော ကာလံ ကရောတိ, ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, (၂) အဓိကရဏဝဂ်, အဋ္ဌမသုတ်။]

***ဧကံသေနာဟံ အာနန္ဒ ကရဏီယံ ဝဒါမိ ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ။**

**အာနန္ဒာ**။ ။ကေန် ပြုကျင့်ထိုက်သော သုစရိုက်သုံးပါးကို ပြုကျင့်လျှင် အဘယ် အကျိုးရနိုင်ပါသနည်း။

**ဗုဒ္ဓ**။ ။အာနန္ဒာ... ကေန် ပြုကျင့်ထိုက်သော သုစရိုက်သုံးပါးကို ပြုကျင့်လျှင် (၁) မိမိကိုယ်ကို မိမိ ပြန်၍ မစွပ်စွဲ မကဲ့ရဲ့ခြင်း, (၂) ပညာရှိတို့က စဉ်းစဉ်းစားစားဖြင့် ချီးမွမ်းကြခြင်း, (၃) ကောင်းသတင်း ကျော်စောခြင်း, (၄) သေလျှင် လူ့ပြည် နတ်ရပ် ကောင်းမြတ်သော ဘဝ၌ ဖြစ်ရခြင်း ဤလေးမျိုးသော ကောင်းကျိုးများကို ရနိုင်ပေသည်*။

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, (၂) အဓိကရဏဝဂ်, အဋ္ဌမသုတ်။]

---

***ယမိဒံ ဘန္တေ မေ ဘဂဝတာ ဧကံသေန ကရဏီယံ အက္ခာတံ, ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ တသ္မိံ ကရဏီယေ ကယိရမာနေ ကော အာနိသံသော ပါဋိကင်္ခေါတိ။**

**ယမိဒံ အာနန္ဒ မယာ ဧကံသေန ကရဏီယံ အက္ခာတံ ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ၊ တသ္မိံ ကရဏီယေ ကယိရမာနေ အယံ အာနိသံသော ပါဋိကင်္ခေါ–အတ္တာပိ အတ္တာနံ န ဥပဝဒတိ, အနုဝိစ္စ ဝိညူ ပသံသန္တိ, ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ, အသံမူဠှော ကာလံ ကရောတိ, ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။**

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, (၂) အဓိကရဏဝဂ်, အဋ္ဌမသုတ်။]



## ဒုစရိုက် သုစရိုက် စစ်တမ်း။

**ဆရာ**။ ။ကိုင်း ရှေ့၌ ဟောတော်မူတဲ့ **"မတရားသော မမျှတသော အကျင့်"**ဆိုတာ ဒုစရိုက် သုံးမျိုး ဖြစ်ကြောင်း, **"တရားမျှတသော အကျင့်"**ဆိုတာ သုစရိုက် သုံးမျိုးဖြစ်ကြောင်း ထင်ရှားပြီး မဟုတ်လားကွဲ့၊ ဒီတော့ **"ဒုစရိုက်ဆိုတာ ဘာလဲ, သုစရိုက်ဆိုတာ ဘာလဲ"**လို့ ကလေးများ သိချင်ကြတယ် မဟုတ်လား။

**တပည့်များ**။ ။သိချင်ပါတယ် ဆရာ။

**ဆရာ**။ ။[ဒု=မကောင်းသော+စရိုက်=(စရိတ) အကျင့်၊] မကောင်းသော အကျင့်တွေကို **"ဒုစရိုက်"**ဟု ခေါ်တယ်၊ ကိုယ်ဖြင့် ပြုကျင့်ရသော ဒုစရိုက်ကို **"ကာယဒုစရိုက်"**၊ နှုတ်ဖြင့် ပြော၍ ကျင့်ရသော ဒုစရိုက်ကို **"ဝစီဒုရိုက်"**၊ စိတ်ဖြင့် ကြံစီ၍ ကျင့်ရသော ဒုစရိုက်ကို **"မနောဒုစရိုက်"**ဟု ခေါ်တယ်၊ နားလည်ကြရဲ့လား။

**တပည့်များ**။ ။နားလည်ကြပါတယ် ဆရာ၊ သုစရိုက် သုံးပါးကတော့ ဘယ်လိုဟာပါလဲ။

**ဆရာ**။ ။[သု= ကောင်းသော + စရိုက် (စရိတ)= အကျင့်၊] ကောင်းသော အကျင့်တွေကို **"သုစရိုက်"**ဟု ခေါ်တယ်၊ ကိုယ်ဖြင့် ပြုကျင့်ရသော **"ကာယသုစရိုက်"**၊ နှုတ်ဖြင့် ပြုကျင့်ရသော **"ဝစီသုစရိုက်"**၊ စိတ်ဖြင့် ကြံစီ၍

ကျင့်ရသော **"မနောသုစရိုက်"**ဟု သုံးပါးရှိတယ်။

**တပည့်များ။** ။ဘယ်လို ကျင့်တော့ ဒုစရိုက်, ဘယ်လို ကျင့်တော့ သုစရိုက် ဖြစ်ပါသလဲ ဆရာ။

**ဆရာ။** ။ကလေးများ သိပြီးဖြစ်တဲ့ ငါးပါးသီလကို ပြန်မေးမယ်၊ စိတ်ထဲထင်တာ ဖြေကြနော်၊ သူ့အသက်ကို သတ်တာဟာ ကောင်းတဲ့ ပြုကျင့်မှုလား, မကောင်းတဲ့ ပြုကျင့်မှုလား။

**တပည့်များ။** ။မကောင်းတဲ့ ပြုကျင့်မှု။

**ဆရာ။** ။ဒါဖြင့် ပါဏာတိပါတဟာ ဒုစရိုက်လား, သုစရိုက်လား။

**တပည့်များ။** ။ဒုစရိုက်။

**ဆရာ။** ။သူ့အသက် မသတ်ဘဲ (သနားညှာတာတဲ့) ပါဏာတိပါတာ ဝေရမဏီသိက္ခာပုဒ်ဟာ ကောင်းတဲ့ အကျင့်လား, မကောင်းတဲ့ အကျင့်လား (သုစရိုက်လား, ဒုစရိုက်လား)။

**တပည့်များ။** ။ကောင်းတဲ့ အကျင့် (သုစရိုက်)၊

[ဤနည်းအတိုင်း ငါးပါးသီလကို မေးပါ။

**ဆရာ။** ။သူ့အသက်သတ်မှု, သူ့ဥစ္စာ ခိုးမှု လုယက်



မှု, သူ့မယား သူ့သမီးကို လွန်ကျူးမှု, (ကိုယ့်ယောကျ်ား မဟုတ်သူနှင့် ဖောက်ပြန်မှု) အဲဒီ သုံးပါးကို ဘာနဲ့ ပြုကြရသလဲ, ကိုယ်နဲ့လား, နှုတ်နဲ့လား, စိတ်နဲ့လား၊ အများပြုနေတာကို ပြောကွဲ့။

**တပည့်များ။** ။ကိုယ်နဲ့ပြုရတယ် ဆရာ၊ [**"ကိုယ်နဲ့ ပြုရလျှင် ဘာ ဒုစရိုက် ခေါ်မလဲ"**ဟု ဆက်မေး... **"ကာယဒုစရိုက် ခေါ်မယ်"**ဟု ဖြေတတ်ပါစေ။]

**ဆရာ။** ။မုသားပြောမှု (လိမ်ပြောမှု)ကို ဘာနဲ့ ပြုသလဲ, ကိုယ်နဲ့လား, နှုတ်နဲ့လား, စိတ်နဲ့လား၊ အများ ပြုတာကို ဖြေကွဲ့။

**တပည့်များ။** ။နှုတ်နဲ့ ဆရာ၊ [**"နှုတ်နဲ့ပြုလျှင် ဘာ ဒုစရိုက် ခေါ်မလဲ"**ဟု မေး၍ **"ဝစီဒုစရိုက် ခေါ်မယ်"** ဟု ဖြေတတ်ပါစေ။]

**ဆရာ။** ။ကဲ ကဲ, ငါးပါးသီလထဲ မပါပေမယ့် မေးရဦးမယ်၊...သူများပစ္စည်းကို **"ငါ့ဟာ ဖြစ်လျှင် ကောင်းမှာပဲ"**ဟု ကြံစီမှု, **"ဒီအကောင် သေသွားလျှင် ကောင်းမှာပဲ"**ဟု ကြံစီမှု, **"နောက်ဘဝဆိုတာ မရှိနိုင်ပါဘူး"**ဟု တွေးတောမှုများကို ကောင်းတဲ့အကျင့် ခေါ်မလား, မကောင်းတဲ့အကျင့် ခေါ်မလား။

**တပည့်များ။** ။မကောင်းတဲ့ အကျင့်လို့ ခေါ်မယ် ဆရာ။

**ဆရာ။** ။အဲဒီ အကျင့်တွေကို ကိုယ်နဲ့ ပြုရသလား၊ နှုတ်နဲ့လား၊ စိတ်နဲ့လား။

**တပည့်များ။** ။စိတ်နဲ့ ပြုရတယ် ဆရာ၊ [**"ဘာ ဒုစရိုက် ခေါ်မလဲ"**ဟု မေး၊ **"မနောဒုစရိုက် ခေါ်မယ်"**ဟု ဖြေတတ်ပါစေ။]

**ဆရာ။** ။သူများဥစ္စာ တိုးတက်တာတွေ ဝမ်းမြောက်မှု၊ သူများအသက် ရှည်စေချင်မှု၊ **"နောက်ဘဝ ရှိတယ်၊ ပေးကမ်းလှူဒါန်းလျှင် နောက်ဘဝမှာ ဥစ္စာပေါမယ်"** စသော တွေးတောမှုများကို ကောင်းသောအကျင့် ဆိုမလား၊ မကောင်းသောအကျင့် ဆိုမလား။

**တပည့်များ။** ။ကောင်းသောအကျင့် ဆိုမယ်၊ [**"ဘာ သုစရိုက် ခေါ်မလဲ"**ဟု မေး၊ **"မနောသုစရိုက် ခေါ်မယ်"**ဟု ဖြေတတ်ပါစေ။]

**ဆရာ။** ။ကိုယ် နှုတ် စိတ်တို့ဖြင့် မကောင်း ပြုကျင့်မှု **"ဒုစရိုက်"**စုကို သတ္တဝါများအပေါ်၌ မတရား၊ မမျှတသော အကျင့်ဟု ဆိုမလား၊ တရားမျှတသော အကျင့်ဟု ဆိုမလား [ဥပမာ...သူ့အသက် သတ်တာ တရားသလား၊ မတရားဘူးလား။]



**တပည့်များ။** ။**"မတရား မမျှတသောအကျင့်"**ဟု ဆိုမယ်။

**ဆရာ။** ။ကိုယ် နှုတ် စိတ်တို့ဖြင့် ကောင်းကောင်း ပြုမှု **"သုစရိုက်"**စုကို သတ္တဝါများအပေါ်၌ မတရား မမျှတသောအကျင့်ဟု ဆိုမလား၊ တရားမျှတသောအကျင့်ဟု ဆိုမလား၊ [ဥပမာ...သူများကို သတ်လိုတဲ့စိတ် မဖြစ်ဘဲ သနားညှာတာစိတ် ဖြစ်နေတာဟာ တရားသလား၊ မတရားဘူးလား။]

**တပည့်များ။** ။တရားတယ် ဆရာ။

**ဆရာ။** ။အေး၊ မကောင်းသောအကျင့် ဒုစရိုက်စုကို မတရား မမျှတဘူးလို့ မှတ်ထားကြ၊ ကောင်းသော အကျင့် သုစရိုက်စုကိုလဲ တရားမျှတတယ်လို့ မှတ်ထားကြနော်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ။

**ဆရာ။** ။မတရား မမျှတတဲ့ ဒုစရိုက်ကို ပြုတဲ့သူဟာ ပြုပြီးတဲ့နောက် (နောင်တရတဲ့အခါ) သူ့ကိုယ်သူ လူကောင်းတစ်ယောက်လို့ ထင်မလား၊ လူဆိုးတစ်ယောက်လို့ ထင်မလား။

**တပည့်များ။** ။သူ့ကိုယ်ကို လူဆိုးလို့ ထင်မယ်။

**ဆရာ။** ။ကိုယ့်ကိုယ်ကို လူဆိုးလို့ထင်နေတာဟာ မိမိကိုယ်ကို မိမိဘာသာ ကဲ့ရဲ့စွပ်စွဲတာပဲကွဲ့၊ အမြော်အမြင်ရှိတဲ့ လူကြီး လူကောင်းများကကော အဲဒီလူကို ချီးမွမ်းမလား, ကဲ့ရဲ့မလား။

**တပည့်များ။** ။ကဲ့ရဲ့မှာပဲ ဆရာ။

**ဆရာ။** ။ဒီလို ကဲ့ရဲ့ခံရလျှင် သူ့မှာ ကောင်းတဲ့ သတင်း (ကောင်းတဲ့ နာမည်) ကျော်မလား, မကောင်းတဲ့ သတင်း (မကောင်းတဲ့ နာမည်) ကျော်မလား။

**တပည့်များ။** ။မကောင်းသတင်း (မကောင်းတဲ့ နာမည်) ကျော်မှာပဲ ဆရာ။

**ဆရာ။** ။အေး, ဒီလို လောကကြီးထဲမှာ မကောင်းဘူးလို့ ဆိုရတဲ့သူတွေဟာ သေလျှင် ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်ကြရတာဘဲကွယ်ရို့၊ တရားမျှတတဲ့ သုစရိုက်တွေ လုပ်တဲ့သူများမှာတော့ ဒီဘဝမှာ နာမည်ကောင်း သတင်းကောင်းတွေ ကျော်ပြီးတော့ သေတဲ့အခါ နတ်ပြည် လူ့ပြည်မှာ ဖြစ်ကြရတာပဲကွဲ့၊ ကဲ ကဲ, ကလေးများ ဒါလောက် နားလည်ပြီးလျှင် ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို ဆက်ဖတ်ပါဦး ။



## အကုသိုလ်ပယ်ရန် တိုက်တွန်းတရားတော်။

ဘိက္ခုတို့...အကုသိုလ်ကို ပယ်ကြ၊ အကုသိုလ်ကို ပယ်လို့ ဖြစ်နိုင်သည်၊ မဖြစ်နိုင်လျှင် **"အကုသိုလ်ကို ပယ်ကြ"**လို့ တိုက်တွန်းတော်မူမည် မဟုတ်ပါ၊ ပယ်လို့ ဖြစ်နိုင်သောကြောင့် တိုက်တွန်းတော်မူသည်၊ အကုသိုလ်ကို ပယ်လိုက်သည့်အတွက် စီးပွားဆုတ်ယုတ်၍ ဒုက္ခရောက်ကြမည် ဖြစ်လျှင်လည်း **"အကုသိုလ်ပယ်ကြ"**လို့ တိုက်တွန်းတော်မူမည် မဟုတ်ပါ၊ အကုသိုလ်ကို ပယ်သည့် အတွက် စီးပွားချမ်းသာ တိုးတက်ဖွယ်ရာ ရှိသောကြောင့်သာ တိုက်တွန်းတော်မူသည်*။

---

* **"အကုသလံ ဘိက္ခဝေ ပဇဟထ၊ သက္ကာ ဘိက္ခဝေ အကုသလံ ပဇဟိတုံ၊ နော စေ တံ ဘိက္ခဝေ သက္ကာ အဘဝိဿ အကုသလံ ပဇဟိတုံ, နာဟံ ဧဝံ ဝဒေယျံ "အကုသလံ ဘိက္ခဝေ ပဇဟထာ"**တိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ သက္ကာ အကုသလံ ပဇဟိတုံ, တသ္မာဟံ ဧဝံ ဝဒါမိ **"အကုသလံ ဘိက္ခဝေ ပဇဟထာ"**တိ၊ အကုသလံ ဘိက္ခဝေ ပဟီနံ အဟိတာယ ဒုက္ခာယ သံဝတ္တေယျ, နာဟံ ဧဝံ ဝဒေယျံ **"အကုသလံ ဘိက္ခဝေ ပဇဟထာ"**တိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ အကုသလံ ပဟီနံ ဟိတာယ သုခါယ သံဝတ္တတိ၊ တသ္မာဟံ ဧဝံ ဝဒါမိ **"အကုသလံ ဘိက္ခဝေ ပဇဟထာ"**တိ။

## ကုသိုလ်ပွားအောင် တိုက်တွန်းတရားတော်။

ဘိက္ခုတို့...ကုသိုလ်တရားကို တိုးပွားစေကြ၊ ကုသိုလ်တရားကို တိုးပွားအောင် ကြိုးစားလို့ ဖြစ်နိုင်သည်၊ မဖြစ်နိုင်လျှင် ငါဘုရား တိုက်တွန်းတော်မူမည် မဟုတ်ပါ၊ ဖြစ်နိုင်လို့သာ တိုက်တွန်းတော်မူသည်၊ ကုသိုလ်တရားကို တိုးပွားအောင် အားထုတ်သောကြောင့် စီးပွားဆုတ်ယုတ်၍ ဒုက္ခရောက်ကြမည် ဖြစ်လျှင်လည်း တိုက်တွန်းတော်မူမည် မဟုတ်ပါ၊ ကုသိုလ်တရားကို တိုးပွားစေသည့်အတွက် စီးပွားချမ်းသာ တိုးတက်ဖွယ်ရာရှိသောကြောင့်သာ တိုက်တွန်းတော်မူသည်*။

---

* **"ကုသလံ ဘိက္ခဝေ ဘာဝေထ၊ သက္ကာ ဘိက္ခဝေ ကုသလံ ဘာဝေတုံ၊ နော စေ တံ ဘိက္ခဝေ သက္ကာ အဘဝိဿ ကုသလံ ဘာဝေတုံ, နာဟံ ဧဝံ ဝဒေယျံ "ကုသလံ ဘိက္ခဝေ ဘာဝေထာ"**တိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ သက္ကာ ကုသလံ ဘာဝေတုံ, တသ္မာဟံ ဧဝံ ဝဒါမိ **"ကုသလံ ဘိက္ခဝေ ဘာဝေထာ"**တိ၊ ကုသလံ ဘိက္ခဝေ ဘာဝိတံ အဟိတာယ ဒုက္ခာယ သံဝတ္တေယျ, နာဟံ ဧဝံ ဝဒေယျံ **"ကုသလံ ဘိက္ခဝေ ဘာဝေထာ"** တိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ ကုသလံ ဘာဝိတံ ဟိတာယ သုခါယ သံဝတ္တတိ၊ တသ္မာဟံ ဧဝံ ဝဒါမိ **"ကုသလံ ဘိက္ခဝေ ဘာဝေထာ"**တိ။

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, အဓိကရဏဝဂ်, နဝမသုတ်။]



**ဆရာ။** ။**"အကုသိုလ်"**ဆိုတာ ပြုတုန်းမှာလဲ (လိုချင်မှု စိတ်ဆိုးမှုစသော) အပြစ်ရှိ၍, နောင်အကျိုး ပေးတဲ့အခါလဲ ဆင်းရဲဒုက္ခ အကျိုးကိုသာပေးတဲ့ တရားဖြစ်တယ်၊ **"ကုသိုလ်"**ဆိုတာကတော့ ပြုတုန်းမှာလဲ (သနားမှု, ညှာတာမှု မျှတမှုစသော) အကောင်းသဘော ပါဝင်၍, နောင်အကျိုးပေးတဲ့အခါလဲ ချမ်းသာသုခ အကျိုးကိုသာပေးတဲ့ တရားဖြစ်တယ်၊ ထိုအကုသိုလ်တရားဆိုတာ တခြား မဟုတ်ပါဘူး၊ ရှေ့မှာပြခဲ့တဲ့ (သူ့အသက် သတ်မှုစသော) ဒုစရိုက်တွေပါပဲ၊ ကုသိုလ်ဆိုတာလဲ (သူ့အသက်သတ်မှုမှ ရှောင်ခြင်းစသော) သုစရိုက်တွေပါပဲ။

**တပည့်များ။** ။**"အကုသိုလ်ကို ပယ်လို့ ဖြစ်နိုင်တယ်"** ဆိုတာကတော့ ဘယ်လို ပယ်ရမှာတုန်း ဆရာ။

**ဆရာ။** ။သူ့အသက်ကို မသတ်ဘဲ, သူ့ဥစ္စာကို မခိုးမလုဘဲ နေတာဟာ အကုသိုလ်ကို ပယ်တာပဲ၊ ပြီးတော့-ကိုယ့်စိတ်ကို မထိန်းနိုင်လို့ သူ့ဥစ္စာ ခိုးမိလျှင်လဲ **"နောင်ခါ ဘယ်တော့မှ မခိုးတော့ပါဘူး"**ဟု စိတ်ထဲမှာ စွဲစွဲမြဲမြဲဓိဋ္ဌာန်ပြီး နောင်ခါ မခိုးတော့ဘဲ တစ်သက်လုံး ရှောင်လိုက်တာလဲ

အကုသိုလ်ပယ်တာပဲ၊ အဲဒီလို ရှောင်နိုင်တဲ့သူဟာ ပြုမိတဲ့ မကောင်းမှုတောင် မီးခဲကို ပြာဖုံးသွားသလို ဖုံးသွားနိုင်တယ်။

**တပည့်များ။** ။ကုသိုလ် တိုးပွားအောင်တော့ ဘယ်လို ကြိုးစားမလဲ ဆရာ။

**ဆရာ။** ။သတ်စရာတွေ့လျှင် သနားညှာတာပြီး မသတ်ပါဘူးဟု လွှတ်လိုက်တာ, လုစရာတွေ့လျှင် မလုပါဘူး, သူ့မယားကို မကျူးလွန်ပါဘူးလို့ ရှောင်တာတွေဟာ ကုသိုလ်တိုးပွားအောင် ကြိုးစားတာပဲ၊ ရေလှူ ပန်းလှူ ဘုရားရှိခိုးတာတွေလဲ ကုသိုလ်တိုးပွားအောင် ကြိုးစားတာပဲ၊ ကိုင်း,ကလေးများ ဒါလောက် နားလည်ပြီးလျှင် ဗုဒ္ဓတရားတော်ကို ဖတ်ကြပါဦး။

## သူယုတ်မာ သူတော်ကောင်းတို့၏ အခြေခံတရားတော်။

ဘိက္ခုတို့ ...သူယုတ်မာ သူတော်ကောင်းတို့၏ အခြေခံ တရားကို သင်တို့အား ဟောတော်မူမည်၊ **"သူယုတ်မာ၏ အခြေခံတရားဟူသည် အဘယ်နည်း"**ဟု မေးလျှင် (ဆရာ, မိဘစသူတို့က) မိမိအား ပြုဖူးသော ကျေးဇူးကို



မသိတတ်ခြင်း, ထိုကျေးဇူးကို အများသိအောင် အထင်အရှား မပြလိုဘဲ ဖုံးထားခြင်း (ကျေးဇူးဆပ်နိုင်ပါလျက် မဆပ်ခြင်း)များသည် သူယုတ်မာ ဖြစ်ဖို့ရာ အခြေခံ အကြောင်းတရားပင် ဖြစ်သည်။

**"သူတော်ကောင်း၏ အခြေခံတရားဟူသည် အဘယ်နည်း"**ဟု မေးလျှင် (ဆရာမိဘ စသူတို့က) မိမိအား ပြုဖူးသောကျေးဇူးကို သိတတ်ခြင်း, ထိုကျေးဇူးကို အများသိအောင် ထင်ရှားပြခြင်း (ကျေးဇူးဆပ်နိုင်လျှင် ပြန်၍ ဆပ်ခြင်း)များသည် သူတော်ကောင်းဖြစ်ဖို့ရာ အခြေခံ တရားပင် ဖြစ်သည်*။

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, (၄) သမစိတ္တဝဂ်, ပဌမသုတ်။]

---

***အသပ္ပုရိသဘူမိ စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ သပ္ပုရိသဘူမိ စ၊ (ပေ) ကတမာ စ ဘိက္ခဝေ အသပ္ပုရိသဘူမိ–အသပ္ပုရိသော ဘိက္ခဝေ အကတညူ ဟောတိ အကတဝေဒီ၊ (ပေ) သပ္ပုရိသော စ ခေါ ဘိက္ခဝေ ကတညူ ဟောတိ ကတဝေဒီ။**

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, (၄) သမစိတ္တဝဂ်, ပဌမသုတ်။]

**ဆရာ။** ။ဤလောကမှာ ဆရာတို့ ကလေးတို့အတွက် ကျေးဇူးအများဆုံး ပုဂ္ဂိုလ်မြတ်ဟာ ဗုဒ္ဓမြတ်စွာပဲ ကွဲ့၊ ဗုဒ္ဓမြတ်စွာက **"အကုသိုလ် ဒုစရိုက်တွေကို မပြုကြနဲ့, အကုသိုလ် ဒုစရိုက်တွေကို ပယ်လိုက်ကြ၊ အကုသိုလ် ဒုစရိုက်ကို မပယ်နိုင်လို့ ပြုနေကြလျှင် ဆင်းရဲဒုက္ခရောက်ကြလိမ့်မည်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်ကြလိမ့်မည်"**ဟု ဆုံးမတော်မူလို့ ဆရာတို့ရော ကလေးများရော အကုသိုလ် ဒုစရိုက်တွေကို ရှောင်ကြရတယ်၊ ရှောင်ကြရလို့ ဒုက္ခ မဖြစ်တော့ဘူး၊ ငရဲ မကျရတော့ဘူး, တိရစ္ဆာန် ပြိတ္တာ မဖြစ်ကြရတော့ဘူး၊ ဒီလိုသာ ဆုံးမတဲ့ ဘုရားမရှိလျှင် လုပ်ချင်တာတွေ လုပ်ပြီး ဒုက္ခတွေ ဖြစ်ရမယ်။

ဗုဒ္ဓမြတ်စွာက **"ကုသိုလ် သုစရိုက်တွေကို ပြုကြ၊ ကုသိုလ် သုစရိုက်တွေကို ပြုကြမှ ချမ်းသာသုခ ရကြမည်, လူပြန်ဖြစ်ကြမည်, နတ်ဖြစ်ပြီး စည်းစိမ် ခံစားကြရမည်"** ဟု ဆုံးမတော်မူတယ်၊ အဲဒီ ဆုံးမတော်မူတာကို လိုက်နာပြီး ဆရာရော ကလေးများပါ ကောင်းသော ကုသိုလ် သုစရိုက်တွေကို ပြုကြတယ်၊ ဒါ့ကြောင့် ပထမတန်း ကျေးဇူးအများဆုံး ပုဂ္ဂိုလ်မြတ်ဟာ ဗုဒ္ဓမြတ်စွာပင် ဖြစ်တယ်၊



သည့်နောက် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို မှတ်သားတော်မူခဲ့ကြသော သံဃာတော်များ, ကလေးများကို မွေးကျွေးပြီး လိမ္မာအောင် ဆုံးမသောမိဘများ, ကလေးများကို တတ်သိနားလည်အောင် သင်ပြပေးသော ဆရာများလဲ ကျေးဇူးကြီးကြပေတယ်၊ အဲဒီ ကျေးဇူးရှင်များကို ကျေးဇူးရှင်မှန်းသိရတယ်၊ ကျေးဇူးဆပ်နိုင်လျှင် ပြန်ပြီး ကျေးဇူးဆပ်ရမယ်၊ ဒါမှ **"သူတော်ကောင်း=လူကောင်း=လူလိမ္မာ"** ဖြစ်နိုင်တယ်။

**တပည့်များ။** ။**"ကျေးဇူးဆပ်"**ဆိုတာ ဘယ်လိုဟာတုန်း ဆရာ။

**ဆရာ။** ။သူများပေးစရာ ငွေရှိနေတာကို **"ကြွေးတင်တယ်"**လို့ ခေါ်တယ်၊ ပေးစရာငွေကို ပြန်ပြီး ပေးတာကို **"ကြွေးဆပ်တယ်"**လို့ ခေါ်တယ်၊ အဲဒီလိုပဲ **"ဘုရား သံဃာ ဆရာမိဘတို့က မိမိကို လိမ္မာအောင် ဆုံးမပေးတာ, မိဘတို့က ကျွေးမွေး သုတ်သင် ဝတ်ဆင်ပေးတာဟာ ကျေးဇူး"**လို့ ခေါ်တယ်၊ အဲဒီ ကျေးဇူးကျေအောင် မိမိက ပြန်ပြီး ပေးစရာရှိလျှင် ပေးတာ, ဆုံးမတဲ့အတိုင်း နားထောင်ပြီး ကောင်းကောင်း နေတာတွေဟာ ကျေးဇူးကို ပြန်ပြီး ဆပ်တာပဲ။

## မိဘကျေးဇူး တရားတော်။

ဘိက္ခုတို့...မိဘနှစ်ပါးတို့၏ ကျေးဇူးကို အလွယ်နည်းနှင့် ကျေအောင် ဆပ်နိုင်မည်ဟု ငါဘုရား ဟောတော်မမူ၊ ဘိက္ခုတို့...အသက်တစ်ရာ ရှည်သောသား (သမီး) တစ်ယောက်သည် လက်ယာပခုံး တစ်ဖက်ပေါ်မှာ အမိကို ထား၍ လက်ဝဲပခုံး တစ်ဖက်ပေါ်မှာ အဘကို ထားပြီးလျှင် ထိုပခုံးပေါ်မှာပင် နံ့သာတို့ဖြင့် လိမ်းကြံ ပွတ်တိုက်ပေးလို့, ပင်ပန်းပြေအောင် ဆုတ်နယ်ပေးလို့, ရေနွေး ရေအေးတို့ဖြင့် ရေချိုးပေးလို့, အညောင်းပြေအောင် ဆွဲငင်ဆန့်တန်းပေးလို့ လုပ်ကျွေး ပြုစုနေတယ်လို့၊ (ဥပမာ–သဘောအားဖြင့်) ဆိုကြစို့၊ ကျင်ကြီးကျင်ငယ်တောင် ပခုံးပေါ်ကနေ၍ စွန့်တယ် ဆိုကြစို့၊ (တစ်နည်း ပြောပြန်ပြောလျှင်) ဤကမ္ဘာမြေပြင် တစ်ခုလုံးမှာ ရှင်ဘုရင်နှင့် မိဖုရားကြီး ဖြစ်ရအောင် သားက ကြိုးစားပေးတယ် ဆိုကြစို့၊ (သည်လိုများ တတ်နိုင်လျှင် အများအထင်အားဖြင့် မိဘကျေးဇူး ကျေလောက်ပါပြီဟု ထင်စရာ ရှိပါပေသည်၊ သို့သော်) ဘိက္ခုတို့ ...ဤနည်းအားဖြင့် မိဘကျေးဇူးကို ကျေလည်အောင် ဆပ်ရာ မရောက်သေးချေ။

**“အဘယ်ကြောင့် ကျေလည်အောင် ဆပ်ရာ မရောက်သေးသနည်း”**ဟု မေးလျှင် ဘိက္ခုတို့... မိဘတို့သည်



သားသမီးတို့ကို ကြီးပွားအောင် မွေးကျွေးသုတ်သင် ကြပေသည်၊ ဤလောကကို ပြကြပေသည်၊ (မိဘတို့က မကျွေးမွေးလိုဘဲ မွေးခါစကပင် ပစ်လိုက်မည်ဆိုလျှင် ဤလောကကို မြင်ရတော့မည် မဟုတ်၊) ဤသို့ လူတစ်ယောက် အဖြစ်ဖြင့် ကြီးပွား၍ ဤလောကကို တွေ့မြင်နေရသည်မှာ မိဘတို့ကျေးဇူးသာ ဖြစ်သောကြောင့် မိဘတို့ကျေးဇူးကို အလွယ်နည်းဖြင့် ကျေလည်အောင် ဆပ်နိုင်မည်ဟု ငါဘုရား ဟောတော်မမူ*။

---

* ဒွိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ၊ ကတမေသံ ဒွိန္နံ၊ မာတု စ ပိတု စ။

ဧကေန ဘိက္ခဝေ အံသေန မာတရံ ပရိဟရေယျ, ဧကေန အံသေန ပိတရံ ပရိဟရေယျ ဝဿသတာယုကော ဝဿသတံ ဇီဝီ၊ သော စ နေသံ ဥစ္ဆာဒန ပရိမဒ္ဒန နှာပန သမ္ဗာဟနေန၊ တေ စ တတ္ထေဝ မုတ္တကရီသံ စဇေယျုံ၊ နတွေဝ ဘိက္ခဝေ မာတာပိတူနံ ကတံ ဟောတိ ပဋိကတံဝါ။

ဣမိဿာ စ ဘိက္ခဝေ မဟာပထဝိယာ ပဟုတရာယ မာတာပိတရော ဣဿရာဓိပစ္စေ ရဇ္ဇေ ပတိဋ္ဌာပေယျ၊ န တွေဝ ဘိက္ခဝေ မာတာပိတူနံ ကတံ ဟောတိ ပဋိကတံ။

တံ ကိဿ ဟေတု၊ ဗဟုပကာရာ ဘိက္ခဝေ မာတာပိတရော အာပါဒကာ ပေါသကာ ဣမဿ လောကဿ ဒဿေတာရော။

**ဆရာ။** ။ကဲ, မိဘကျေးဇူးကို တော်တော်နဲ့ဆပ်လို့ မကျေနိုင်ဘူးဆိုတာ သိကြပြီး မဟုတ်လား၊ မကျေနိုင်ပေမယ့် တတ်နိုင်သမျှတော့ ဆပ်ကြကွဲ့နော်...ရှေးတုန်းက လူရှုတ်လူနောက်တစ်ယောက် ပြောသလိုတော့ မလုပ်ကြနဲ့၊ ရှေးတုန်းက လူတစ်ယောက်ဟာ**"မိဘကျေးဇူးတွေ ဆပ်လို့ မကျေနိုင်ဘူး"**ဆိုတဲ့ ဒီတရားတော်ကို ကြားတော့ **"မကျေနိုင် အတူတူဖြင့် ဘာမှ မဆပ်တော့ဘူး"**လို့ ပြောသတဲ့ကွဲ့၊ အဲဒီလိုတော့ မလုပ်ကြနဲ့နော်။

**တပည့်များ။** ။(ပြုံး၍) ...ဟုတ်ကဲ့ ဆရာ။

**ဆရာ။** ။မိဘကျေးဇူးနှင့်စပ်ပြီး ဗုဒ္ဓမြတ်စွာ ဟောတော်မူတဲ့ တရားတော် တစ်ရပ်ကိုလဲ ဖတ်ကြဦးကွဲ့။

## ဗြဟ္မာနှင့်ဆရာ အလှူခံပုဂ္ဂိုလ် အမြဲရှိနေသောအိမ်။

ဘိက္ခုတို့...အကြင်အမျိုးသမီးတို့၏ သားသမီးများ အိမ်၌ မိဘတို့သည် ကျွေးမွေးပြုစု ပူဇော်မှုကို ခံကြရကုန်၏၊ ထိုအမျိုးတို့သည် ဗြဟ္မာရှိနေသော အမျိုးများ ဖြစ်ကြ၏၊ ထိုအမျိုးတို့သည် လက်ဦးဆရာရှိနေသော အမျိုးများ ဖြစ်ကြ၏၊ ထိုအမျိုးတို့သည် အလှူခံပုဂ္ဂိုလ် အမြဲ



မိဘကျေးဇူးကို ကျေလည်အောင် ဆပ်နည်းကား ရှိပါသေး၏၊ ထိုနည်းမှာ သဒ္ဓါတရား မရှိသောမိဘများကို သဒ္ဓါတရား ရှိလာအောင်, (နဂိုက ဘုရား တရားနှင့် အရိယာသံဃာကို မယုံလျှင် ယုံလာအောင်, နောက်ဘဝ ရှိကြောင်း အကုသိုလ်ပြုလျှင် ဆင်းရဲဒုက္ခ ရောက်ရမည့်အကြောင်း, ကုသိုလ်ပြုမှ ချမ်းသာသုခ ရမည့်အကြောင်းများကို မယုံလျှင် ယုံလာအောင် (သီလ မရှိလျှင် သီလရှိသူ ဖြစ်လာအောင်, နှမြောစေးကပ်သူဖြစ်လျှင် နေရာတကာ မနှမြောအောင်, ပညာ မရှိလျှင် ပညာရှိလာအောင် ဟောပြော ပေးနိုင်ပါမူ မိဘကျေးဇူးကို ကျေလည်အောင် ဆပ်ရာ ရောက်ပေသည်*။

---

*** ယော စ ခေါ ဘိက္ခဝေ မာတာပိတရော အသဒ္ဓေ သဒ္ဓါသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဒုဿီလေ သီလသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ မစ္ဆရိ စာဂသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဧတ္တာဝတာ ခေါ ဘိက္ခဝေ မာတာပိတူနံ ကတံ ဟောတိ ပဋိကတဉ္စာတိ။**

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, သမစိတ္တဝဂ်, ဒုတိယသုတ်။]

ရှိနေသော အမျိုးများ ဖြစ်ကြသည်*။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသက,ဒေဝဒူတ, ပထမသုတ်။]

**ဆရာ။** ။**"ဗြဟ္မာ"**ဆိုတာ ကလေးများ နားလည်ကြရဲ့လား။

**တပည့်များ။** ။နားမလည်ဘူး ဆရာ။

**ဆရာ။** ။နတ်ပြည်၏ အထက်မှာ **"ဗြဟ္မာ့ပြည်"** ဆိုတာ ရှိတယ်ကွဲ့၊ အဲဒီ ဗြဟ္မာတွေမှာ သူများရဲ့အကျိုးကို လိုလားတဲ့ မေတ္တာစိတ်, သနားတဲ့ ကရုဏာစိတ်, ချမ်းသာတာ မြင်လျှင် ဝမ်းမြောက်တဲ့ မုဒိတာစိတ်, သနားစရာ ဝမ်းမြောက်စရာ တွေ့ပြန်လျှင် ကံအတိုင်း ဖြစ်ကြရတာပဲဟု သဘောထားတတ်သော ဥပေက္ခာစိတ်၊ အဲဒီလေးမျိုးနဲ့

---

***သဗြဟ္မကာနိ ဘိက္ခဝေ တာနိ ကုလာနိ, ယေသံ ပုတ္တာနံ မာတာပိတရော အဇ္ဈာဂါရေ ပူဇိတာ ဟောန္တိ၊ သပုဗ္ဗာစရိယကာနိ ဘိက္ခဝေ တာနိ ကုလာနိ, ယေသံ ပုတ္တာနံ မာတာပိတရော အဇ္ဈာဂါရေ ပူဇိတာ ဟောန္တိ။**

**အာဟုနေယျာနိ ဘိက္ခဝေ တာနိ ကုလာနိ, ယေသံ ပုတ္တာနံ မာတာပိတရော အဇ္ဈာဂါရေ ပူဇိတာ ဟောန္တိ။**

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပဌမပဏ္ဏာသ, ဒေဝဒူတဝဂ်, ပထမသုတ်။]



နေကြတာ များတယ်၊ မိဘများလဲ သားသမီးအပေါ်မှာ ဒီလိုစိတ်လေးမျိုး ထားတတ်လို့ မိဘတွေကို **"ဗြဟ္မာလို့"**ခေါ်တယ်၊ မိဘများ စိတ်လေးမျိုး ထားပုံကို ဆရာ ပြောဦးမယ်။

**မေတ္တာစိတ်။** ။မိခင်ဝမ်းထဲမှာ ကလေးများ နေတုန်းက (မမွေးခင်က) **"ငါ့ကလေးရဲ့ မျက်နှာကို ကိုယ်အင်္ဂါ ပြည့်ပြည့်စုံစုံနဲ့ ဘယ်တော့ မြင်ရပါ့မလဲ"**ဟု တွေ့မြင်ချင်တဲ့ ချစ်မေတ္တာစိတ်တွေ ဖြစ်နေတယ်ကွဲ့။

**ကရုဏာစိတ်။** ။သားကလေး သမီးကလေးက ပက်လက်ကလေး အိပ်နေတုန်း ခြင်တို့ ကြမ်းပိုးတို့က ကိုက်လို့ နှိုးဆာလို့ ငိုသံ ကြားလိုက်ပလားဆိုလျှင် အင်မတန် သနားတဲ့ ကရုဏာစိတ် ဖြစ်ကြရတယ်၊ အဲဒီလို ငိုသံကြားတဲ့အခါ အပြေးလာပြီး ချော့ကြ နို့တိုက်ကြတယ်၊ နို့ရည်ဆိုတာလဲ မေတ္တာကြီးလွန်းလို့ ဖြူဖွေးပြီး ထွက်လာရတဲ့ သွေးတွေပဲကွဲ့၊ ဘယ့်လောက် အမေများဟာ မေတ္တာကရုဏာ ကြီးသလဲဆိုတာ ကလေးများကြီးမှ သာပြီး သိကြမယ်နော်။

**မုဒိတာစိတ်။** ။သားကလေး သမီးကလေးက မတ်တတ်ပြေးလို့ ကစားနေတဲ့အခါ, ကျောင်းတက်ပြီး စာသင်နေတဲ့အခါ, စာမေးပွဲအောင်လာလို့ အတန်းတက်ရတဲ့အခါ,

ဆယ့်ငါးလေးနှစ် အရွယ်ကျလို့ ဝဝဖြိုးဖြိုးနဲ့ အလှတိုးနေတဲ့ အခါ အဲဒီအခါမျိုးမှာ သားသမီးမျက်နှာကို ကြည့်ကြည့်ပြီး သိပ်ဝမ်းသာတဲ့ မုဒိတာစိတ် ဖြစ်ကြတယ်ကွဲ့။

**ဥပေက္ခာစိတ်။** ။သားသမီးများ အိမ်ထောင်ခွဲပြီး သူ့စီးပွားနဲ့သူ နေကြတဲ့အခါ (နေရာတိုင်း ကြောင့်ကြ မများ တော့ဘဲ) လျစ်လျူထားသော ဥပေက္ခာများလဲ ဖြစ်ကြရ တယ်။

**ဗြဟ္မာများ။** ။ဒါ့ကြောင့် ဗြဟ္မာများ စိတ်လေးမျိုး နဲ့ နေကြသလို မိဘများလဲ သားသမီးတို့အပေါ်မှာ စိတ် လေးမျိုး ထားကြသောကြောင့် မိဘတို့ကို ဗြဟ္မာလို့ ခေါ် တော်မူတယ်၊ အဲဒီမိဘများကို အမြဲ ပြုစုထားတဲ့အိမ်ဟာ ဗြဟ္မာရှိသောအိမ်လို့ မိန့်တော်မူတယ်။

**လက်ဦးဆရာ။** ။မိဘများဟာ သားသမီးတို့ကို ငယ်ငယ်ကလေးကစပြီး စကားတတ်အောင် သင်တယ်, ဝတ်တတ် စားတတ်အောင် သင်တယ်, လူထဲသူထဲမှာ အနေအထိုင်တတ်အောင် သင်တယ်၊ တချို့မိဘများမှာ ဘုရားရှိခိုး သင်ပေးသေးတယ်၊ လိမ္မာယဉ်ကျေးအောင် သင်သေးတယ်၊ ဒါ့ကြောင့် လက်ဦးပထမ သင်ပေးတဲ့



ဆရာအစစ်ဟာ မိဘနှစ်ပါးသာ ဖြစ်တယ်၊ ဒါ့ကြောင့် မိဘပြုစုတဲ့အိမ်မှာ လက်ဦးဆရာ အမြဲရှိသောအိမ်လို့ ဗုဒ္ဓက မိန့်တော်မူတယ်၊ အဲဒီ မိဘနှစ်ပါးဟာ သားသမီး များရဲ့ ဆရာသာ မကသေးဘူး၊ မြေးကလေးတွေ ရလာ တော့ မြေးကလေးများကိုလဲ ထိန်းပြီး လိမ္မာအောင် သင်ပြ လို့ မြေးကလေးများရဲ့ ဆရာလဲ ဖြစ်ရှာကြသေးတယ်။

**အလှူခံထိုက်သူ။** ။သားသမီးတို့ အပေါ်မှာ မေတ္တာများများနှင့် သွန်သင်ပြသ ဆုံးမသော မိဘနှစ်ပါးကို ပြုစုသော သားသမီးများကို လူတိုင်းကလဲ ချီးမွမ်းတယ်, နတ်တွေလဲ ကြည်ညိုတယ်, ပြုစုတဲ့ ကုသိုလ်တွေကလဲ စင်စင်ကြယ်ကြယ်နဲ့ နောက်ဘဝမှာ ချမ်းသာအောင် အကျိုးပေးမယ်၊ ဒါ့ကြောင့် မိဘများဟာ သားသမီးတို့ရဲ့ အလှူခံကို ခံထိုက်သော အလှူခံပုဂ္ဂိုလ်မြတ်လဲ ဖြစ်ကြ တယ်၊ အဲဒီ မိဘနှစ်ပါးကို ပြုစုထားတဲ့အိမ်မှာ အလှူခံ ပုဂ္ဂိုလ်ကောင်း အမြဲရှိနေသော အိမ်ပဲဟု မှတ်ထားကြ၊ ကိုင်း, ဆရာကကလေးများကို ပြန်မေးဦးမယ်၊ ဗုဒ္ဓမြတ်စွာ က မိဘနှစ်ပါးကို နာမည်သုံးမျိုး ပေးထားတယ်၊ အဲဒီ နာမည်သုံးမျိုးကို ပြောကြစမ်းပါ။

**တပည့်များ။** ။[မိဘတို့ကို **"ဗြဟ္မာ"**လို့ ခေါ်တယ်၊ **"လက်ဦးဆရာ"**လို့လဲ ခေါ်တယ်၊ **"အလှူခံပုဂ္ဂိုလ်"**လို့လဲ ခေါ်တယ်ဟု ပြောတတ်ပါစေ၊ အောက်ပါ ကဗျာကလေးကိုလဲ ကလေးများ ဆိုချင်စရာဖြစ်အောင် အချိုးကျကျ ရကြပါစေ။]

## ဆောင်ပုဒ်။

အလှူခံ ပုဂ္ဂိုလ်ထူး, လက်ဦးတဲ့ မြတ်ဆရာ, ထက်ကောင်းကင် ဗြဟ္မာမျိုး, တိုးလို့ မှတ်ပါ၊ ထိုသူဟာ ဘယ်မှာနေကြား, တခြား မောင်မရှာနှင့်, နောင်အခါ ပူဇော်ရမယ် မိဘနှစ်ပါး။

## ဟိရီနှင့် ဩတ္တပ္ပအကြောင်း။

**ဆရာ။** ။ကလေးများ ... ဤလောကမှာ မိခင်ဘခင် သားသမီးနှင့် ဆရာတပည့် ဆွေမျိုးစသည်ဖြင့် ခွဲခြား၍ နားလည်တဲ့အပြင် ကိုယ့်စည်းကမ်းနဲ့ကိုယ် နေထိုင်ရပေါင်းသင်း ဆက်ဆံရတဲ့ ထုံးတမ်းစဉ်လာလဲ ရှိသေးတယ်၊ ဥပမာ–သားနဲ့ အမိဆိုလျှင် သားကိုလဲ အမိက လေးစားရတဲ့ နေရာရှိတယ်၊ သားရှေ့မှာ(ကလေး ကလေးပင် ဖြစ်သော်လဲ)စောင့်စည်းရတယ်၊ သားကလဲ အမိကို လေးစားပြီး အမိရှေ့မှာ ကိုးရိုးကားယား မနေရဘူး၊ ကြမ်းကြမ်း



တမ်းတမ်း မပြောရဘူး၊ အဘနှင့်သမီး မောင်နှင့်နှမ, ဦးကြီးဦးလေးစသူနှင့်တူမ, အဒေါ်စသူနှင့်တူ, ဆရာနှင့်တပည့်စသူတွေဟာ အပြန်အလှန် လေးစားကြရမယ်။

**ဥပမာ။** ။တပည့်ရှေ့မှာ ဆရာဖြစ်သူက အထူးဣန္ဒြေရရ (သိက္ခာရှိရှိ) နေရမယ်၊ တပည့်များကို လှောင်လို့ ပြောင်လို့ မနေရဘူး၊ တပည့်များကလဲ ဆရာ့ရှေ့မှာ တခြားနေရာထက် ပိုပြီး ငြိမ်ငြိမ်သက်သက် နေရတယ်၊ အဲဒီလို ကိုယ့်စည်းကမ်းနဲ့ကိုယ် နေဖို့ရန်လဲ စည်းကမ်း သိရုံနဲ့ မပြီးသေးဘူး၊ စိတ်ထဲမှာ ရှက်တတ်တဲ့ ဟိရီ, လန့်တတ်တဲ့ ဩတ္တပ္ပဆိုတဲ့ ကိုယ်ကျင့်တရား နှစ်မျိုးလဲ ရှိဦးမှ နေနိုင်ကြတယ်။

အဲဒီ **"ဟိရီ, ဩတ္တပ္ပ"** ကိုယ်ကျင့်နှစ်မျိုးသာ မရှိလျှင် လူ့လောကကြီးဟာ တိရစ္ဆာန်လောကနဲ့ ဘာမှ ခြားတော့မှာ မဟုတ်ဘူး၊ ယခုခေတ်မှာပင် အဲဒီ ကိုယ်ကျင့်တရားနှစ်ပါး အတော်နည်းသွားလို့ တချို့သော အဘနှင့်သမီး, ဦးကြီးဦးလေးနှင့်တူမ, ဆရာနှင့်တပည့်မ, ကျောင်းသူမကြီးတွေနှင့် ကျောင်းသားကြီးတွေ အနေအထိုင် သန့်သန့်ရှင်းရှင်း မရှိတော့ဘူး၊ ကျောင်းသူ ကျောင်းသားကြီးတွေဟာ တွဲပြီ

(က) ရဲနေကြပြီ၊ ဒီနည်းအတိုင်း သွားလျှင်တော့ **"တိရစ္ဆာန်လောကနှင့် တန်းတူဖို့ရာ မကြာတော့ပါဘူး"**လို့ ထင်စရာ ဖြစ်နေတယ်၊ အနှစ် နှစ်ထောင့်ငါးရာ (၂,၅၀၀) ကျော်လောက်က ဟောတော်မူထားတဲ့ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ဖတ်ကြစမ်းပါကွယ်။

## လူ့လောကကို ထိန်းထားသော တရားတော် နှစ်ပါး။

ဘိက္ခုတို့... ဖြူစင်သန့်ရှင်းသော (ဟိရီ, ဩတ္တပ္ပ) တရားနှစ်ပါးတို့သည် လူ့လောကကို စောင့်ထိန်း၍ ထားကြကုန်သည်၊ ဤတရားတို့က လူ့လောကကို စောင့်ထိန်း၍ မထားလျှင် မိခင်ဟူ၍လည်း မထင်ရှားတော့ရာ၊ အဒေါ်, ကြီးကြီး,ဦးကြီး, ဦးလေးတို့၏ဇနီး, ဆရာကတော်, ဘကြီးဘထွေးစသော လေးစားလောက်သူတို့၏ ဇနီးဟူ၍လည်း မထင်မရှားတော့ရာ၊ တစ်လောကလုံးသည် (အမေနှင့်သား ပေါင်းဖော်ခြင်း စသည်ဖြင့်) စည်းကမ်း ပျက်ပြား၍ ဆိတ်, သိုး,ကြက်,ဝက်, ခွေးများကဲ့သို့ (မကြားကောင်း မနာသာ) ဖြစ်ကုန်တော့ရာ၏၊ ဟိရီ ဩတ္တပ္ပ (အရှက်, အကြောက်) ဟူသော ကိုယ်ကျင့် တရားနှစ်ပါး၏ ထိန်းသိမ်းထားမှုကြောင့်သာ စည်းကမ်း မပျက်ပြားဘဲ သန့်ရှင်းစင်ကြယ်စွာ နေနိုင်ကြပေသည်*။



## ပြစ်မှားမိသော အပြစ်များဖြေပုံ။

**ဆရာ။** ။ဩကာသစသော ကန်တော့ခန်း၌**"ကာယကံ ဝစီကံ မနောကံ သုံးပါးသောကံတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားမိသည်ရှိသော် ပျောက်ပါစေခြင်း အကျိုးငှာ+ကန်တော့ပါ၏"**ဟု ဆိုကြတယ် မဟုတ်လား။

**တပည့်များ။** ။ဆိုကြပါတယ်။

**ဆရာ။** ။[ကာယ=ကိုယ်+ကမ္မ=ကံ (ပြုမှု)၊ ဝစီ=နှုတ်၊မနော=စိတ်၊] ကိုယ်ဖြင့် ပြုရသော(သတ်မှု,ညှဉ်းဆဲမှု,

---

* ဒွေ မေ ဘိက္ခဝေ သက္ကာ ဓမ္မာ လောကံ ပါလေန္တိ၊ ကတမေ ဒွေ၊ ဟိရီစ ဩတ္တပ္ပဉ္စ။

ဣမေ ဒွေ ဘိက္ခဝေ သုက္ကာ ဓမ္မာ လောကံ နပါလေယျုံ, နယိဓ ပညာယေထ မာတာတိဝါ မာတုစ္ဆာတိဝါ မာတုလာနီတိဝါ အာစရိယဘရိယာတိဝါ ဂရူနံ ဒါရာတိဝါ၊ သမ္ဘေဒံ လောကော အဂမိဿ၊ ယထာ အဇေဠကာ ကုက္ကုဋသူကရာ သောဏသိင်္ဂါလာ။

[ဣတိဝုတ်, ခုဒ္ဒကနိပါတ်, ဒုတိယ ဘာဏဝါရ, (၄၂) ဟိရီဩတ္တပ္ပ သုတ် ပါဠိတော်။]

ရိုက်နှက်မှု, ခိုးမှု) အမှုများကို **"ကာယကံ"**လို့ ခေါ်တယ်၊ ရှေ့၌ ပြခဲ့တဲ့ ကာယဒုစရိုက်ဆိုတာနဲ့ အတူတူပဲ။

နှုတ်ဖြင့် ပြောဆိုရသော (လိမ်မှု,ဆဲမှုစသော) အမှုများကို **"ဝစီကံ"**လို့ ခေါ်တယ်၊ ဝစီဒုစရိုက်ဆိုတာနဲ့ အတူတူပဲ။

စိတ်ဖြင့် ကြံရသော (သူ့ဥစ္စာကို မတရားလိုချင်မှု, သူ့ကို သေစေလိုမှုစသော) အမှုများကို **"မနောကံ"**လို့ ခေါ်တယ်၊ မနောဒုစရိုက်ဆိုတာနဲ့ အတူတူပဲ။

[ကလေးများကို ပြန်၍ မေးပါ, ဖြေတတ်ပါစေ။]

**ဆရာ။** ။**"ကံသုံးပါးတွင် တစ်ပါးပါးဖြင့် ပြစ်မှားတယ်"**ဆိုတာ ဘုရား သံဃာ ဆရာမိဘတို့ကို စိတ်ဆင်းရဲအောင် ပြောမိလျှင် ဝစီကံဖြင့် ပြစ်မှားတာပဲ၊ လိမ်ပြောမိလျှင်လဲ ဝစီကံ ဆဲမိလျှင် ပြစ်မှားတာပဲ၊ တရားဟောတဲ့နေရာမှာ ငြိမ်ငြိမ်သက်သက် နားမထောင်ဘဲ စကားပြောနေကြတာလဲ ဝစီကံ ပြစ်မှားတာပဲ၊ စိတ်ထဲက သေအောင်ဆင်းရဲအောင် ကြံစီတာဟာ မနောကံ ပြစ်မှားတာပဲ၊ မရိုသေ မလေးစားလုပ်တာ ဘုရား (စေတီတော် ဆင်းတုအနား)သံဃာတော်အနား ကောင်းကောင်းနေသော ရဟန်းတော်နှင့် ကိုရင်များအနားမှာ ကိုးရိုးကားယား နေတာလဲ ကာယကံ ပြစ်မှားတာပဲ၊ မှားသော (မကောင်းသော) အပြစ်ကို **"ပြစ်+မှား"**လို့ ခေါ်တယ်၊ နားလည်ကြရဲ့လား။



**တပည့်များ။** ။နားလည်ပါတယ်။

**ဆရာ။** ။ဘုရား တရား သံဃာအပေါ်မှာ ဖြစ်စေ, ဆရာမိဘအပေါ်မှာ ဖြစ်စေ, ဦးကြီးဘကြီး အရီးအဒေါ်နှင့် သူတော်ကောင်း တစ်ယောက်ယောက်အပေါ်မှာ ဖြစ်စေ အဲဒီ ကံသုံးပါးတွင် တစ်ပါးပါးကို ပြုမိ ကျူးလွန်မိလျှင် အပြုခံရတဲ့သူထံ တိုက်ရိုက်သွားပြီး **"ပြစ်မှားမိသော အပြစ်ကို သည်းခံပါလို့"**လို့ တောင်းပန် ကန်တော့ရတယ်၊ အမေ့ကို ဆဲမိလျှင် အမေ့ထံသွားပြီး ကန်တော့ရတယ်၊ ပြစ်မှားခံရသူက တခြားအရပ် ရောက်နေလို့ (သေသွားလို့) မရှိလျှင် ဘုရား(စေတီတော် ဆင်းတုတော်) တရားတော်ကို မှန်း၍ ကန်တော့ရတယ်၊ သံဃာ တစ်ပါးပါးထံလဲ ကန်တော့ရတယ်၊ ဒါ့ကြောင့် ဩကာသ ဘုရားရှိခိုးထဲမှာ **"ပြစ်မှားမိသည်ရှိသော် ပျောက်ပါစေခြင်း အကျိုးငှာ+ ရတနာမြတ် သုံးပါးတို့အား ရိုသေလေးမြတ်စွာ လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏"**ဟု ဆိုထားတယ်ကွဲ့။

**တပည့်များ။** ။ဒီလို ကန်တော့တာနဲ့ အပြစ်ပေ ပြေကုန်ရော ပျောက်ကုန်ရောလား ဆရာ။

**ဆရာ။** ။အပြစ်ငယ်ငယ်တွေတော့ ကန်တော့လျှ ပြေတာပဲ၊ ရိုက်နှက်တဲ့အပြစ်, ဘဏ စေတီကို ဖျက်

အပြစ်ကြီးတွေတော့ ကန်တော့ရုံနဲ့ မပြေပါဘူး၊ ဒါပေမယ့် ကန်တော့တဲ့အတွက် အပြစ်တော့ နည်းနည်းပေါ့သွားတယ်၊ ဒါ့ကြောင့် ကိုယ့်အပြစ်ကို အပြစ်မှန်းသိပြီး ကန်တော့လဲ ကန်တော့, နောင်လဲ ဒီအပြစ်မျိုး မဖြစ်အောင် စောင့်စည်းလျှင်**"လူလိမ္မာ=လူပဏ္ဍိတ"**လို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူတယ်၊ ကိုယ့်အပြစ်ကို အပြစ်မှန်း မသိတဲ့သူ, နောင်လဲ အပြစ် မဖြစ်ရအောင် မစောင့်စည်းတဲ့သူတော့ **"လူ့ဗာလ=လူမိုက်"**လို့ မိန့်တော်မူတယ်၊ ဒါ့ကြောင့် ကလေးများ အပြစ် မရှိအောင်လဲ နေကြ, အပြစ်ရှိလျှင်လဲ မြန်မြန်သွား၍ ကန်တော့ကြ, တောင်းပန်ကြနော်။

**တပည့်များ။** ။ဟုတ်ကဲ့ ဆရာ, ကန်တော့လျက်သားနဲ့ မကျေတဲ့သူတော့ ဘယ်လိုဆိုမလဲ ဆရာ။

[မမေးတတ်သော်လည်း မေးတတ်အောင် သင်ပေးပါ။]

**ဆရာ။** ။ကန်တော့ပါလျက် မကျေနိုင်တဲ့သူကိုလဲ **"လူ့ဗာလ"**လို့ မိန့်တော်မူတယ်၊ ကန်တော့လျှင် ကျေတဲ့သူမှ **"လူလိမ္မာ=လူ့ပဏ္ဍိတ"**တဲ့၊ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို ဖတ်ကြစမ်းပါဦး။

### အပြစ်ကို ဝန်မချသူနှင့် မကျေနပ်နိုင်သူ။

(၁) ဘိက္ခုတို့... မိမိမှာ အပြစ်ရှိလျှင် အပြစ်ဟု မရှုနိုင်



(ကန်တော့ တောင်းပန်မှုကို မပြုနိုင်သော)လူမိုက် တစ်မျိုး, အပြစ်ကို (အပြစ်မှန်ပါတယ်)ဟု ပြောဆို တောင်းပန်လျက် (ကန်တော့ ဝန်ချပါလျက် လက်မခံနိုင် မကျေနပ်နိုင်သော) လူမိုက်တစ်မျိုး ဤသို့ လူမိုက်(ဗာလ) နှစ်မျိုးရှိသည်*။

### အပြစ်ကို ဝန်ချသူနှင့် ကျေနပ်သူ။

(၂) ဘိက္ခုတို့...မိမိမှာ အပြစ်ရှိလျှင် အပြစ်ဟု ရှုနိုင် (ကန်တော့ တောင်းပန်နိုင်)သော လူလိမ္မာတစ်မျိုး, အပြစ်ကို (အပြစ် မှန်ပါတယ်)ဟု ပြောဆို တောင်းပန်လာလျှင် ကျေနပ်နိုင်သော လူလိမ္မာတစ်မျိုး ဤသို့ လူလိမ္မာ (ပဏ္ဍိတ) နှစ်မျိုးရှိသည်*။

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, ဗာလဝဂ်, ပထမသုတ်။]

---

***(၁) ဒွေ မေ ဘိက္ခဝေ ဗာလာ၊ ကတမေ ဒွေ ယော စ အစ္စယံ အစ္စယတော န ပဿတိ, ယောစ အစ္စယံ ဒေသေန္တဿ ယထာ ဓမ္မံ န ပဋိဂ္ဂဏှာတိ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ ဗာလာ။**

*** (၂) ဒွေ မေ ဘိက္ခဝေ ပဏ္ဍိတာ၊ ကတမေ ဒွေ ယော စ အစ္စယံ အစ္စယတော ပဿတိ, ယောစ အစ္စယံ ဒေသေန္တဿ ယထာ ဓမ္မံ ပဋိဂ္ဂဏှာတိ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပဏ္ဍိတာ။**

[အင်္ဂုတ္တိုရ်, ဒုကနိပါတ်, ဗာလဝဂ်, ပထမသုတ်။]

# ငါးပါးသီလ ဖတ်စာ။

## ပါဏာတိပါတ အပြစ်နှင့် အကျိုး။

**ဆရာ။** ။ကိုင်း, ပါဏာတိပါတ အကျိုး အပြစ်ကို သိရအောင် **"ပါဏာတိပါတ် သူ့သက်သတ်က"**ဆိုတဲ့ လင်္ကာကို ရွတ်ကြစမ်းကွဲ့။

**တပည့်များ။** ။သံပြိုင် ညီညီရွတ်။

**ဆရာ။** ။အဲဒီ လင်္ကာရဲ့ ဆိုလိုတာတွေ နားလည်အောင် အောက်ပါ ဖတ်စာကို ဖတ်ကြကွဲ့၊ (တစ်ယောက်ကဖတ်, ကလေးများက စာကြည့်ပြီး နားစိုက်နေစေ၊ ဤနည်းအားဖြင့် တစ်လှည့်စီ ဖတ်ပါစေ။)

(၁) ရှေးရှေးဘဝ၌ သူများအသက်ကို သတ်ခဲ့ဖူးသူမှာ ယခုဘဝ၌ မျက်စိ, နား, နှာခေါင်း, လက်ခြေစသော ကိုယ်အင်္ဂါများ ချို့ယွင်းတတ်၏။

သူ့အသက် မသတ်ခဲ့ဖူးသူကား ယခုဘဝ၌ မျက်စိ, နား, နှာခေါင်း လက်ခြေစသော ကိုယ်အင်္ဂါများ မချို့ယွင်းဘဲ ပြည့်ပြည့်စုံစုံ ရှိတတ်ပါသည်။

(၂) သူ့အသက် သတ်ခဲ့ဖူးသူ၏ ရုပ်အဆင်း အသွင်သည် မွဲပြာ ခြောက်သွေ့၍ နေတတ်၏။



သူ့အသက် မသတ်ဖူးသူ၏ ရုပ်အဆင်းအသွင်ကား လှလှ ပပ တင့်တင့်တယ်တယ် ရှိတတ်ပါသည်။

(၃) သူ့အသက် သတ်ခဲ့ဖူးသူမှာ အားအစွမ်းလည်း ချို့ယွင်းတတ်၏။

မသတ်ခဲ့ဖူးသူကား ခွန်အားဗလ ကောင်းတတ်ပါသည်။

(၄) သူ့အသက် သတ်ခဲ့ဖူးသူသည် လျင်မြန် ဖြတ်လပ်ခြင်းလည်း မရှိပါ။

မသတ်ခဲ့ဖူးသူကား လျင်လျင်မြန်မြန် ဖြတ်ဖြတ်လပ်လပ် ရှိတတ်ပါသည်။

(၅) သူ့အသက် သတ်ခဲ့ဖူးသူသည် ယခုဘဝ၌ ဘေးရန်ကို လွန်စွာ ကြောက်တတ်၏။

မသတ်ခဲ့ဖူးသူကား ဘေးရန် ကြုံသော်လည်း မတုန်လှုပ်တတ်ပါ။

(၆) ရှေးရှေးဘဝ၌ သူ့အသက် သတ်ခဲ့ဖူးသူသည် ယခုဘဝ၌ အသတ်ခံရတတ်၏။

သူ့အသက် မသတ်ခဲ့ဖူးသူကား သူများအသတ်ကို မခံရတတ်ပါ။

(၇) သူ့အသက် သတ်ခဲ့ဖူးသူမှာ အနာရောဂါ များတတ်၏။

မသတ်ခဲ့ဖူးသူကား အနာရောဂါ ကင်းရှင်း တတ်ပါသည်။

(၈) သူ့အသက် သတ်ခဲ့ဖူးသူမှာ အခြေအရံလည်း ပျက်စီးတတ်၏။

မသတ်ခဲ့ဖူးသူကား အခြေအရံ မပျက်စီးတတ် ပါ။

(၉) ရှေးရှေးဘဝ၌ သူ့အသက် သတ်ခဲ့ဖူးသူသည် ယခုဘဝ၌ အသက် တိုတတ်၏။

မသတ်ခဲ့ဖူးသူမှာ အသက် ရှည်တတ်ပါသည်။

(၁၀) ဤသို့အားဖြင့် ပါဏာတိပါတဟု ခေါ်ရသော သူ့အသက်သတ်မှုသည် လွန်စွာ အပြစ်များ၍ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်မှုကား လွန်စွာ အကျိုးများပါပေ သည်။



## အဒိန္နာဒါန အပြစ်နှင့်အကျိုး။

**(အဒိန္နာဒါ ခိုးမိပါမူစသော လက်ာကို ညီညီရွတ်စေပြီးမှ အောက်ပါ ဖတ်စာကို ဖတ်ပါစေ။)**

(၁) ရှေးရှေးဘဝ၌ သူ့ဥစ္စာကို ခိုးယူ လုယက်ခဲ့ဖူးသူ သည် ယခုဘဝ၌ ပစ္စည်းဥစ္စာနည်း၍ လူမွဲ လူဆင်းရဲ ဖြစ်ရ တတ်၏။

သူ့ဥစ္စာကို မခိုးယူ မလုယက်ခဲ့ဖူးသူကား ပစ္စည်းဥစ္စာ ပေါများ၍ လူရည်တတ် လူချမ်းသာ ဖြစ်ရ တတ်ပါသည်။

(၂) သူ့ဥစ္စာကို ခိုးယူ လုယက်ခဲ့ဖူးသူသည် အစာ ငတ်တတ်၏။

မခိုးယူ မလုယက်ခဲ့သူကား အစာ ဝဝ စားရ တတ်ပါသည်။

(၃) သူ့ဥစ္စာကို ခိုးယူ လုယက်ခဲ့ဖူးသူမှာ အလိုရှိသော အရာဝတ္ထုကို မရတတ်ပါ။

မခိုးယူ မလုယက်ခဲ့ဖူးသူသာလျှင် အလိုရှိသော အရာဝတ္ထုကို ရတတ်ပါသည်။

(၄) သူ့ဥစ္စာကို ခိုးယူ လုယက်ခဲ့ဖူးသူမှာ မိဘတို့၏

စည်းစိမ်ဥစ္စာကို အမွေခံရသော်လည်း ပျက်စီးတတ်၏။

မခိုးယူ မလုယက်ခဲ့သူကား ရရှိသော စည်းစိမ်ဥစ္စာများ မပျက်စီးတတ်ပါ။

(၅) ဥစ္စာဘောဂ ပျက်စီးရခြင်း၏ အကြောင်းသည် ရေ, မီး, သူခိုး, အမွေခံ သားသမီးဆိုး, အုပ်ချုပ်သော မင်းဆိုးအားဖြင့် ငါးပါးရှိပါသည်၊ ထိုငါးပါးကိုပင် **“ရန်သူမျိုး ငါးပါး”**ဟု ခေါ်လေ့ရှိပါသည်။

(၆) သူ့ဥစ္စာကို ခိုးယူ လုယက်ခဲ့ဖူးသူသည် ထို ရန်သူမျိုး ငါးပါးတွင် တစ်ပါးပါးကြောင့် ဖြစ်စေ, နှစ်ပါး သုံးပါးစသည်ကြောင့် ဖြစ်စေ စည်းစိမ်ဥစ္စာ ပျက်စီးတတ်လေသည်။

မခိုးယူ မလုယက်ခဲ့ဖူးသူကား ထိုရန်သူမျိုး ငါးပါးကြောင့် စည်းစိမ်ဥစ္စာ မပျက်ပြားတတ်ပါ။

(၇) ဤသို့အားဖြင့် **“အဒိန္နာဒါန”**ဟု ခေါ်ရသော သူ့ဥစ္စာခိုးယူ လုယက်မှုသည် လွန်စွာ အပြစ်များ၍ ခိုးယူ လုယက်ခြင်းမှ ရှောင်ကြဉ်မှုကား လွန်စွာ အကျိုးများပါပေသည်။



## ကာမေသုမိစ္ဆာစာရ အပြစ်နှင့်အကျိုး။

(လင်္ကာကို ရှေးဦးစွာ ညီညီရွတ်ပါစေ၊ ထိုနောက် အောက်ပါ ဖတ်စာကို ဖတ်ပါစေ။)

(၁) ရှေးရှေးဘဝ၌ ကာမေသုမိစ္ဆာစာရ အမှုကို ကျူးလွန်ခဲ့ဖူးသူမှာ လူမုန်းများတတ်၏။

ထိုမိစ္ဆာစာရအမှုကို ရှောင်ကြဉ်ခဲ့သူကား လူမုန်း မရှိတတ်ပါ။

(၂) မိစ္ဆာစာရ ကျူးလွန်ခဲ့ဖူးသူမှာ ရန်သူလည်း တိုးပွားတတ်၏။

မကျူးလွန်သူကား ရန်သူ မတိုးပွားဘဲ ရှိသမျှ ရန်သူလည်း တဖြည်းဖြည်း ကင်းစေတတ်ပါသည်။

(၃) မိစ္ဆာစာရ ကျူးလွန်ခဲ့ဖူးသူမှာ လာဘ်လာဘ လည်း ရှားပါး တိတ်ဆိတ်တတ်၏။

မကျူးလွန်ခဲ့ဖူးသူကား လာဘ်လာဘ မတိတ်ဆိတ်ဘဲ ပေါများတတ်ပါသည်။

(၄) မိစ္ဆာစာရ ကျူးလွန်ခဲ့ဖူးသူမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုမှ ကင်းဆိတ်တတ်၏။

မကျူးလွန်ခဲ့ဖူးသူကား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုမှ မကင်းဆိတ်တတ်ပါ။

(၅) မိစ္ဆာစာရ ကျူးလွန်ခဲ့ဖူးသူသည် ကုဏ္ဍီ(မိန်းမ) ဖြစ်ရတတ်၏၊ မိန်းမလဲ မဟုတ်, ယောကျ်ားလဲ မဟုတ်သော **"ပဏ္ဍုက်"**လည်း ဖြစ်ရတတ်၏။

မကျူးလွန်ခဲ့ဖူးသူကား မိန်းမ မဖြစ်ရ–ပဏ္ဍုက်လည်း မဖြစ်ရတတ်ပါ။

(၆) ထိုကျူးလွန်ခဲ့ဖူးသူသည် အမျိုးယုတ် အမျိုးညံ့၌ ဖြစ်ရတတ်၏။

မကျူးလွန်ခဲ့ဖူးသူကား အမျိုးမြတ်၌ ဖြစ်ရတတ်ပါသည်။

(၇) ထိုကျူးလွန်ခဲ့ဖူးသူသည် မျက်စိမျက်နှာ မလှဘဲ မျက်နှာ ပျက်လောက်အောင် အရုက်ကွဲရတတ်၏။

မကျူးလွန်ခဲ့သူကား မျက်စိ မျက်နှာ ပျက်လောက်အောင် အရှက်မကွဲရဘဲ ကြည်လင်လှပ တတ်ပါသည်။

(၈) ထိုမိစ္ဆာစာရအမှုကို ကျူးလွန်ခဲ့ဖူးသူသည် ရုပ်လက္ခဏာနှင့် ကာယိန္ဒြေများ ချို့ယွင်း သေးသိမ်တတ်၏။

မကျူးလွန်ခဲ့သူကား ရုပ်လက္ခဏာနှင့် ကာယိန္ဒြေ မချို့ယွင်းတတ်ပါ။

(၉) မိစ္ဆာစာရအမှုကို ကျူးလွန်ခဲ့ဖူးသူသည် စိုးရိမ်ကြောင့်ကြ အားကြီးတတ်၏။



မကျူးလွန်ခဲ့သူကား စိုးရိမ်ကြောင့်ကြ မရှိတတ်ပါ။

(၁၀) မိစ္ဆာစာရအမှုကို ကျူးလွန်ခဲ့ဖူးသူသည် ချစ်သူနှင့် ကွဲကွာ၍ နေရတတ်၏။

မကျူးလွန်ခဲ့ဖူးသူကား ချစ်သူနှင့် မကွဲမကွာ နေရတတ်ပါသည်။

(၁၁) ဤသို့အားဖြင့် ကာမေသုမိစ္ဆာစာရ အမှုသည် လွန်စွာ အပြစ်များ၍ ထိုအမှုမှ ရှောင်ကြဉ်ခြင်းကား လွန်စွာ အကျိုးများပါပေသည်။

## မုသာဝါဒ အပြစ်နှင့်အကျိုး။

(ရှေးဦးစွာ လက်ာကို ညီညီရွတ်စေပြီးမှ ဖတ်စာကို ဖတ်ပါစေ။)

(၁) ရှေးရှေးဘဝ၌ မုသားစကားကို ပြောဆိုခဲ့ဖူးသူသည် ယခုဘဝ၌ စကားလည်းမပီ သွားလည်းမညီ ဖြစ်တတ်၏။

မုသားပြောခြင်းမှ ရှောင်ကြဉ်သူကား စကားပြောသောအခါ ပီပီသသ ပြောနိုင်တတ်၏၊ သွားလည်း စိန်အစဉ် စီထားသကဲ့သို့ ညီညီညွတ်ညွတ် ရှိတတ်ပါသည်။

(၂) မုသားပြောခဲ့ဖူးသူ၏ ပါးစပ်သည် ပုပ်စော် ညှီစော် နံတတ်၏။

မုသားပြောခြင်းမှ ရှောင်ကြဉ်ခဲ့သူ၏ ပါးစပ်ကား မပုပ် မညှီတတ်ပါ။

(၃) မုသားပြောဆိုခဲ့ဖူးသူ၏ ကိုယ်အရေ အဆင်းသည် ခြောက်ခြောက်ကပ်ကပ် ရှိတတ်၏။

မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့သူ၏ ကိုယ်အရေ အဆင်းကား စိုစိုဖတ်ဖတ် ရှိတတ်ပါသည်။

(၄) မုသားပြောခဲ့ဖူးသူ၏ မျက်နှာတွက်ခြေ နေပုံသည် နောက်တောက်တောက် ပျက်ချော်ချော်နှင့် ချို့ယွင်းဖောက်ပြန်တတ်၏။

မုသားမှ ရှောင်ကြဉ်ခဲ့သူ၏ မျက်နှာတွက်ခြေ နေပုံကား တည်တည်ကြည်ကြည် ရှိတတ်ပါသည်။

(၅) မုသားပြောခဲ့ဖူးသူသည် နေရာတိုင်းမှာ ဩဇာအာဏာ မရှိ၍ မိမိသားသမီးကိုမျှ နိုင်နင်းအောင် ဩဇာ မပေးနိုင်ဘဲ ဖြစ်တတ်၏။

မုသားမှ ရှောင်ကြဉ်ခဲ့သူကား နေရာတိုင်းမှာ ဩဇာအာဏာ ရှိတတ်ပါသည်။



(၆) မုသားပြောခဲ့ဖူးသူ၏ နှုတ်လျှာသည် ကြမ်းတမ်းထော်လော် ရှိတတ်၏။

မုသားမှ ရှောင်ကြဉ်ခဲ့သူ၏ နှုတ်လျှာကား နူးညံ့ပြေပြစ်တတ်ပါသည်။

(၇) မုသားပြောခဲ့ဖူးသူသည် လျှပ်ပေါ်လော်လည်သူဖြစ်၍ ထိုထိုအလုပ်ကိစ္စ၌ မတည်ကြည်တတ်ပါ။

မုသားမှ ရှောင်ကြဉ်သူကား လုပ်ငန်းကိစ္စဟူသမျှ၌ တည်ကြည်ဖြောင့်မတ်ခြင်း ရှိတတ်ပါသည်။

(၈) ဤသို့အားဖြင့် မုသားပြောမှုသည် များစွာသော အပြစ်ကို ဖြစ်စေ၍ မုသားမှ ရှောင်ကြဉ်မှုကား များစွာသော အကျိုးကို ဖြစ်စေပါသည်။

## သုရာမေရယ အပြစ်နှင့်အကျိုး။

(လက်ာကို ရှေးဦးစွာ ရွတ်စေပြီးမှ ဖတ်စာကို ဖတ်ပါစေ။)

(၁) ရှေးရှေးဘဝ၌ သေရည်အရက် သောက်ခဲ့ဖူးသူနှင့် ယခုဘဝ၌ သောက်လေ့ရှိသူသည် ထိုထိုကိစ္စ၌ အခွင့်အရေးကို နားမလည်တတ်ပါ။

သေရည်အရက် သောက်ခြင်းမှ ရှောင်သူကား အစွင့်အရေးကို နားလည် တတ်ပါသည်။

(၂) သေရည်အရက် သောက်သူနှင့် ဘိန်းစားသူများ သည် အလုပ်ကိစ္စ၌ ပျင်လည်းပျင်းတတ်၏၊ မူး၍နေသော အခါ အလုပ်ကိစ္စ၌ မေ့လည်း မေ့တတ်ပါသည်။

ထိုသောက်စားခြင်းမှ ရှောင်ကြဉ်သူကား အလုပ် ကိစ္စ၌ ပျင်းလည်း မပျင်းတတ်၊ မူး၍ မနေသောကြောင့် မေ့လည်း မမေ့တတ်ပါ။

(၃) ရှေးရှေးဘဝ၌ သေရည်အရက် သောက်ခဲ့ဖူးသူ သည် ယခုဘဝ၌ အရူးအနှမ်း ဖြစ်တတ်၏။

သေရည်အရက် သောက်မှုမှ ရှောင်ကြဉ်ခဲ့သူ ကား အရူးအနှမ်း မဖြစ်တတ်ပါ။

(၄) သေရည်သောက်သူသည် သူတစ်ပါး၏ ကျေးဇူး ကို သိလည်း မသိ, ဆပ်လည်း မဆပ်တတ်ပါ။

သေရည်သောက်ခြင်းမှ ကင်းသူကား ကျေးဇူး ကို သိလည်း သိတတ်, ဆပ်လည်း ဆပ်တတ်ပါသည်။

(၅) သေရည်အရက် သောက်မိသောအခါ အရှက် အကြောက်ဟု ခေါ်ရသော ဟိရီနှင့်သြတ္တပ္ပ တရားနှစ်ပါး



ကင်းလွတ်နေသောကြောင့် အဝတ်ကို ချွတ်၍လည်း လမ်းသွားတတ်၏၊ သတ်မှု, ခိုးမှုစသော မကောင်းမှု အားလုံးကိုလည်း မကြောက်မကြင် အလွယ်တကူ ပြုတတ်ပါ သည်။

(၆) သေရည် အရက်မှ ရှောင်ကြဉ်သူကား အရှက် အကြောက် ရှိနေသောကြောင့် အဝတ်ချွတ်၍ လမ်းမသွားဝံ့ ပါ၊ သတ်မှု ခိုးမှုစသော မကောင်းမှုများကိုလည်း ပြုဖို့ ရန် ကြောက်ရွံ့တတ်ပါသည်။

(၇) ဤသို့အားဖြင့် သေရည်အရက် သောက်ခြင်း သည် လွန်စွာ အပြစ်များ၍ ရှောင်ကြဉ်ခြင်းကား များစွာ အကျိုးရှိပါပေသည်။

ငါးပါးသီလ ဖတ်စာ ပြီး၏။

## ဆုတောင်း အစီဗွာယ်။

**ဆရာ။** ။ဆုတောင်း မတတ်လျှင် တစ်ဘဝပြီး တစ်ဘဝ ဆက်နေရလို့ အိုရ နာရ သေရတဲ့ ဒုက္ခတွေချည်း ခံနေရမယ်ကွဲ့၊ ဒါ့ကြောင့် **"လူချမ်းသာ ဖြစ်ရပါလို၏, နတ်ချမ်းသာ ဖြစ်ရပါလို၏"** ဆိုတဲ့ ဆုတောင်းမျိုးဟာ

မကောင်းဘူး၊ **"နိဗ္ဗာန် မြန်မြန်ရပါလို၏"**လို့ ဆုတောင်းခြင်းသာ လမ်းမှန်တယ်၊ **"ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု=တပည့်တော်၏ ဤကောင်းမှုသည် အာသဝေါတို့၏ကုန်ရာ နိဗ္ဗာန်ကို ဆောင်နိုင်ပါစေသတည်း"**ဆိုတဲ့ ဆုတောင်းကို ကုသိုလ်ကောင်းမှုပြုတိုင်း တောင်းကြရတယ်။

**တပည့်များ။** ။ဒီလို ဆုတောင်းလိုက်တော့ နိဗ္ဗာန်ကို မြန်မြန် ရရော့လား ဆရာ။

**ဆရာ။** ။အေး, မေးထိုက်ပေတယ်ကွဲ့၊ ဆုတောင်းရုံနဲ့တော့ မရဘူးကွဲ့၊ ကုသိုလ်ပြုမှ ရတယ်၊ ကလေးများရဲ့ သြကာသ ကန်တော့ခန်း ဆုတောင်းမှာ**"အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ ကင်းလွတ်ငြိမ်းသည်ဖြစ်၍"**လို့ ဆုတောင်းတယ် မဟုတ်လား။

**တပည့်များ။** ။တောင်းပါတယ် ဆရာ။

**ဆရာ။** ။အဲဒီ ဆုတောင်းတဲ့သူဟာ**"သူ့အသက်သတ်, သူ့ဥစ္စာခိုး"**ဆိုတဲ့ မကောင်းတာတွေ လုပ်နေလျှင် အပါယ်လေးပါးက လွတ်မလား၊ အဒိန္နာဒါန အပြစ်ထဲမှာ ရန်သူမျိုးငါးပါး ပါတယ်၊ သူ့ဥစ္စာ ခိုးနေတဲ့သူဟာ**"ရန်သူမျိုးငါးပါးမှ လွတ်ရပါလို၏"**လို့ ဆုတောင်းရုံနဲ့ လွတ်မလား။



**တပည့်များ။** ။လွတ်မှာ မဟုတ်ဘူး ဆရာ။

**ဆရာ။** ။အေး, ဆုတောင်းဆိုတာ ကိုယ်လိုချင်တာကို နှုတ်က ထုတ်ပြောတာပဲ၊ ဆုတောင်းရုံနဲ့တော့ မပြီးဘူး၊ မကောင်းမှု ဒုစရိုက်တွေကို ရှောင်ပြီး ကုသိုလ်ကောင်းမှုတွေ လုပ်နေသူမှသာ ဆုတောင်းအတိုင်း အပါယ်လေးပါးစသည်မှ လွတ်ပြီး နိဗ္ဗာန်ကို မြန်မြန် သိမယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာလဲ နိဗ္ဗာန်ကို မျက်စိနဲ့ မြင်သလောက် သိနိုင် မြင်နိုင်တဲ့ ဉာဏ်တွေပဲကွဲ့။

ကိုင်း ကိုင်း, သြကာသစသော ကန်တော့ခန်းနဲ့စပ်ပြီး ကန်တော့လို့ အပြစ်တချို့ ပြေနိုင်တာလဲ သိကြပြီ၊ အပါယ်လေးပါး ကပ်သုံးပါး, ရန်သူမျိုး ငါးပါလဲ သိကြပြီ၊ **"မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ ရပါလို၏"**ဟု ဆုတောင်းရပုံကိုလဲ သိကြပြီ၊ ကျန်သိစရာတွေကို အထက်တန်းအတွက် ချန်ပြီးတော့ ဤဒုတိယတန်း၌ ကလေးများသိပြီးတွေကို ပေါင်းရုံး၍ နိဂုံးချုပ်ကြစို့။

**(အသံ ခတ်ဆတ်ဆတ်နှင့် ဆရာက တိုင်ပေးပါ။)**

**ဘုရား တရား သံဃာများ၏,**
**ကိုးပါး ခြောက်ပါး ဂုဏ်တော်တွေ၊**
**ငါးပါးပဥ္စသီ ပြစ်အကျိုးကို,**
**သိ၍ တိုးလို့ ရွတ်ပါလေ။**

ကုသိုလ်ပြုလျှင် မမေ့ကောင်းတဲ့,
ဆုတောင်းသမျှ ဣဒံ မေ၊
ဖတ်ဖို့စာတွေ အကုန်ဖတ်လို့,
လူကောင်း စာတတ် ဖြစ်ကြစေ။

## လေ့ကျင့်ခန်း မေးခွန်းများ။

(က) ဘုရားဂုဏ်တော်ပါဠိကို ရွတ်၍ ဂုဏ်တော်ကိုးပါးကို ရေတွက်ပြပါ။

(ခ) တရားဂုဏ်တော်ပါဠိကို ရွတ်၍ ဂုဏ်တော်ခြောက်ပါးကို ရေတွက်ပြပါ။

(ဂ) သံဃာ့ဂုဏ်တော်ပါဠိကို ရွတ်၍ အရိယာသံဃာတော်၏ ဂုဏ်တော်ကိုးပါးကို ရေတွက်ပြပါ။

(ဃ) ဣဒံ မေ ပုညံ ဆုတောင်းပါဠိကို ရွတ်၍ မြန်မာလို ပြောပြပါ။

(င) **"အဟံ ဘန္တေ"**က စပြီး ငါးပါးသီလ ခံယူပြပါ။

(စ) ဘယ်လိုအမြင် (အယူ)ကို သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိဟု ခေါ်သနည်း။



(ဆ) **"နောက်ဘဝ ရှိ၏"**ဟု ယူလျှင် သမ္မာလား, မိစ္ဆာလား။

[**"ကုသိုလ် အကုသိုလ်၏ ကောင်းကျိုး မကောင်းကျိုး ရှိ၏"**ဟု ယူလျှင် စသည်ဖြင့် မေးပါ။]

(ဇ) သမ္မာဒိဋ္ဌိ (အယူမှန်) ရှိသူတိုင်း လူကောင်း ဖြစ်နိုင်မလား၊ အယူမှန်ပါလျက် မတရား မမျှတ ပြုကျင့်နေလျှင် လူကောင်း=သူတော်ကောင်း ဖြစ်နိုင်ပါ့မလား။

(ဈ) ဒုစရိုက်သုံးပါး, သုစရိုက်သုံးပါးကို ရေတွက်ပြပါ။

(ည) ဒုစရိုက် ပြုနေသူမှာ ဒီဘဝ၌ ဘယ်အပြစ် ရတတ်သနည်း။

(ဋ) သုစရိုက် ပြုနေသူမှာ ဒီဘဝ၌ ဘယ်အကျိုး ရတတ်သနည်း။

(ဌ) သူ့ကျေးဇူး မသိတတ်သူ,ဆပ်နိုင်လျက် ကျေးဇူး မဆပ်သူကို သူတော်ကောင်း ခေါ်မလား, သူယုတ်မာ ခေါ်မလား။

[သိတတ်သူ, ဆပ်သူကိုလည်း မေးပါ။]

(ဍ) မိဘကျေးဇူးကို သိသမျှ ပြောစမ်းပါ။

(ဎ) ဆရာမိဘစသူနှင့် ရတနာသုံးပါးကို စော်ကားမိ၍ အပြစ်ရှိမှန်း မသိသူ, သိလျက် ကန်တော့ တောင်းပန်ခြင်း မပြုသူကို ဗာလ ဆိုမလား, ပဏ္ဍိတ ဆိုမလား။

[သိသူ ကန်တော့သူကိုလည်း မေး။]

(ဏ) အပြစ်ကျေဖို့ရန် တောင်းပန်လာသောအခါ မကျေနိုင်သူကို ဗာလဆိုမလား, ပဏ္ဍိတ ဆိုမလား။

[ကျေနိုင်သူကိုလည်း မေး]

(တ) လူသတ္တဝါတွေကို တိရစ္ဆာန်များထက် ကိုယ်ကျင့် ထူးခြားအောင် အဘယ်တရားများက ထိန်းထားသနည်း။

(ထ) ပါဏာတိပါတ၏ အပြစ် အကျိုးပြလက်္ခာကို ရွတ်ပြ၍ အပြစ်ကို ရေတွက်ပါ။

[အဒိန္နာဒါနစသည်၏ အပြစ်အကျိုးကိုလည်း မေးပါ။]

(ဒ) ဒုတိယတန်း၌ အချုပ်မှတ်စရာများကို ပြ၍ ကဗျာကလေးကိုလည်း ဆိုပြပါ။

**ဒုတိယတန်းဖတ်စာပြီး၏။**



## ဗုဒ္ဓဘာသာလက်စွဲ ပထမတွဲအဖွင့်။

[ဒုတိယတန်း ဆရာများသာသိရန် ညွှန်ပြချက်။]

၁။ ။**"ဣတိ+ပိသော+ဘဂဝါ"**ဟု မဖြတ်စေဘဲ **"ဣတိပိ+သော ဘဂဝါ"**ဟု ဖြတ်ပါစေ၊**"သမ္မာ+သမ္ဗုဒ္ဓေါ"** ဟု မဖြတ်စေဘဲ **"သမ္မာသမ္ဗုဒ္ဓေါ"**ဟု တစ်ဆက်တည်း ရွတ်ပါစေ၊ **"ဝိဇ္ဇာ+စရဏ+ သမ္ပန္နော"**ဟု မဖြတ်စေဘဲ **"ဝိဇ္ဇာစရဏသမ္ပန္နော"**ဟု တစ်ဆက်တည်း ရွတ်ပါစေ၊ **"သတ္ထာဒေဝါ+မနုဿာနံ"**ဟု ဖတ်တတ်ကြသည်၊ **"သတ္ထာ+ဒေဝမနုဿာနံ"**ဟု ဖတ်တတ်ပါစေ။

၂။ ။**"သွာက္ခာတော=သွာခါတော"**ဟု ပါဠိနှစ်မျိုး လုံးပင် သဒ္ဒထုံးစံ ရှိပါသည်။

၃။ ။**"သု+ပဋိပန္နော"**စသည်ဖြင့် ရွတ်တတ်ကြစေ၊ **"သုပ္ပဋိပန္နော, ဥဇုပ္ပဋိပန္နော, ဉာယပ္ပဋိပန္နော, သာမိစိပ္ပဋိပန္နော"**ဟု ရွတ်ဖတ်ပါစေ။

၄။ ။ဆုတောင်း၌ **"အာသဝက္ခယံ+ဝဟံဟောတု"** ဟု အဆို မှားတတ်၏၊ အင်္ဂုတ္တရဋ္ဌကထာ, နေတ္တိပါဌ, ၅-ပဏ္ဏာသကဝဂ်, ဒုတိယသုတ်အဖွင့်၌ **"ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု"**ဟု သေသေချာချာ ရှိပါ

သည်၊ ထို **"အာသဝက္ခယာဝဟံ"**ပါဌ်သည် **"ဟိတာဝဟံ, သုခါဝဟံ"**စသော ပါဌ်တို့နှင့်လည်း ထပ်တူဖြစ်ပါသည်။

**၅။** ။ဂုဏ်တော်များ၏ မြန်မာပြန်နှင့်စပ်၍ မှတ်ဖွယ်ကို တတိယတန်းကျမှ ပြောပြသင့်ပါသည်၊ သံဃာ့ဂုဏ်တော်၌ **"အရိယာ"** ဖြစ်ပြီးသော သံဃာတော်များ၏ဂုဏ်တော် ဖြစ်ကြောင်းကို **"ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ, အဋ္ဌပုရိသပုဂ္ဂလာ"**ပါဌ်ဖြင့် သိနိုင်ပါသည်။

**၆။** ။ဒုစရိုက် သုစရိုက်အကြောင်းကို ပြောရာ၌ **"ဒုစရိုက်ဆယ်ပါး သုစရိုက်ဆယ်ပါးကို"** ရေတွက်ခိုင်းနေဖို့ မလိုသေးပါ၊ တတိယတန်း၌ တိုက်ရိုက် ပါလာပါလိမ့်မည်၊ အခြားသော အခန်းများ၌ ညွှန်ပြဖွယ် အထူးရှိမည် မထင်ပါ။

**၇။** ။ပါဏာတိပါတစသည်မှ ရှောင်ခြင်း၏ အကျိုးများကို ခုဒ္ဒကပါဌ သိက္ခာပဒခန်း အဖွင့်အဋ္ဌကထာ၌ များစွာ လာပါသေး၏၊ ကလေးများမှတ်ဖို့ မလွယ်ကူသောကြောင့် ရွေးကရှိပြီး လင်္ကာအတိုင်း လိုက်၍သာ ပြရပါတော့သည်။



**၈။** ။ရန်သူမျိုးငါးပါး ရေတွက်ရာ၌ **"အမွေခံသားသမီးဆိုး"**နေရာဝယ် **"မချစ်မနှစ်သက်သူ"**ကို ထည့်တတ်ကြ၏၊ **"ယာတာ ပောဿိ အာပဒါ အဂ္ဂိတောဝါ ဥဒကတောဝါ ရာဇတောဝါ စောရတောဝါ အပ္ပိယတောဝါ ဒါယာဒတော (မချစ်အပ်သော အမွေခံမှလည်းကောင်း)"** ဟူသော (အင်္ဂုတ္တိုရ်, ပဉ္စကနိပါတ်, ပဌမပဏ္ဏာသက, မုဏ္ဍရာဇဝဂ်, ပထမသုတ်) ပါဠိတော်နှင့် ဆန့်ကျင်နေကြောင်းကို သတိပြုပါ။

ဒုတိယတန်းအတွက် ညွှန်ပြချက် ပြီး၏။